
က စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၁)

မောင်ထင်၊ ဘဂျမ်း၊ ဇဝန၊ သော်တာဆွေ၊
ကျားဘညိမ်း၊ စိုင်းချင်အောင်၊ အီကြာကွေး၊ ကြူမွှေး၊

စိတ်ကူးချိုချိုစာအုပ်တိုက်မှ စီစဉ်သည်



mgyoe.com

mgyoe.com



# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၁)

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်

mgyoe.com

mgyoe.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၁၆၁၂၀၈ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၁၀၂၀၉ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို အောင်ပီကျယ် ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ မတ်လ တွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Humor stories Lydd Process Cyan Process Black

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ စိန်ခြူးကြာညောင် | မောင်ထင် | ၁ |
| ၂။ အချစ်ကြောင့် | ဘဂျမ်း | ၁၇ |
| ၃။ သိုင်းသမကိုမှ ချစ်ချင်သူ | စိုင်းစျင်အောင် | ၇၉ |
| ၄။ ရောင်နီပေါ်ထွန်းလာခဲ့ပြီ | ဇဝန | ၁၂၈ |
| ၅။ သော်တာဆွေနှင့် ကြောင်ပြန်ပေး | ကျားဘညိမ်း | ၁၅၃ |
| ၆။ တရားအဟောကောင်းလွန်းလို့ | ကြူမွေး | ၁၉၂ |
| ၇။ ပြန်ပေး | သော်တာဆွေ | ၂၂၁ |
| ၈။ ဓာတ်ရှူးထရိုက် | အိကြာကွေး | ၂၄၇ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စိန်ခြူးကြာညောင်

ထိုနေ့က နေသည် ခြစ်ခြစ်တောက်ပူသည်။

အညာမှ ပြောင်းရွှေ့လာစ အထူးအာဏာရ မြို့အုပ်မင်း ဦးဖိုးနှံ၏ စိတ်ထဲတွင် "ဘယ့်နှယ်လဲ။ အောက်အရပ်ဒေသလို့ ဆိုပေမဲ့ အညာထက် ပိုပြီးပူပါကလား" ဟု ထင်မိ၏။

ထင်မည်ဆိုလျှင် ထင်လောက်၏။

အောက်အရပ်ဒေသ၌ အညာမှာကဲ့သို့ တောရိပ်တောင်ရိပ်လုံးဝမရှိ။ မည်သည့်အရပ်လေးမျက်နှာကို ကြည့်ကြည့် မြေပြင်သည် သင်ဖြူးခင်းဘိသကဲ့သို့ လယ်ကွင်းများဖြင့် ညီညာစွာပြန့်ပြူးလျက်ရှိသည်။ ခုအချိန်ခါ၌ စပါးရိတ်သိမ်းပြီးသဖြင့် လယ်ကွင်းများထဲမှာ အပူငွေ့တို့သည် ကောင်းကင်သို့ တရိပ်ရိပ်တက်နေကြသည်။ ကောင်းကင်၏ အထက်ဗဟိုခန့်တွင် ထွန်းလင်းတောက်ပနေသော နေမင်းကြီးသည် ပူပြင်းသောမျက်နှာထားနှင့် လယ်ကွင်းများကို စူးစိုက်ကြည့်နေသည်။

ထို့ကြောင့် အောက်ကလည်း ပူ၏။ အထက်ကလည်း ပူ၏။ အိမ်ဦးခန်းပက်လက်ကုလားထိုင်ပေါ်တွင် စံပယ်နေသော မြို့အုပ်မင်းမှာ အထက်ပူ၊ အောက်ပူအကြားတွင် ငါးဖယ်ပျံ၍နေလေ၏။

မြို့အုပ်မင်း ဦးဖိုးနှံ၏ မဖိုင့်တဖိုင့်ကိုယ်ထဲမှ ချွေးသီးချွေးပေါက်တို့သည် မိုးမလုံသော အိမ်ခေါင်မိုးမှကျသော ရေပမာ ယိုစီးလျက်ရှိသည်။ လေငြိမ်တုန်း ချွေးထွက်သည်မှာ နေမထိထိုင်မသာဖြစ်သည်။ ဗလာကျင်းထားသောရင်ဘတ်ပေါ်တွင် မျက်နှာသုတ်ပုဝါတင်၍ မကြာခဏချွေးသုတ်ရသည်မှာ

mgyoe.com

mgyoe.com

များစွာလက်ညောင်းသည်။ အထူးသဖြင့် ဤနေ့ဤရက်တွင် မိမိဘာသာ မိမိ ချွေးသုတ်ရသည်မှာ အတော်ကရိကထများလှသည်။ ခါတိုင်းဆိုလျှင် ကိုယ့်ချွေးကိုယ်သုတ်ဖို့မလို။ တစ်ဖက်က မကြီးကသုတ်ပေးလျှင် တစ်ဖက်က မငယ်က ယပ်ခတ်ပေးသည်။ သူတို့ညီအစ်မနှစ်ယောက် ကုလားထိုင်အပါးတွင် ကျုံ့ကျုံ့ထိုင်၍ပြုစုခြင်းကိုခံရသောအခါ မြို့အုပ်မင်းမှာ ဇိမ်အလွန်တွေ့သည်။

ယခုမှာမူ မင်းကတော် နံပါတ်တစ်နှင့် မင်းကတော်နံပါတ်နှစ် ညီအစ်မနှစ်ယောက် ရန်ဖြစ်ကြ၍ တစ်ယောက်က အိမ်ပေါ်ထပ်အိပ်ခန်းထဲ၌လည်းကောင်း၊ တစ်ယောက်က အိမ်အောက်ထပ် အိပ်ခန်းထဲ၌လည်းကောင်း နှစ်ယောက်သား စိတ်ကောက်၍ အိပ်ခန်းအောင်းနေကြသည်။

မြို့အုပ်မင်း ဦးဖိုးနံ့၏အိမ်သည် အနောက်ဘက် ဆားကျင်းချောင်းကို မျက်နှာမူသည်။ ထိုအိမ်ကို မူလဆောက်သူမှာ မြို့အုပ်မင်း ဦးဖိုးနံ့ ရုံးစိုက်ရာမြို့ရှိ ဗိုလ်တဲဒရဝမ် ပသီမောင်ကလေး၏အိမ်ဖြစ်သည်။ အိမ်ဆောက်စဉ်က မြောက်ဘက်ကို ခေါင်းရင်းထား၍ ဆောက်ခဲ့ရာ မြို့အုပ်မင်းသည် အိမ်ဦးခန်းမှ နေ၍ ကြည့်လိုက်သော် တောင်ဘက်၌ ရွှေးမြစ်ပြင်ကျယ်ကြီးကို တွေ့ရသည်။ ဆားကျင်းချောင်းသည် တွန်လိမ်ကောက်ကွေး၍ ရွှေးမြစ်ထဲသို့ စီးဝင်သည်။ မြို့အုပ်မင်း ဦးဖိုးနံ့သည် အပူဓာတ်လျော့ရန်အလို့ငှာ ရွှေးမြစ်၏ ရေအယဉ်ကို ကသိုဏ်းရှုနေဟန်တူသည်။ သို့သော် ထိုအချိန်၌ ရွှေးမြစ်သည် ရေပြည့်ပြီဖြစ်၍ ငြိမ်နေသည်။ မိုးဥတုတွင် လှိုင်းလေတို့ဖြင့် သောင်းကျန်းတတ်သော ရွှေးမြစ်သည် ခြစ်ခြစ်တောက်ပူသော နေမင်း၏အောက်တည့်တည့်တွင် ပြားပြားဝပ်လျက်ရှိသည်။ သို့သော် တစ်ချီချီတွင် ဇာတိပြလိုသောကြောင့် ရေမျက်နှာထက်၌ ဂယက်ရိုက်၍ကြည့်သည်။ သို့သော် ရွှေးမြစ်၏အဖော်ဖြစ်သူ တောင်လေသည် ဤအချိန်တွင် လာရောက်ကူညီလေ့မရှိချေ။

နေမင်းသည် အပူကိုစုစည်း၍ ရွှေးမြစ်မျက်နှာပြင်ပေါ်ကို သွန်ချသည်။ ထိုအခါ ရွှေးမြစ်သည် ကြာကြာသည်းခံနိုင်ပုံမပေါ်။ သူ့မျက်နှာပေါ် ကျရောက်လာသော ရောင်ခြည်တို့ကို နေရှိရာသို့ ရောင်ပြန်ဟပ်၍ပြန်ပို့သည်။ ဤသို့ နေမင်းနှင့်ရွှေးမြစ်တို့ အပြန်အလှန်အတိုက်အခံပြုနေသောအချိန်တွင်

mgyoe.com

mgyee.com
တန်ဆာခံဖြစ်သော ရေခိုးရေငွေ့တို့သည် ကောင်းကင်ကို ရိပ်ရိပ်တက်လေသည်။

လယ်ကွင်းထဲ၌ ရေခိုးရေငွေ့တို့ ရိပ်ရိပ်တက်သည်။ ချွေးမြစ်ထဲ၌ လည်း ရေခိုးရေငွေ့တို့ ရိပ်ရိပ်တက်သည်။ ချွေးမြစ်ကမ်းပါးတစ်လျှောက်၌ တောတန်းကလေးများသည် ကွက်ကျားကွက်ကျား တန်းစီနေကြသည်။ ယင်းတောတန်းမှာ ခနိတောသော်လည်းကောင်း၊ သမဲ့တောသော်လည်းကောင်း၊ ကနစိုတောသော်လည်းကောင်း၊ ယင်းအပင်အမျိုးမျိုး ရောရောသော်လည်းကောင်းဖြစ်သည်။ ယင်းတောတန်းသည် ချွေးမြစ်မှ တက်လာသော အခိုးအငွေ့တို့၏ နောက်ခံကားနှင့်တူသည်။ ထိုနောက်ခံကားသည် ရိပ်ရိပ်တက်နေသော အခိုးအငွေ့သဘာဝကို လိုက်၍ သူကလည်း ရိပ်ရိပ်တက်မည်ကဲ့သို့ပြုသည်။ သို့သော် တကယ်မတက်နိုင်။ လှုပ်ရှုလှုပ်ရှုနှင့် ယိမ်းကရုံသာကနိုင်သည်။ အလားသဏ္ဍာန်မှာ ချွေခေါင်ခေါင် ကတ္တရာလမ်း အငွေ့ပျံနေသောအခါ အရာဝတ္ထုတို့ ရိပ်ရိပ်ရိပ်ရိပ်နှင့် လှုပ်ရှားနေသည့် အလားသဏ္ဍာန်ဖြစ်သည်။

မြို့အုပ်မင်း ဦးဖိုးနှံက ချွေးမြစ်ကိုကြည့်လျှင် အေးမည်ထင်၏။ သို့သော် လယ်ကွင်းကလည်းပူ၊ ချွေးမြစ်ကလည်း ပူ၊ ပသီမောင်ကလေးအိမ်သွပ်မိုးကလည်း ပူ။ ဤကဲ့သို့ တစ်ပူပေါ်၌ နှစ်ပူသုံးပူဆင့်လာသောအခါ မြို့အုပ်မင်း ပါးစပ်ထဲမှ ဗုဒ္ဓဟူးနံ့ အတိုင်းအထွာတစ်ခု လွတ်ခနဲ ထွက်သွားသည်။ ထို့နောက် တစ်ဆက်တည်း "ပူလိုက်တာ လွန်ပါရော" ဟု ညည်းသည်။ ခါတိုင်းဆိုလျှင် ဤညည်းသံကို ကြားရလျှင်ကြားရချင်း မင်းကတော် နံပါတ်တစ်နှင့် နံပါတ်နှစ်တို့ အပါးသို့လာမြဲ။ ယခု သင်းတို့နှစ်ယောက် အိပ်ခန်းအောင်းနေကြသည်။ မနေ့က သူတို့ရန်ဖြစ်ကြ၍ ယနေ့ နေ့လယ်နေ့ခင်းတွင် ထမင်းချက်၊ စားပွဲထိုး စသည်တို့သည် တော်ရာရှောင်နေကြသည်။ သဟာကြောင့် ကိုယ့်ချွေးကိုယ်သုတ်နေရသည်။ ဆင်းရဲလှလေစွတကား။

စင်စစ် ဆင်းရဲခြင်းမှ လွတ်ကင်းအောင် မယားနှစ်ယောက်ကို ထပ်၍ ယူခဲ့ခြင်းဖြစ်၏။ မယားနှစ်ယောက် ယူရာမှာလည်း ညီအစ်မနှစ်ယောက်ကို ယူခြင်းဖြစ်၏။ ဘုရားစူးစေ့၊ မူလက ဤကဲ့သို့ယူရန် စိတ်မကူးပါ။ မိမိ
mgyee.com

ရန်ကုန်ကောလိပ်တွင် ဘီအေအောင်သောနှစ်က မိဘများက မိမိတို့၏ ဇာတိ ချက်ကြွေအညာမြေမှ ဆွေရိပ်မျိုးရိပ်မကင်းသူတစ်ဦးနှင့် နေရာချထားပေး သည်။ ထိုခေတ်က ဘီအေအောင်လျှင် မြို့အုပ်လောင်းဟု ဆိုကြသည်။ ထို့ကြောင့် သမီးရှင်များက ဘီအေအောင်သူတို့ကို ၎င်းတို့၏သမီးများအား ကိုယ်စားပြု၍ ဝန်းဝိုင်းပိုးပန်းလေ့ရှိသည်။

ထိုသဘာဝကို မြို့အုပ်မင်း၏ ခမည်းတော် ပဲဖြူကလေးပွဲစားကြီးက စိုးရိမ်ထိတ်လန့်သည်။ မိမိ၏သားကို သူတစ်ပါးအသိုက်အဝန်းထဲ မရောက် စေရဟူသော လက်သုံးဝါဒဖြင့် မိခင်ဖခင်တို့က ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ် အောင် သူတို့ကြိုက်သော မိန်းမနှင့် မြို့အုပ်လောင်းကို ပေးစားလိုက်သည်။ မိဘသဘောကို လိုက်လျော၍ ပေးစားသောမိန်းမကို ယူခဲ့ရသော်လည်း သား တော်မောင်မှာ နှစ်နှစ်ကာကာမရှိ။ ဤသို့လျှင် မိန်းမယူပြီး ကလေးတစ် ယောက် မရတရအချိန်၌ မြို့အုပ်ဖြစ်လာလေသည်။

ထိုအခါ တစ်နယ်တစ်ကျေးကို ပြောင်းရန်ကိစ္စ ပေါ်လေ၏။ သို့သော် မြို့အုပ်ကတော်က သူတစ်ပါးမြို့ရွာမှာ မီးမဖွားချင်ဟုဆို၍ နေရင်း၌ခနိုင်၌ နောက်ချန်၍နေခဲ့၏။ တစ်ဖန် အောက်မြို့ကျေးရွာတို့ကို ရွှေ့ရပြောင်းရသော အခါ ထိုကျေးရွာနယ်ပယ်တို့သို့လိုက်ရန် ဝန်လေးသည်ဟု ဆိုပြန်သည်။

ထို့ကြောင့် မြို့နယ်အပြောင်းအရွှေ့ရှိသောအခါ မင်းကတော်ကြီးအား ခရီးစရိတ်ထုတ်၍ ကောင်းရုံမျှဖြစ်ဖြစ် ခေတ္တခဏလိုက်ပါရန် မကြာခဏ တောင်းပန်ခဲ့ရ၏။ ဤသို့ တောင်းပန်လွန်းသောကြောင့် မြို့သစ်နယ်သစ်သို့ ရောက်လျှင် တစ်ခေါက်တော့ သွားဖြစ်အောင်သွားသည်။ သို့ရာတွင် ကလေး တစ်ယောက်မှ နှစ်ယောက်ဖြစ်လာသောအခါ မင်းကတော်ကြီးက ကလေး တစ်ပြုံကြီးနှင့် ခရီးသွားရသည်မှာ ပင်ပန်းသည်ဟုဆိုပြန်သည်။ ထို့နောက်၌ ကား မြို့အုပ်မင်းမှာ အောက်သို့ချည်း စုန်၍နေလေသောကြောင့် မင်းကတော် ကြီး လိုက်ရသောခရီးသည် ဝေးသထက်ဝေးလာလေသော် "တော်ပြောင်းတိုင်း ကျုပ် မလိုက်နိုင်ပေါင်" ဟု ဖော်ထုတ်ပြောဆိုလေသည်။

ဤတွင် မြို့အုပ်မင်း၏ သံယောဇဉ်နှောင်ကြိုးသည် ထောင်းခနဲ ပြတ်လေ သည်။

နှောင်ကြိုးပြတ်နေသော ဦးဖိုးနံ့သည် မြို့အုပ်မင်း ကိုလူပျိုဘဝ၌ အတန်

mgyoe.com

ကြာ ကျင်လည်ခဲ့ရလေသည်။ ဤသို့ကျင်လည်ခဲ့ရာ၌ မြို့အုပ်မင်း ဦးဖိုးနံ့က "မိန်းမ မယူဘဲနေလည်း ပြီးတာပါပဲဗျာ" ဆိုသောအတွေးအခေါ်ကို အခိုင်အမာဆုပ်ကိုင်ထားလိုသော အရိပ်နိမိတ်တို့ကိုပြစပြုလာလေသည်။

သို့ရာတွင် အောက်မြို့ကျေးရွာ၌ အစိုးရ၏အမှုတော်ကို တစ်မြို့ပြီး တစ်မြို့ ပြောင်း၍ ထမ်းဆောင်ခဲ့ရာ လူပျိုကြီး မြို့အုပ်မင်းကို သမက်ဖမ်းလိုသော အသိုက်အဝန်းသည် ပို၍ပင် ကြီးထွားလာလေသည်။ မိမိက လွတ်လွတ်လပ်လပ်နေလိုကြောင်း ထုတ်ဖော်လေလေ၊ မာရ်နတ်၏ သွေးဆောင်မှု ထုထည်လည်း ကြီးမားလေလေ။ ထို့ကြောင့် မြို့အုပ်မင်းသည် အတန်ငယ် မြာပွေလာလေသည်။

မီးရထားလမ်းဘေးရှိ မြို့ကလေးတစ်မြို့သို့ ရောက်သောအခါ စက်ပိုင်ရှင် မုဆိုးဖိုတစ်ဦးနှင့် အသိအကျွမ်းဖြစ်မိသည်။ ထိုအရပ်ဒေသ၌ စက်ပိုင်ရှင် ဟူသော အမည်နာမကို ခံယူလေ့ရှိကြသော်လည်း ထိုသို့ခံယူသော သူတို့၏ စက်မှာ ဂျာမနီလုပ် 'ရှူးလေး' စက်ကလေးမျှသာဖြစ်၍ တစ်နေ့လျှင်ဆန် အိတ်တစ်ရာကို ပြည့်ပြည့်ဝဝ ကြိတ်ခွဲနိုင်သည်မဟုတ်ချေ။ သို့သော် ထိုမျှလောက်သောစက်ကိုပင် စနစ်တကျလည်နိုင်လျှင် စက်ပိုင်ရှင် နဝလီခနှင့်ပင် လူတန်းစေ့နေနိုင်ရာသည်။ သို့သော် စက်ပိုင်ရှင်သည် စက်သူဌေးဟူသော ဂုဏ်ပုဒ်ဖြင့် အပေါင်းအသင်းများ၍ အသောက်အစားနှင့် လောင်းကစား၌ ဝါသနာကြီးသည်။ ထိုဝါသနာကြောင့် ကြွေးထူလာသည်။ ကြွေးထူခြင်း ကြောင့် သူ၏စက်ကို ရန်ကုန်မြို့ တရုတ်တန်းမှ ဆန်ပွဲစား သူဌေးလက်သို့ အပ်ရသည်။

ဤသို့ သူဌေးလက်သို့ စက်အပ်ရခြင်းကို လူသိမှာစိုး၍ မိမိစက်ကို မိမိ၏ မြီရှင်သူဌေးထံမှပြန်၍ငှားရမ်းပြီးလျှင် စက်ကို ဣန္ဒြေမပျက် ဆက်၍ လည်သည်။ သို့သော် ကြွေးထပ်မံတင်၍ စီးပွားပျက်လုနီးနီး ရှိလေသည်။ ဤအချိန်တွင် စက်သူဌေး မြို့အုပ်မင်း ဦးဖိုးနံ့နှင့် အကျွမ်းတဝင်ဖြစ်လာသည်။

စက်သူဌေးက အဖအုပ်၍ကြီးရသော မိမိ၏သမီးနှစ်ယောက်ကို မြို့အုပ်မင်းက နှမလိုစောင့်ရှောက်ပါရန် အပ်နှံသည်။ ဤတွင် မြို့အုပ်မင်း ဦးဖိုးနံ့သည် စက်သူဌေးသမီးအကြီး မကြီးနှင့် အကျွမ်းတဝင်ဖြစ်သည့် ဟိုဘက် နှစ်ဘူတာ သုံးဘူတာလွန်သွားသည်။ ထိုအခါ စက်သူဌေးက မြို့အုပ်မင်းကို

mgyoe.com

mgyoe.com

အကျပ်ကိုင်သည်။ မြို့အုပ်မင်းကလည်း မြှာမှုကြောင့် အလုပ်ပြုတ်ရမည့် အန္တရာယ်ကို မြင်သောအခါ ဖြစ်လိုရာဖြစ်စေဟုဆို၍ မကြီးကို သိမ်းပိုက်သည်။ ဘုရားစူးစေ့၊ မိမိ မူလကယူတုန်းက မကြီးတစ်ယောက်တည်းပါပဲ။ သို့သော် မကြီးညီမ မငယ်က သူ့အစ်မနှင့်ခွဲ၍ မနေနိုင်ပါဆိုသောကြောင့် ယောက္ခမ စက်သူဌေးမြို့မှတစ်ဆင့် ရထားလမ်းမရှိသော မြစ်ဝကျွန်းပေါ်ဒေသသို့ ပြောင်းရွှေ့ရသောအခါ ခယ်မကို သယ်ဆောင်လာရလေသည်။

ယောက္ခမကြီးနှင့် ဝေးလေသောအခါ ခယ်မနှင့် ပို၍နီးစပ်လာပြီးလျှင် နောက်ဆုံး ဖူးစာနတ်ကြီး ပွေလီလာသောကြောင့် ခယ်မကိုပါ သိမ်းပိုက်လိုက်ရလေသည်။ မြို့အုပ်မင်း ဦးဖိုးနံ့က သူ ဤသို့ဖြစ်ရသည့်အတွက် သူ့ကိုယ်သူ အများကြီးသနားမိသည်ဟု ဖွင့်ဆိုဝန်ခံလေ့ရှိသည်။ သို့သော် သူ့ခများမှာ နယ်ပြောင်းတိုင်းပြောင်းတိုင်း မင်းကတော်နံပါတ်တစ်အတွက် အိပ်ခန်းတစ်ခု၊ မင်းကတော် နံပါတ်နှစ်အတွက် အိပ်ခန်းတစ်ခု။ ဤကဲ့သို့ အိပ်ခန်းနှစ်ခုပါသောအိမ်ကို ရှာရသည်ကလွဲ၍ အခြားဘာမှမတတ်နိုင်။ ယခု ပသီမောင်ကလေး၏အိမ်ကို ငှားသောအခါ ကြမ်းတစ်ပြေးတည်း၌ အိပ်ခန်းနှစ်ခုထား၍ မရသောကြောင့် အပေါ်ထပ်အိပ်ခန်းတွင် မင်းကတော် မကြီးကိုသိပ်၍ အောက်ထပ်အိပ်ခန်းတွင် မင်းကတော် မငယ်ကိုသိပ်သည်။

မြို့အုပ်မင်းသည် ပေါက်စဘဝက မိမိ၏အမည်နောက်တွင် မြို့နယ်ရာဇဝတ်တရားသူကြီး (၃) ဟု နံပါတ်တပ်သည်။ နောင်သောအခါ နံပါတ် (၂) ဖြစ်လာသည်။ မြို့အုပ်သမ္မာရင့်လာချိန်တွင် သူ၏နံပါတ်မှာ (၁) ဖြစ်သည်။ အဓိပ္ပာယ်မှာ တတိယတန်းအာဏာမှ ပထမတန်းအာဏာသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခြင်းပင်တည်း။ ဤအချိန်တွင် ဦးဖိုးနံ့ဟု နာမည်ကြီးလာသည်။

စင်စစ် သူ့အမေအဖေက မှည့်ထားသောအမည်မှာ ဦးဘိုးတန် ဖြစ်သည်။ သားကလေးတစ်ယောက် ထွန်းထွန်းပေါက်ပေါက်မို့ အဖိုးတန်ကြောင်း သိကြပါစေရန် သူ့ကို မောင်ဘိုးတန်ဟု မှည့်ခေါ်ခဲ့ကြသည်။ သို့သော် ဝေါဟာရတွင် ဗျည်းတို့သည် အလွန်ဗလောင်းဗလဲလုပ်တတ်သည်။ ဗျည်းတို့တွင် အဦးဖြစ်သော ကကြီးကအစ ဖောက်လွဲဖောက်ပြန်လုပ်သည်။ ထို့ကြောင့် ကကြီးကလည်း ခခွေးဖြစ်လိုဖြစ်၊ ခခွေးကလည်း ဂငယ်ဖြစ်လိုဖြစ်နှင့်မို့

mgyoe.com

မည်သည့် ခေတ်ရောက်ရောက် ယင်းတို့ကြောင့် ပညာရှိအချင်းချင်း မကြာခဏ သတ်ပုတ်ကြသည်။

ယခုလည်း ဘကုန်းကို ဖောက်ပြန်၍ ဖဦးထုပ်ဖြစ်လာလေသောအခါ တဝမ်းပူကလည်း သူပါ လော်လီမည်ဟု ကြံပြီးလျှင် ဒွေးဟန်ဆောင်လေသည်။ ဤတွင် ဦးဘိုးတန်သည် နေရင်းထိုင်ရင်းနှင့် ဦးဖိုးဒန် ဖြစ်လာလေသည်။ ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးဘဝ၌ ဦးဖိုးဒန်သည် ပုလိပ်ကတင်သော အမှုမှန်သမျှတို့၌ တရားခံတို့ကို မလွတ်တမ်း ထောင်ချသောဟူ၏။ ထိုအခါ သူ့ရုံးသို့ရောက်လာသော တရားခံတို့ပါးစပ်မှ 'နံ့ပဟ' ဟု အော်မြည်ကြကုန်၏။ ဤသည်ကိုအစွဲပြု၍ ဒေါနဆီဘဝမှ ရေနံဆီဘဝသို့ ကြောင်းမတန် ဖောက်ပြန်ရဘိသကဲ့သို့ ဦးဖိုးဒန်တည်းဟူသော အမည်နာမလည်း ဦးဖိုးနံ့ဟူသော အမည်နာမသို့ တစ်ဆင့်ဖောက်ပြန်လာလေသည်။

သို့သော် ဦးဖိုးနံ့တည်းဟူသော အမည်သညာကို မြို့အုပ်မင်းရှေ့မှာ မည်သူကမျှ ယောင်၍မှမဝံ့ကြချေ။ အဘယ့်ကြောင့်ဆိုသော် ယခုအခါ မြို့အုပ်မင်းသည် မင်းကတော်နှစ်ယောက်ကို ဘယ်ညာထား၍ အထူးရာဇဝတ်တရားသူကြီးအာဏာကို ရလာပြီဖြစ်သောကြောင့်တည်း။

အာဏာတိုးသည့်အလျောက် မြို့အုပ်မင်း ဦးဖိုးနံ့၌ အပေါင်းအသင်းလည်း တိုးလာလေသည်။ အပေါင်းအသင်း အဆက်အသွယ်များသည်နှင့် အိမ်သို့ လူဝင်လူထွက်လည်းများလာသည်။ လူဝင်လူထွက် များလာသောအခါ အပြင်စကား အတွင်းရောက်၊ အတွင်းစကား အပြင်ရောက်နှင့် ကူလီကူမာဖြစ်လာသည်။ တစ်မိုးအောက်တွင် မင်းကတော်နှစ်ယောက်-ဖြစ်နေခြင်းကြောင့် မင်းကတော်တစ်ထံသို့ ရောက်ရမည့်စကားသည် မင်းကတော်နှစ်၏ နားထဲသို့ ဝင်လေသည်။ မင်းကတော်နှစ်၏ နားထဲသို့ သွင်းလိုက်သောစကားသည် မင်းကတော်တစ်ထံသို့ ရောက်သွားလေသည်။ ဤသဘာဝတို့ ဖြစ်ပေါ်လာသောအခါ မင်းကတော်ညီအစ်မနှစ်ယောက်သည် မကြာခဏ သတ်ကြပုတ်ကြသောဟူ၏။

ပူပြင်းသောနေမင်းသည် မြေကိုလည်းကောင်း၊ ရေကိုလည်းကောင်း အပူတိုက်၍ အားရဟန်မတူ။ ထို့ကြောင့် လေကိုပါ အပူကြွအောင် လုပ်သည်။

mgyoe.com


ထိုအခါ လေပူကြီးသည် ရွှေးမြစ်ဝမှနေ၍ ဆားကျင်းချောင်းဆီသို့ မတိုက်ချင် တိုက်ချင်နှင့် တိုက်လေသည်။ အမှန်စင်စစ် လေမတိုက်ချင်၍ မတိုက်ဘဲနေလျှင် မည်သည့်ပြဿနာမှ ပေါ်စရာမရှိ။ သို့သော် မတိုက်ချင်ဘဲ တိုက်သောလေသည် ပက်လက်ကုလားထိုင်ပေါ်၌ ချွေးသုတ်နေသော မြို့အုပ်မင်း ဦးဖိုးနှံကို ဝင်၍ရန်စသည်။ ပူလွန်းအိုက်လွန်းလှသည့်အထဲ လေပူကြီးက မီးငွေ့ဟပ်သကဲ့သို့ ပါကလား။ မြို့အုပ်မင်း ဦးဖိုးနှံသည် ရာဇမာန်ရှတော်မူသည်။

ဤအတွင်း ရွှေးမြစ်ထဲမှ အသံသဲ့သဲ့ကြားရသည်။ လေပူက တစ်ချက် တစ်ချက်မှသာ ဝှေ့သောကြောင့် ထိုအသံကို ဘာသံပဲဟုမပြောနိုင်။ သို့သော် မြစ်လယ်ကောင်တွင် တက်ဖွေးဖွေးတစ်လက်ကို ရေးဦးစွာမြင်နိုင်ပေသည်။ တက်ဖွေးဖွေးဟုဆိုခြင်းကြောင့် လှေဖြစ်ရမည်ဟု မြို့အုပ်မင်း ဦးဖိုးနှံက ယူဆသည်။ သို့သော် အတန်ငယ်မြင်သာသော နေရာသို့ရောက်သောအခါ ထိုလှေဆိုသည်မှာ ဦးပဲ့မရှိပါတကားဟု မြို့အုပ်မင်း ဆင်ခြင်မိသည်။ မြို့အုပ်မင်းက တောက်တစ်ချက်ခေါက်ပြီးလျှင် "သည်အရပ်မှာ ဘောက်တူတဲ့ဗျား၊ ထီးမဆန် နန်းမဆန် ဘာစကားလဲ" ဟု ညည်းညူလိုက်သည်။ လေပူကအကြွ၊ မြင်ကွင်းကမလှ၊ ဝေါဟာရကလည်း နေရာမကျ၊ ဒေါသဖြစ်စရာချည်းပါကလား။

ဤသို့ ဒေါသမီး စ၍ငြိဆဲတွင် ရွှေးမြစ်ထဲ၌ ဘောက်တူကို လှော်ခတ်လာသော ကျေးတောသားထဲမှ သုံးလေးငါး မတြာမက ရှည်လျားသောအသံတစ်သံသည် မြို့အုပ်မင်း ဦးဖိုးနှံ၏ နားထဲသို့ ဒိုးယိုပေါက် ဝင်သွားလေ၏။

အောင်မယ်၊ နေပူကြီးထဲ သီချင်းဆိုနိုင်ရန်ကော။ အေးလေ၊ မိမိကိုယ်တိုင်ကလည်း ယခုလို အပူဓာတ်ကြီးကို ခံစားမိသောအခါ စိတ်ထဲက ပူတယ်လေ၊ဆယ်နေကဲဟု ရွတ်မိသည်မဟုတ်လော။ သူ့ခမျာ အပူဖွဲ့ကို လေရှည်ဆွဲ၍ ဆိုနေဟန်တူသည်။ လောကကြီးထဲမှာ လူရယ်လို့ဖြစ်လာရတာ မယားနှစ်ယောက်အပူက နေနှစ်စင်းအပူလိုပါပဲကလား။

မင်းကတော်နှစ်ဦးသည် မနေ့က နံနက်ပိုင်းမှာ ရွှင်ရွှင်ပျပျရှိကြသည်။ ထိုနေ့က မြို့အုပ်မင်းသည် စနေနေ့မို့ မွန်းတိမ်းသည်နှင့်တစ်ပြိုင်နက် ရုံးဆင်းသည်။ ရုံးဆင်း၍ အိမ်သို့ရောက်သောအခါ၌ မကြီးက အိမ်ပေါ်ထပ်တွင် အခန်းအောင်းနေသည်။ မငယ်က အိမ်အောက်ထပ်တွင် အခန်းအောင်းနေ

mgyoe.com

သည်။ သူတို့နှစ်ဦး မည်သူမျှ ထွက်၍မကြိုကြချေ။ သူတို့ ညီအစ်မနှစ်ယောက် မီးဖိုဆောင်ထဲမှာ ချက်ပြုတ်ဖို့စီမံခန့်ခွဲရင်းနှင့် ကတောက်ကဆဖြစ်သောအခါ ဤသို့ပင် အခန်းအောင်းလေ့ရှိသည်။ ထို့ကြောင့် မြို့အုပ်မင်းက ဤကိစ္စ ဘာမျှအရေးမကြီးဟု အောက်မေ့သည်။

ထို့ကြောင့် အိမ်ဦးခန်း ပက်လက်ကုလားထိုင်ပေါ်၌ ခဏအပန်းဖြေသည်။ တစ်အောင့်လောက်ကြာသောအခါ လည်ရာမှပြန်လာသော ထမင်းချက် မဒရာဆီ ကုလားဆာမိသည် မြို့အုပ်မင်းအပါးသို့ ကျိုးကန်းတောင်းမှောက် မျက်နှာထားနှင့် ချဉ်းကပ်လာသည်။

မြို့အုပ်မင်းက ရော၊ သည်တစ်ခါ အကြောင်းထူးပြီဟု ယူဆလိုက်သည်။ ထို့ကြောင့် ဆာမိကို မေးမည်ဟု ဟန်ပြင်ရုံရှိသေး ဆာမိက အဖြစ်အပျက်တို့ကို အိတ်သွန်ဖာမှောက် အစီရင်ခံလေသည်။

"တခင် ရုံးသွားဒယ်နော်။ တော်ဒေါ်ကြာဒေါ် ပန်းတိမ်ဆရာလာဒယ်နော်။ ဗရားမမ္မဆပ်ကို အထုပ်တစ်ခုပွေးဒယ်နော်။ ချွတ်တားမမ္မဆပ်က တူ့ဥစ္စာလို့ ပြောတယ်နော်။ ရန်ပစ်ကြတာပဲဖယာ့'

ဟု အစချီ၍ အကြောင်းမျိုးစုံကို လျှောက်ထားလေသည်။

ထိုအခါ မြို့အုပ်မင်း ဦးဖိုးနုံက

"သောက်ကျိုးနည်း လွဲကုန်ပြီ"

ဟု စိတ်တွင်ရေရွတ်ကာ ဗရားမမ္မဆပ် သခင်မကြီးနှင့် ချွတ်တားမမ္မဆပ် သခင်မလေး နှစ်ပါးကို မရမကခေါ်၍ ရှင်းပြသည်။

ဖြစ်ပုံကား ဤသို့။ မင်းကတော်နှစ်ဖြစ်သူ မငယ်က မင်းကတော်တစ်ဖြစ်သူ သူ့အစ်မကြီးပန်သော စိန်တစ်လုံးနားကပ်မျိုး လိုချင်သည်ဟု ပူဆာသည်။ သူ့အကြောင်းပြချက်မှာ သူပန်နေသောနားကပ်မှာ စိန်ခြယ်နားကပ်မျှသာ ဖြစ်သည်။ မကြီးနှင့် တန်းတူဖြစ်အောင် စိန်တစ်လုံးနားကပ် လိုချင်သည်ဟု အကြောင်းပြသည်။ ထိုအခါ မြို့အုပ်မင်းက မငယ်လိုချင်တာကို ဝယ်ရလျှင် မကြီးအတွက် စိန်ခြယ်နားကပ်တစ်ရံ နောက်ထပ်လုပ်ပေးရလိမ့်မည်ဟု ဆိုသည်။ မငယ်က မကြီးဖို့လုပ်ပေးလိုက်ပါဟု တိုက်တွန်းသည်။ ထို့ကြောင့် ပန်းတိမ်ဆရာထံ စိန်တစ်လုံးနှင့် စိန်ခြယ်နားကပ်နှစ်ရံအပ်သည်။ ပန်းတိမ်ဆရာက မျက်နှာလုပ်ချင်လွန်း၍ စိန်တစ်လုံးနားကပ်ပြီးလျှင်ပြီးချင်း မြို့အုပ်

mgyoe.com

မင်းအိမ်သို့ ယူလာပြီးလျှင် အဆစ်အမြစ် ဘာမျှမသိဘဲနှင့် မင်းကတော်တစ်ထံ ပေးအပ်သည်။

ထိုအခါ မင်းကတော်နှစ်က စိန်တစ်လုံးနားကပ်ဆိုလျှင် သူမှာထားတာပဲဟုပြောသည်။ ထိုအခါ မင်းကတော်တစ်က စိတ်ဆိုးမာန်ဆိုးနှင့် စိန်တစ်လုံးနားကပ်ဖြင့် မင်းကတော်နှစ်ကို ပေါက်သည်။ ဤတွင် ညီအစ်မနှစ်ယောက်ဆွဲလားငင်လားနှင့် သတ်ကြပုတ်ကြသည်။ ဆာမိက ဝင်ဖျန်သည်။ စားပွဲထိုး ငပိန်က "မမတို့ လွန်မယ်"ဟု ဝင်ပြောသည်။ ထို့နောက် မင်းကတော်နှစ်ဦး တော်တော်မောသွားသည်နှင့် ကိုယ့်အခန်းထဲကိုယ်ဝင်၍ အောင်းကြသည်။

မြို့အုပ်မင်း ဦးဖိုးနှံက မနေ့ကဖြစ်ပုံကို ဤသို့စားမြို့ပြန်နေဆဲတွင် ရွှေးမြစ်ထဲမှ ဘောက်တူသည် ဆားကျင်းချောင်းဆီသို့ တူရူလာနေသည်။ ဘောက်တူကို လှော်ခတ်လာသော ကျေးတောသားက နောက်ထပ် တေးတစ်ပုဒ်ကို ဆွဲဆွဲငင်ငင်ဆိုနေဟန်တူသည်။ သို့သော် ထိုတေးသံမှာ ဆားကျင်းချောင်းဝသို့မရောက်မီ မြစ်ထဲသို့ ပြန်၍လွင့်သွားဟန်တူသည်။ ထို့ကြောင့် မြို့အုပ်မင်းနားထဲ၌ ထိုအသံကို မသဲကွဲချေ။ သို့သော် တစ်ချီတစ်ချီ၌ ထိုအသံသည် မယားနှစ်ယောက်ယူမိသော မိမိ၏ဒုက္ခကို စောင်းမြောင်းရေရွတ်သည်ဟု ထင်မိ၏။

ထို့နောက် မြို့အုပ်မင်း ဦးဖိုးနှံက မနေ့ကအကြောင်း ဆက်၍စဉ်းစားပြန်သည်။ မိမိက ဇနီးသည်နှစ်ဦးအား ညီတူမျှတူ မြတ်နိုးပါကြောင်း၊ ထို့ကြောင့် မငယ်အတွက် စိန်တစ်လုံးနားကပ်ကို မှာစဉ်ကပင် မကြီးအတွက် စိန်ခြယ်နားကပ်ကို မှာလိုက်ပြီဖြစ်ပါကြောင်း၊ စိန်ခြယ်နားကပ် မပြီးသေးမီ စိန်တစ်လုံးနားကပ် လာပို့ခြင်းဖြစ်ဟန်တူကြောင်း၊ ညီအစ်မနှစ်ယောက် သင့်သင့်တင့်တင့်နေကြပါမည့်အကြောင်း ဖျောင်းဖျပြောဆိုသည်။

ဤတွင် မင်းကတော်တစ်က

"တစ်ဆိတ်ရှိ မထွေးလေးဖို့ချည်းပဲ။ ကျွန်မက အကြီးပဲ၊ အကြီးကို တိုင် တိုင်ပင်ပင်မလုပ်တော့ နည်းလမ်းမကျဘူး"

ဟု စောဒကတက်သည်။

ထိုအခါ မင်းကတော်နှစ်က

"အကြီးမှန်းသိအောင် မကျွပ်တိုင်တက်ပြဖို့ မလိုပါဘူး"

mgyoe.com

ဟု ဆတ်ဆတ်ကြဲပြောသည်။

ယခုမှ ကောင်းကောင်းကြီးဒုက္ခရောက်သည်။ ဤသို့ အပြန်အလှန် တစ်ယောက်တစ်ခွန်းစီ ပြောဆိုပြီးသည့်အခြားမဲ့၌ ညီအစ်မနှစ်ယောက် ဒုတိယမွှိ ဖက်သတ်ကြသည်။ မြို့အုပ်မင်း ဦးဖိုးနံ့က ရုတ်တရက် မငယ်ကို အရင်ဆွဲမိသည်။ ထိုအခါ မကြီးက သူ့အငယ်အနှောင်းကိုထိတော့ မခံချင် ဘူးလားဟုဆိုပြီး မြို့အုပ်မင်း၏ခါးပုံစကို ဆွဲသည်။ ထမင်းချက် ဆာမိက ပုဆိုးမကျွတ်ရအောင် သူ့ဇရားဆပ်ခါးကို ဖက်သည်။ စားပွဲထိုး ငပိန်က မင်းကတော် မမတို့နှစ်ယောက်ကြားထဲ ခေါင်းလျှိုဝင်သည်။ ရည်ရွယ်ချက်မှာ မင်းကတော်နှစ်ပါး၏ ကုတ်ကြခြစ်ကြသောဒဏ်ကို သူက အားလုံးခံမည်ဆို သော ရည်ရွယ်ချက်ဖြစ်သည်။

ယင်းသို့ ထွေးလုံးရစ်ပတ်ဖြစ်နေစဉ် မင်းကတော်နှစ်က ရုတ်တရက် ကိုယ်လွှတ်ရုန်း၍ မီးဖိုဆောင်ထဲဝင်သည်။ ရန်ပွဲကို ဝင်ဖျန်နေကြသူများ လူအုပ်မကွဲမီ မီးဖိုဆောင်ထဲမှ 'ခွမ်း' ခနဲ အသံများ ဆက်တိုက်ထွက်ပေါ်လာ သည်။ ဤသည်တွင် မင်းကတော်တစ်ကလည်း အားကျမခံ အိမ်ပေါ်ထပ် သို့ ပြေးတက်သည်။

အကြောင်းသိသော မြို့အုပ်မင်း ဦးဖိုးနံ့က 'မွတ်ပြီ' ဟု အော်သည်။ 'ကုန်တော့မှာပဲ' ဟူ၍လည်း ညည်းတွားသည်။

မြို့အုပ်မင်း၏ စကားမဆုံးမီ အိမ်ပေါ်ထပ်မှ ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဟင်းသောက်ပန်းကန်၊ ထမင်းအုပ်၊ ကြွေကရား၊ လက်ဖက်ရည်ပန်းကန်၊ သကြားပန်းကန်လုံး၊ နွားနို့ချိုင့် အစုံရှိသော တိုက်ပန်းကန်အစုံတို့သည် လှေကားထစ်ကို တစ်ခုချင်းနင်း၍ ကျွမ်းထိုးကျလာကြလေရာ 'ဂလောင် ဂလောင် ဝွမ်း' ဟူ၍ မြည်ဟည်းသွားလေသည်။ ထိုပန်းကန်ခွက်ယောက်အစုံ တို့မှာ အပေါ်ထပ်ကြောင်အိမ်ထဲတွင် အပိုဆောင်ထားသောပစ္စည်းများ ဖြစ် သည်။ အားလုံး ရိုးကုမ္ပဏီတိုက်ထွက်ချည်းဖြစ်သည်။

မြို့အုပ်မင်း ဦးဖိုးနံ့၏နားထဲ၌ မနေ့ကပေါ်ထွက်ခဲ့သော ပန်းကန်ကွဲသံ များသည် ယနေ့တိုင် ထွက်မသွားသေး။ ထို့ကြောင့် ယနေ့ ဘောက်တူသမား ၏ အသံကွဲကြီးကို ကြားရသောအခါ အဟောင်းသည် အသစ်ဖြစ်လာလေ သည်။ သို့သော် မနေ့ကအသံနှင့် ယနေ့အသံတို့ကို ယှဉ်၍ နားသောတဆောင်

mgyone.com

mgyoe.com
ကြည့်သော် မနေ့ကအသံက မြိုင်သည်။ ယခုကြားရသော ဘောက်တူသမား၏အသံကား လေးလေးတွဲ့တွဲ့နှင့်မို့ ငြီးငွေ့စရာကောင်းသည်။ ယခုလောက်ပူလောင်လှသောအချိန်အခါ၌ အသံရှည်လမျောကြီး ပေါ်လာသည်မှာ နားမခံသာစရာကြီးပါတကား။ သို့သော် ဘာသံလဲဟု သဲကွဲအောင် မြို့အုပ်မင်းဦးဖိုးနှံက နားစွင့်သည်။

ထိုအခိုက်အတန့်တွင် စားပွဲထိုးငပိန်နှင့်အတူ ပြာတာတော်မင်း မောင်မြတို့သည် အိမ်နောက်ဖေးမှ ချွတ်နင်း၍ တက်လာကြသည်။ မောင်မြကား မြို့အုပ်မင်း နက်ဖြန်သဘက် တောထွက်လျှင် အမှုတွဲခြင်းနှင့် ရုံးသုံးကိရိယာများကို စီစဉ်ရန်ရောက်လာခြင်းဖြစ်သည်။

ပြာတာမောင်မြသည် အရိပ်အကဲသိတတ်သည်။ အိမ်ပေါ်ရောက်လျှင် ရောက်ချင်း မြို့အုပ်မင်းဦးဖိုးနှံ၏ အိမ်တွင်းရေးရာသိဥတု ထိုင်းမှိုင်းနေပုံကို သတိပြုမိ၏။ ထို့ကြောင့် မြို့အုပ်မင်း အာရုံပြောင်းစေရန် အလို့ငှာ အမှုတွဲများကို စာခြင်းထဲ စုဆောင်းထည့်သွင်းရင်းနှင့် ငှက်မွေးဖြင့် မရှိသောဖုန်များကို ဘုန်းဘုန်းမြည်အောင် ရိုက်ထုတ်သည်။ ထို့ကြောင့် ဘောက်တူသမားထံမှ လာသောအသံကို မြို့အုပ်မင်းသည် ကောင်းစွာမကျက်မိသေးချေ။ သို့ရာတွင် ဘော်ကတူသည် ရွှေးမြစ်ထဲမှနေ၍ ဆားကျင်းချောင်းထဲသို့ တစ်ဟုန်ထိုးဝင်လာသောအခါ၌မူကား

"စိန်ခြူးကြာညောင်၊ ကြာညောင်၊ ဟောင်၊ ဟောင်၊ လှရောင်တွေလင်း၊ ဟင်း၊ ဟင်း ပါလို့"

ဟူသောအသံကြီးမှာ ပဲ့တင်ထပ်၍သွားလေသည်။

ပြာတာမောင်မြသည် ငှက်မွေးဖြင့် အမှုတွဲများကို ရိုက်နေဆဲပင်။ ဝုန်း၊ ဒိုင်း၊ ဖုန်း၊ ဖျန်းဟူသောအသံတို့သည် စိန်ခြူးကြာညောင်ကို ဖုံးလွှမ်းရန် အားထုတ်ကြသည်။ သို့သော် စိန်ခြူးကြာညောင်က ပို၍မြည်ဟိန်းလာသည်။ စိန်ခြူးကြာညောင် နောက်ထပ်တစ်ပတ်ကျော့လာသောအခါ ဆိုပုံဆိုနည်းမူလည်း မဟာဂီတကဲ့သို့ အမျိုးမျိုးကွဲသွားလေသည်။

"စိန်ခြူး . . . ဟူး . . . ဟု . . . ကြာညောင်၊ . . . ကြာညောင် . . . ဝေါင် . . . ဝေါင် . . . လှရောင်၊ ဟောင် . . . ဟောင် . . . တွေ . . . လင်း . . . ဟင်း . . . ဟင်း . . . ပါလို့ . . . မှန်ရွှေပြူပြတင်းတင်း . . . ဟင်း၊
mgyoe.com

mgyoe.com

ရယ်က မယ်ခု . . . ဥ . . . ဥ . . . မျှော် . . . ဝေါ် . . . ဝေါ်"

"ဟော့၊ မောင်မြ"

"ဘုရား"

မောင်မြက မြို့အုပ်မင်း ဦးဖိုးနံ့ကို လှည့်၍မျှမကြည့်ဘဲ သံပြတ်နှင့် ထူးသည်။

"ဟော့၊ ငါခေါ်တာ လှည့်ကြည့်စမ်းပါဦး"

ထိုအခါမှ မောင်မြက ခေါင်းကလေး ငုံ့ရုံငုံ့သည်။ သူ့ဆရာအကြောင်း သူသိသည်။ မြို့အုပ်မင်း ဦးဖိုးနံ့သည် အိမ်တွင်း၌ဖြစ်ပေါ်လာသော ဒေါမနဿတို့ကို အိမ်ပြင်ရောက်အောင် ပို့ချင်သောအခါ မီးလောင်လေပင့် လုပ်ပေးလျှင် အလွန်ဒုက္ခများတတ်သည်။ မြို့အုပ်မင်းနှင့် ပြာတာ အလိုတူအလိုပါ မဖြစ်ရအောင် မိမိသိက္ခာနှင့်မိမိ မင်သေသေနေပါမှ တော်ရုံကျလိမ့်မည်။

လောကတစ်ခုလုံးကို မေ့၍နေဟန်ရှိသော ဘောက်တူသမားသည် မြို့အုပ်မင်း၏ အိမ်ရှေ့တည့်တည့်သို့ အရောက် တက်ကို တအားကျုံး၍လှော်လေသည်။

"ဟို ဘောက်တူသမားကို လှမ်းခေါ်လိုက်စမ်း"

မိုးကား ပြိုတော့မည်။ သို့သော် အမိန့်သည် အမိန့်ပင်။ ထို့ကြောင့် မြို့အုပ်မင်းစေသည့်အတိုင်း မြို့အုပ်၏ ရာဇမာန်ကို အငှားတပ်၍

"ဟိုက ဘောက်ဘူဆရာ၊ ကမ်းကပ်ခဲ့စမ်း"

ဟု အမိန့်ပေးလေသည်။

ဘောက်တူသမားသည် သုံးချက်စည်တော်ကို ရိုက်ဆော်အံ့ဟု ပါးစပ်ဖြဲ ဆဲခဏ၌ ပြာတာတော်မင်း၏ အာဏာသံကိုကြား၍ ဘောက်တူကို အရှိန်သတ်ကာ ကပျာကသီ ဘောက်တူကို တံတားတိုင်၌ ကြိုးချည်ပြီးသော် မြို့အုပ်မင်း၏ အိမ်ပေါ်သို့ ကုပ်ချောင်းချောင်းနှင့် တက်လာလေသည်။

ဘောက်တူသမားက မောင်မြကို ပြာတာတော်မင်းဟု သိ၏။ မောင်မြကလည်း ဘောက်တူသမားကို ရွှေမြစ်ဝက ပိုက်သမားဟု သိ၏။ ပိုက်သမားသည် ရုံးသို့ ငါးဖမ်းလိုင်စင်ယူရန် လာတိုင်းလာတိုင်း မောင်မြက ကူညီဆောင်ရွက်ပေးရဖူးသည်။ သို့သော် မြို့အုပ်မင်း ဦးဖိုးနံ့၏မျက်မှောက်၌ တစ်ယောက်က တစ်ယောက်ကို မသိသကဲ့သို့ ဆက်ဆံကြသည်။

mgyoe.com

mgyoe.com

"အစ်ကို ဘာကိစ္စပါလဲ ခင်ဗျာ"

ဟု ပိုက်သမားက မောင်မြကို မေးသည်။

မောင်မြက

"မြို့အုပ်မင်းက ခေါ်တယ်။ ဟိုမှာ မြို့အုပ်မင်း ထိုင်နေတာ မမြင်ဘူးလား"

ဟု သတိပေးသည်။

ပိုက်သမားလည်း မြို့အုပ်မင်းကိုမြင်သောအခါ မျက်စိထဲတွင် မိုက်ခနဲဖြစ်သွားလေသည်။

မြို့အုပ်မင်း ဦးဖိုးနံ့သည် ပက်လက်ကုလားထိုင်ပေါ်မှ လူးလွန့်၍ ထပြီးလျှင်

"ဟေ့၊ မင်းက ဘာဆိုတာလဲကွ"

ဟု အရင်းမရှိ အဖျားမရှိ မေးသည်။

"ကျွန်တော်မျိုးက ဘာကိစ္စလည်းလို့ ဆိုတာပါဘုရာ့"

"သယ်၊ ငါမေးတာ ဒါမဟုတ်ဘူး။ နင် နေပူကျဲကျဲမှာ သံကြောင်သံကျားနဲ့ အော်လာတာ ဘာလဲ"

"မှန်ပါ၊ စိန်ခြူးကြာညောင်ပါ"

"သယ်၊ ရာရာစစ။ သင်းက စိန်ခြူးကြာညောင်ဆိုသတဲ့လား။ စိန်ခြူးကြာညောင်ဆိုတာ ဘွဲ့လား၊ ကြိုးလား၊ ပတ်ပျိုးလား"

"ဘောလယ်ပါ ဘုရာ့"

"အမယ်၊ မင်းတို့ အောက်သူအောက်သားကလည်း ဘောလယ်ကို ဘောလယ်မှန်း သိသကိုး"

ပိုက်သမားက မြို့အုပ်မင်းသည် အနုပညာလိုက်စားသူ ဖြစ်ရမည်။ ထို့ကြောင့် ဘောလယ်မှန်းသိသူ ကျေးတောသားအပေါ် စိတ်ညွတ်လာလိမ့်မည်ဟူ၍ ထင်မှတ်နေဟန်တူသည်။ ထို့ကြောင့် အတန်ငယ်ရဲတင်းလာ၍

"မှန်လှပါ။ တေးထပ်တို့၊ ဘောလယ်တို့ကို ဒီအရပ်က ပိုက်သမားများဆိုတတ်ပါသဘုရာ့"

ဟု တင်လျှောက်လေသည်။

"ဟုတ်ပကွာ၊ တယ်တော်သဟေ့။ မင်း ဘောလယ်က ဘယ်လိုတုံးကွဲ့"

mgyoe.com

mgyoe.com

"အမျှော်စိုက် ဘောလယ်ပါ"

"သယ်၊ နေ့ခင်းကြောင်တောင် ဘယ်သူ့ကို အမျှော်စိုက်တာတုံး"

ခက်ကပြီ။ သည်လောက်တော့လည်း ပိုက်သမားခမျာ မဖြေတတ်ပါ။ ထို့ကြောင့် ပိုက်သမားက ပြာတာကို ကူနိုင် ကူပါဦးဆိုသော မျက်နှာထားဖြင့် လှည့်ကြည့်သည်။ ပြာတာက မမြင်ချင်ယောင်ဆောင်နေသည်။

ပိုက်သမားသည် အတန်ကြာငိုင်နေသည်။ ပိုက်သမား ငိုင်လေလေ၊ မြို့အုပ်မင်း ဦးဖိုးနံ့လည်း ဒေါသဖြစ်လေလေ။

"ကိုင်း၊ မင်း အမျှော်စိုက်ကို ဆိုပြစမ်း"

"မှန်လှပါ။ စိန် . . . ဟိန် . . . ဟိန်"

"ဟေ့၊ အရှည်ဆွဲမနေနဲ့"

"ဟုတ်ကဲ့။ စိန်ခြူး . . . အူး . . . အူး . . . ကြာညောင် . . . ကြာ ညောင် . . . လ . . . ဟာ . . . ဟာ . . . ရောင်တွေလင်းပါလို့"

"မောင်မြ"

မြို့အုပ်မင်းက ကုန်းအော်သည်။

မောင်မြက 'ဖျ' ဟု အသံပြတ်နှင့် အတိုချုံး၍ထူးပြန်သည်။

"တောက်၊ နေမင်းက ပူပြင်းတဲ့အထဲမှာ လရောင်လင်းတဲ့အကောင့်ကို ဂတ်ထဲခေါ်သွားစမ်း"

ဖြစ်မှဖြစ်ရပလေ။ နေမင်းပူပြင်းသည်မှာ မှန်ပါ၏။ ကျွန်တော်မျိုး ငမိုက်သား ပိုက်သမားသည် ဘာမျှမထုချေတတ်ပါ။ မောင်မြက သွားမည် ဟု လက်ဆွဲခေါ်သောအခါ တကောက်ကောက်နှင့် လိုက်ပါသွားရရှာသည်။

မောင်မြကမူကား သူ့သခင်က သူ့အမိန့်ကိုပြင်လိုပြင်ငြား သဘောထား၍

"ဘာပုဒ်မနဲ့ ချုပ်ထားရမလဲ"

ဟု မေးလိုက်ပါသေး၏။ သို့သော် မြို့အုပ်မင်း ဦးဖိုးနံ့က

"ငါ့အကြောင်း နင်သိသားနဲ့။ စကားမရှည်နဲ့"

ဟု ငေါက်လေသည်။

မှန်သည် စကားရှည်ရန်မလို။ အထူးအာဏာရ ရာဇဝတ်တရားသူကြီး မြို့အုပ်မင်း ဦးဖိုးနံ့က ချုပ်ထားလိုက်ဟုဆိုလျှင် အလိုက်သိသော ဂတ်စာရေး

mgyoe.com

mgyoe.com

သည် လက်သင့်ရာပုဒ်မဖြင့် ချုပ်ထားစမြဲဖြစ်သည်။ တစ်ခါတစ်ရံ မသင်္ကာမှုပုဒ်မ၊ တစ်ခါတစ်ရံ တရားကိုးတစ်ရာ့တစ်ဆယ်။ ရှုံ့ချည်နှပ်ချည်လုပ်၍ရသော ပုဒ်မပေါင်းများစွာရှိနေသည့်အခါ ဘယ်အကောင်က ဘာစကားပြောချင်သလဲ။

မောင်ထင်
(ငွေတာရီ၊ အောက်တိုဘာ၊ ၁၉၇၁)

❑

mgyoe.com

mgyoe.com

# အချစ်ကြောင့်

ရှုမဝသည် လနှစ်ရာ ပြည့်ခဲ့လေပြီ။

ရှုမဝထွက်စကပင် လစဉ်ပါဝင်ရေးဆွဲခဲ့သော ကာတွန်းဝိဇ္ဇာ ဆရာဦးဘဂျမ်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်မှာ ၁၀ နှစ်နှင့် ၈ လ ရှိခဲ့လေပြီ။ ရှုမဝ၌ ဦးဘဂျမ်း၏လက်ရာများ မပါဝင်ခဲ့သည်မှာလည်း လပေါင်း ၁၂၈ လ ရှိခဲ့လေပြီ။

ဦးဘဂျမ်းသည် ကာတွန်းဆရာ၊ ပန်းချီဆရာကြီးအဖြစ်ဖြင့်သာ ထင်ရှားကျော်ကြားခဲ့သော်လည်း စင်စစ်အားဖြင့် စာရေးဆရာတစ်ဦးအနေဖြင့် လည်း လက်ရာမြောက်သူ ဖြစ်လေသည်။ အထူးသဖြင့် ဟာသဝတ္ထုရေးရာ၌လည်း ပြောင်မြောက်လှပေသည်။ ဆရာဦးဘဂျမ်း၏ဝတ္ထုများကို ဆရာကိုယ်တိုင် ဦးစီးထုတ်ဝေသော ဟာသစာပြောင်မဂ္ဂဇင်း၌ တွေ့ရတတ်ပေသည်။ ဆရာ၏ ကလောင်အမည်ကား 'သုည' ဟူ၏။

ဆရာသည် ကိုယ်ပိုင်မဂ္ဂဇင်း ရပ်စဲပြီးနောက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ကာတွန်းများ၊ ဝတ္ထုဆောင်းပါးများ၊ ခေါင်းစည်းပန်းချီများ ရေးဆွဲခဲ့သော်လည်း စာရေးလိုစိတ် ကုန်ခန်းဟန်မတူပေ။ ရှုမဝမဂ္ဂဇင်းတိုက်ရောက်၍ စာရေးဆရာများနှင့် တွေ့လေတိုင်း၊ စာတည်းများနှင့် ဆုံမိလေတိုင်း ဝတ္ထုဇာတ်လမ်းများ ပြောပြတတ်လေသည်။ ရယ်စရာလည်း ပါသည်။ လွမ်းစရာလည်း ပါသည်။ လျှို့ဝှက်သည်းဖိုလည်း ပါသည်။ စုန်းကဝေလည်း ပါသည်။

ဆရာသည် စာအလွန်ဖတ်သူဖြစ်၍ ဆရာပြောသော ဇာတ်လမ်းများ၌

mgyoe.com

mgyoe.com


နိုင်ငံခြားစာပေမှ ဇာတ်လမ်းများလည်း ပါတတ်သည်။ သူရေးရန် ကြံရွယ်ထားသော ဇာတ်လမ်းများလည်း ပါလေသည်။

ယခု ရာပြည့်ရှုမဝ၌ ဖော်ပြအပ်သော 'အချစ်ကြောင့်' ဝတ္ထုမှာ တစ်ခါက ဆရာကြီး ရေးခဲ့ပြီး ပုံမနှိပ်ဖြစ်ဘဲ သိမ်းဆည်းထားသော ဟာသဝတ္ထုပင်ဖြစ်လေသည်။ ဆရာ့လက်ရေးမူ၌ ၂၈-၈-၄၁ ဟူသော ရက်စွဲပါလေရာ ၁၉၄၁ ခုနှစ်အတွင်းကပင် ရေးခဲ့သည်ဟု ယူဆရပေသည်။ ရှုမဝမထွက်မီ ၆ နှစ်ခန့်က ဖြစ်လေသည်။

ထိုစာမူကို လွန်ခဲ့သည့်လအနည်းငယ်အတွင်းက ဆရာ၏ အစ်မတစ်ဦးက အိမ်ရှိပစ္စည်းများ ရှင်းလင်းသိမ်းဆည်းရာမှ တွေ့ရလေရာ ရှုမဝသို့ ပေးပို့ခဲ့လေသည်။ ရှုမဝမှ ထိုစာမူကို ထိုစဉ်ကပင် မဂ္ဂဇင်း၌ ဖော်ပြလိုက ဖော်ပြနိုင်သော်လည်း ကွယ်လွန်သူ ဆရာဦးဘဂျမ်းအား ဂုဏ်ပြုသည့်အနေဖြင့် ရှုမဝ လနှစ်ရာပြည့် အထူးထုတ်စာစောင်၌သာ ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဆရာသည် ၁၉၅၃ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကွယ်လွန်ခဲ့ရှာသည်။ သို့ဖြစ်သော်လည်း ဘယ်သောအခါမှ မသေနိုင်သည့် ဆရာ၏ ကာတွန်းများ၊ ပန်းချီများ၊ စာများ ကျန်ရစ်ခဲ့ရာ၌ ဤဝတ္ထုသည်လည်း တစ်ခု အပါအဝင်ဖြစ်ရာ ဆရာ့အား ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ အလွမ်းပြေအဖြစ်ဖြင့်သော်လည်းကောင်း၊ ဆရာရေးဆွဲခဲ့သော မူရင်းရုပ်ပြောင်များနှင့် တင်ဆက်လိုက်ရပါကြောင်း။

ရှုမဝ

(၁)

ဒေါ်အုံးမြသည် မညီမညာလော်င်ကျွမ်းလျက်ရှိသော ဆေးပေါ့လိပ်ကို တံတွေးဖြင့်တို့ရင်း ပြတင်းပေါက်တွင် ကျောက်တိုင်ကျောက်ရုပ်ပမာ မလှုပ်မယှက် ငြိမ်သက်စွာရပ်နေသော မောင်နိုပ်အား လှမ်း၍ကြည့်လိုက်လေ၏။ သွပ်ခေါင်ပေါ်မှ တံစက်မြိတ်ပေါ်သို့ တဖြောက်ဖြောက်ကျရောက်လျက်ရှိသော နှင်းပေါက်တို့၏ အသံမှတစ်ပါး ထူးထူးခြားခြားတိတ်ဆိတ်လျက်ရှိပေ၏။ အားနည်းသောနေရောင်ကို ဖြတ်လျက် ဝင်းဝင်းလက်လက်ခေါင်းပေါ်မှ ဆင်းသက်လျက်ရှိသော ဆီးနှင်းပေါက်များကို အဘန်ကြာစူးစိုက်ကြည့်နေရာ

mgyoe.com

မှ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက် ချလိုက်သကဲ့သို့ သက်မကြီး ရှူ၍ထုတ်လိုက်ကာ မျက်နှာကို မလှည့်ဘဲ

"ကဲ . . . မေမေရယ်၊ တစ်ယောက်တည်း နေခဲ့ပါပြီတဲ့၊ ဘာများ စိတ်မချစရာ ရှိသလဲ" ဟု ခပ်လေးလေးမေးလိုက်လေ၏။

ဒေါ်အုံးမြ၏ ထူထပ်သော မျက်ခုံးများမှာ အံ့သြသောအမူအရာဖြင့် အထက်သို့ညီညီညာညာ မြင့်တက်၍သွားကြလေ၏။

"မေးမှ မေးပလေကွယ်၊ မင်းတစ်ယောက်တည်း တစ်လကိုးသီတင်း ပစ်ထားခဲ့လို့ဖြစ်နိုင်ပါ့မလား၊ ထင်သလိုနေ ထင်သလိုစားပြီး မတော်တဆ ဖျားနာနေရင် မခက်ပါလား . . ."

"ဒါတော့ မေမေရယ်၊ ကလေးသူငယ်မှ မဟုတ်ဘဲ၊ နားမလည်ဘဲနေပါ့မလား၊ ဒီအသက် ဒီအရွယ် အသက်ပဲ သုံးဆယ်ကျော်မှ မအေမရှိသွားလို့ သူများအိမ်မှာ အပ်ထားခဲ့ရတယ်ဆိုတာ လူကြားရင်တောင် ရှက်စရာကောင်းတယ်"

"အမယ် . . . ဘယ်သူ့ကို ရှက်ရမှာလဲ၊ကိုယ့်ဘကြီးအိမ် ကိုယ်သွားနေတာ၊ ဘယ်သူက ဘာပြောဦးမှာလဲ၊ ကဲပါကွယ် . . . လျှာရှည်မနေစမ်းပါနဲ့၊ မင်းဘကြီးနဲ့ ကြီးတော်ကိုလည်း ငါ ပြောပြီးပါပြီ၊ မနက်ဖြန် ခုနစ်နာရီရထားကို မေမေတို့ လိုက်ပို့ပြီး မင်းကြီးတော်တို့အိမ်ကို တစ်ခါတည်းသွား၊ အိမ်ကို တစ်ခါတည်း သော့ခတ်ထားခဲ့မယ်။ ဟိုကပဲနေပြီး အလုပ်တက်၊ ငါလည်း မင်းဒေါ်လေး နေကောင်းလို့ရှိရင် ချက်ချင်းပြန်ခဲ့မှာပဲ"

မောင်နိုပ်၏မျက်နှာမှာ စိတ်ပျက်လှသော အမူအရာဖြင့် သိသိသာသာ ရှုံ့မဲ့၍သွားလေ၏။

"သိပ်ခက်တာပဲဗျာ" ဟု လေရှည်ဆွဲ၍ ညည်းလိုက်ရာ ဒေါ်အုံးမြ၏ မျက်နှာမှာ အနည်းငယ် ပြုံးသလိုဖြစ်၍လာကာ

"ဒါကြောင့် မေမေပြောတာ၊ သူများတကာ ဒီအရွယ်ဆိုရင် သားနဲ့မယား နဲ့ တင့်တင့်တယ်တယ်ဖြစ်နေကြပြီ၊ မင့်မှာတော့ ကြည့်စမ်း၊ ဘယ်လမ်းသွား သွား စိတ်မချစရာ၊ တကယ်လို့သာ မင့်မှာ အိမ်ထောင်ရက်သားနဲ့ဆိုရင် ဘာ ဒီလို မေမေ ပူစရာရှိမလဲ၊ ဘယ်သွားသွား" ဟု စကားမဆုံးမီ ပြတင်း ပေါက်ကို မျက်နှာမူနေရာမှ ချာခနဲလှည့်လိုက်ကာ

mgyoe.com

mgyoe.com

"တော်ပါ၊ မေမေ့မှာဖြင့် တစ်ခါလာ ဒါပဲ၊ တစ်ခုခုဖြစ်ရင် မင့်မှာ သားနဲ့ မယားနဲ့မဟုတ်လို့ ဘာလို့နဲ့၊ ဒါကိုပဲ ဖွဲ့ပြီးပြောနေတာပဲ၊ တော်တော်ကြာ ဟိန္ဒူနဲ့ မူစလမန်တွေ မတည့်တာဟာ ကျွန်တော် သားမယားမယူတဲ့အတွက် ကြောင့်လို့ မေမေ ပြောဦးမယ်"

ဒေါ်အုံးမြမှာ အသံထွက်အောင် ရယ်မိလေ၏။

"ငါက အကောင်းပြောတာဟဲ့ . . ."

"တော်ပါ မေမေရယ်၊ မေမေပြောတဲ့ဟာတွေနဲ့သာဖြင့် အေးအေးပဲ နေပါရစေ"

"မင်း တစ်သက်လုံး ဒီလိုပဲ နေမှာလား"

"တစ်သက်လုံးတော့ ဘယ်ဒီလိုနေမှာလဲ မေမေ၊ ကျွန်တော်ယူချင်တဲ့ တစ်နေ့ကျတော့ ယူမှာပေါ့၊ အဲဒီတော့မှ အမေသဘောကျတဲ့ ဟာတွေနဲ့ ဘယ်လောက်ကွာတယ်ဆိုတာ ကြည့်ပေတော့ . . ."

"ယူပါ မောင် ယူပါ၊ ကြည့်လိုက်ရဦးမယ်၊ ရွှေအားကြီးတော့သာ ..."

"အမေပြောတဲ့ဟာတွေထက်တော့ သာမှာပါပဲဗျာ . . ." ဟု ဒေါ်အုံးမြ၏စကားမဆုံးမီ ခပ်မြန်မြန်ဝင်၍ ပြောလိုက်လေ၏။ မခံချင်သဖြင့် ပြောလိုက်ရသော်လည်း မောင်နိုပ်အဖို့ကား လုံးလုံးလျားလျား ကြွားလုံးမျှသာ ဖြစ်ပေ၏။ အသက် ၃၀ ပင် ကျော်ခဲ့သော်လည်း ရည်းစားဟူ၍ တစ်ယောက်တလေမျှ မရှိ၊ စိတ်လည်းမကူးခဲ့သော မောင်နိုပ်သည် ရည်းစားမထားလို၍လည်း မဟုတ်၊ အချစ်အတွက်နှင့် ပတ်သက်၍ စိတ်မကူးချင်၍လည်း မဟုတ်၊ မိန်းကလေးမြင်လျှင် ကြောက်ချင်သောသဘော၊ တွေ့လျှင်မျက်နှာချင်းမဆိုင်ဝံ့သော သတ္တိမရှိခြင်းကြောင့် ဖြစ်ပေ၏။ မိန်းကလေးများသောနေရာဆိုလျှင် ရှောင်နိုင်သမျှ ရှောင်၏။ မိန်းကလေးထိုင်သော ဈေးဆိုင်ကိုပင် ဝင်၍ မဝယ်ဝံ့။ တစ်ခါတစ်ရံ မှား၍ဝင်မိလျှင် အမှားမှားအယွင်းယွင်းဖြစ်ကာ လိုချင်တာတစ်မျိုး ပြောမိကာ မျက်နှာပျက်ပျက်နှင့်ပင် မလိုချင်သောပစ္စည်းကိုဝယ်ကာ ဆိုင်တွင်းမှ ကတိုက်ကရိုက်ထွက်ခဲ့ရသည်မှာလည်း အခါပေါင်းများပေပြီ။ မောင်နိုပ်အဖို့ကား သားမယားယူဖို့ကိစ္စတွင် ကြွားလူဝင်၍မဆောင်ရွက်ပါက ဤတစ်သက်တွင်မက နောင်ဆယ်သက်တိုင်အောင် သောင်ပြင်တွင် စိုက်သော ငုတ်ကဲ့သို့ ငှက်မနား၊ လူမလှုပ် ခပ်ကုပ်ကုပ်ပင် တစ်ကိုယ်တည်း

mgyoe.com

mgyoe.com
နေရတော့မည်မှာ မြေကိုလက်ဖြင့်ပုတ်ခြင်းက လွဲနိုင်စရာအကြောင်း ရှိပေ၏။

"ကဲပါကွယ် . . . ငါပြောတာတွေထက် သာတယ်ဆိုရင်လေ မေမေက ငါ့ချွေးမကလေးကို ကလပ်ပေါ်တင်၊ စိန်တွေဝေနေအောင်ဆင်ပြီး ဟောဒီလို ဖူးဖူး၊ ဂူးဂူးနဲ့ မှုတ်ထားပါ့မယ်" ဟု လက်ဟန်ခြေဟန်နဲ့ ပြောလိုက်ရာ မောင်နိုပ်၏ မျက်နှာမှာ ပြုံး၍လာရာမှ သွားများဖြလျက် "ဟီး ဟီး" ဟု အသံထွက်မိလေ၏။

ဒေါ်အုံးမြသည် ကုလားထိုင်ပေါ်မှ ထရင်း

"ကဲ . . . ထမင်းမစားခင် အလကားနေမယ့်အတူတူ မင်းကြီးတော်တို့အိမ်ကိုယူဖို့ အဝတ်အစားတွေ ဘာတွေ သွားပြင်၊ မေမေလည်း နက်ဖြန်သွားဖို့အတွက် ပြင်ရဆင်ရဦးမယ်" ဟု ပြောလိုက်မှ ပြောင်းရွှေ့ရမည့်ကိစ္စကို ပြန်သတိရကာ

"ဟာဗျာ ဘကြီးတို့အိမ်မှာနေရတာ ကျွန်တော်ဖြင့် နေကို မနေချင်ဘူး၊ သိပ်စိတ်ညစ်စရာကောင်းတာပဲ"

"ဘာဖြစ်လို့လဲကွယ်၊ ငါ ပြောထားပြီးပါပြီ၊ အစ်မကလည်း ဝမ်းသာလို့၊ မင်းဘကြီးကလည်း ဒီကနေ့လာပါစေလားတဲ့"

"အဘိုးကြီးကလား . . . ဟီ . . . ဟီ"

"ဘာလဲဟဲ့ အဘိုးကြီးက ဘာဖြစ်လို့လဲ၊ သူ့ဘာသာ အေးအေးနေတာပါ"

"အမယ် . . . မေမေကလည်း အသိသားနဲ့၊ အဘိုးကြီးက သိပ်ဆူတဲ့ အဘိုးကြီးဗျ၊ နာမည်ကသာ ဦးအေး၊ လူက မီးခဲထက် ပူသေးတယ်"

ဒေါ်အုံးမြသည် မသိမသာပြုံးရင်း

"မင်းတို့ ဒါတွေ ခက်တာပဲ၊ ဆူတယ်ဆိုတာ မင်းတို့အတွက် ပူလို့ဆူတာ၊ အသက်ကြီးလာတော့ နေရာတကာမှာ ပူပင်တတ်တယ်ကွဲ့"

"ခက်တာပဲဗျာ၊ ကဲပါလေ . . . မေမေ ဒါလောက်နေစေချင်ရင်လည်း နေခဲ့တာပေါ့" ဟု ညည်းညည်းညူညူပြောဆိုလိုက်ရာ ဒေါ်အုံးမြမှာ

"မေမေက များများမကြာပါဘူးကွယ်၊ လေးငါးဆယ်ရက်ပေါ့" ဟု ပြောဆိုကာ အခန်းတွင်းမှ ထွက်မည်ပြုစဉ် မောင်နိုပ်မှာ တစ်စုံတစ်ရာကို ရုတ်တရက် သတိရသကဲ့သို့ မျက်လုံးမျက်ဆန် ပြူးသွားကာ
mgyoe.com

mgyoe.com

"ဟာ . . . နေဦး မေမေ၊ နေပါဦး၊ မဖြစ်ဘူးထင်တယ်၊ ဟိုအိမ်မှာ ဧည့်သည်တွေ ရောက်နေတယ်လို့ မနက်က မဏိပြောသွားတယ်" ဟု အရေးတကြီး ပြောလိုက်သော်လည်း ဒေါ်အုံးမြက ပေါ့ဆဆမျက်နှာထားဖြင့်

"ဪ မမမြင့်တို့ သားအမိတွေလား၊ ဟဲ့ ဒါ ဧည့်သည်မှမဟုတ်ဘဲ ငယ်ငယ်ကတည်းက ညီအစ်မလိုနေတဲ့သူတွေ၊ မတွေ့ရတာကြာလို့ ဘုရားလည်း ဖူးရင်း ခဏအလယ်လာတာပါ၊ ကြာလှရင် သုံးလေးရက်ပေါ့ကွယ်"

"မဏိပြောတော့ အပျိုတွေပါတယ်ဆိုပဲ၊ အဲဒါက ခက်တယ်၊ သူတို့သွားကြမှပဲ ကျွန်တော် ပြောင်းမယ် မေမေ၊ ကျွန်တော်ရောက်သွားတယ်ဆိုရင် သူတို့တစ်တွေ အနေရအထိုင်ရ ကျပ်ကုန်မယ် . . ."

မောင်နိုပ်အကြောင်းကို ကောင်းကောင်းသိသဖြင့် ပြုံးရယ်ကာ

"ကိစ္စမရှိပါဘူးကွယ်၊ အပျိုတွေ အများကြီးမဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ၊ ကြာကြာနေမှာမှ မဟုတ်ဘဲ၊ ကဲပါကွယ် . . . သွားပါ၊ ပြင်စရာဆင်စရာတွေ ပြင်ချည်ပါ" ဟု ပြောဆိုကာ နောက်ထပ် စောဒကမတက်နိုင်ရန် ခပ်မြန်မြန် ဧည့်ခန်းမှထွက်၍ အပေါ်ထပ်သို့ တက်သွားလေ၏။

* * *

(၂)

ဦးအေး၏ဇနီး ဒေါ်အုံးလှသည် ဝမ်းသာအားရ စားပွဲမှထရင်း သားရေအိတ်တစ်လုံးကို ဆွဲဝင်လာသော မောင်နိုပ်အား

"ရထား ထွက်သွားပလားဟေ့၊ ကဲ . . . လာ၊ ကာဖီသောက်ဦး၊ ဟဲ့ မဏိရေ၊ ဟောဒီမောင်နိုပ်ရဲ့ သားရေအိတ်ကို အပေါ်ထပ် မနေ့က မင်းတို့ ရှင်းထားတဲ့ အခန်းကို ပို့လိုက်၊ ငါတောင် ဘူတာရုံကို လာမလို့ဟာ မအားနိုင်တာနဲ့ မရောက်တော့ဘူး၊ နေရာချောင်ချောင်ချိချိ ရရဲ့လား" ဟု ပြောဆိုကာ ကော်ဖီကရားကို ငုံ့သဖြင့်

"ကျွန်တော် မသောက်တော့ဘူး ကြီးတော်၊ ဘူတာရုံက သောက်ခဲ့ပါပြီ၊ မေမေတို့လည်း နေရာကောင်းကောင်း ရသွားပါတယ်" ဟုပြောဆိုရင်း ဦးအေး၏အနီးတွင် ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ဝါးကား ပြူးကျယ်စူးရှသော မျက်လုံးကြီးများဖြင့် စူးစူးဝါးဝါး မိမိအားကြည့်နေသော ကလေးမ

mgyoe.com

mgyoe.com

ကလေးတစ်ယောက်ကို တွေ့ရသဖြင့်

"သူက ဘယ်ကလဲ" ဟူသော မျက်နှာထားဖြင့် ဒေါ်အုံးလှအား လှမ်း၍ကြည့်လိုက်၏။

"ဒါက ချစ်ချစ်ကွဲ့၊ မမမြင့်ရဲ့ သမီးအငယ်၊ သူတို့လည်း အလည်ရောက်နေကြတယ်"

"မလှ၊ မြောက်ဘက်ကအခန်းကို ရှင်းထားရဲ့မဟုတ်လား" ဟုကော်ဖီသောက်ရင်း ဦးအေးက လှမ်း၍မေးလိုက်လေ၏။

"ရှင်းထားပါတယ်၊ မနေ့ကတည်းက မဏိနဲ့ ဘဒ္ဒေးက ရွှေ့စရာတွေရွှေ့၊ အေးစိန့်က တံမြက်စည်းလှည်း ရှင်းလို့ပါပဲ"

မောင်နိပ်သည် ဦးအေး၏ဘေးတွင် ထိုင်နေသောချစ်ချစ်အား နောက်ကတစ်ခါ ထပ်၍ကြည့်မိလေ၏။ အသက်မှာ ၅ နှစ်ကျော် ၆ နှစ်၊ အသားညိုညို၊ နဖူးမောက်၊ နှာတံတိုဇီးကွက်နီးနီး ဝိုင်းစက်သောမျက်လုံးကြီးများဖြင့် ပင်ကိုလည်းမလှ၊ ဆင်လိုက်ပြင်လိုက်လျှင်လည်း သာလွန်၍ခွကျမည့်ကလေး ပေတကားဟု စဉ်းစားမိလေ၏။

"ကဲ . . . ကော်ဖီမသောက်ချင်ရင်လည်း မင်းအခန်းကိုသွား၊ ရေမိုးချိုးပြီး အဝတ်အစားကလေး ဘာလေးလဲ၊ ကိုးနာရီခွဲလောက်ကို ထမင်းစားရအောင်၊ ဟဲ့ မဏိ၊ မောင်နိပ်ကို သူ့အခန်း လိုက်ပြလိုက်" ဟု ဒေါ်အုံးလှက ပြောသဖြင့် မဏိနှင့်အတူ အပေါ်ထပ်သို့တက်ခဲ့လေ၏။

"ဟော ဟိုဘက်အခန်းပဲ အစ်ကိုကြီးဖို့၊ မနေ့က ကျွန်တော်တို့ ရှင်းထားတာ" ဟု မဏိက ပြောသဖြင့် အစွန်ဆုံးအခန်းဘက်ကို လျှောက်ခဲ့ရင်း

"မင်းပြောတဲ့ ဧည့်သည်တွေကကော ဘယ်အခန်းမှာလဲ" ဟု မေးလိုက်ရာ မဏိက ပါးစပ်ဟကာ လက်ဖြင့်ကာရင်း

"ခပ်တိုးတိုး အစ်ကိုကြီး၊ ဟောဟိုအခန်းထဲမှာ ဘုရားသွားကြမလို့ အဝတ်အစားလဲနေကြတယ်၊ သိပ်နိပ်တာပဲ အစ်ကိုကြီးရာ၊ ချောတာမှ တကယ့်ကို သိပ်ချောတာ" ဟုလေသံဖြင့်ပြောရင်း မောင်နိပ်အတွက် သီးသန့်ထားသော အခန်းတွင်းသို့ ဝင်မိကြသဖြင့်

"တော်ပါကွာ . . . အောက်ထပ်မှာ အငယ်မကလေးကို တွေ့ခဲ့ပါပြီ" ဟု ပြောရင်း သားရေအိတ်ကို ဆွဲ၍ဖွင့်လေ၏။

mgyoe.com

mgyoe.com

မဏိမှာ ဘေးမှရပ်၍ကြည့်နေရာမှ

"ဘာဟုတ်မလဲ အစ်ကိုကြီးရယ်၊ အငယ်ကလေးက သရဲမပဲ၊ သူ့အစ်မနဲ့တော့ ကွာချင်တိုင်း ကွာပါတယ်၊ တော်တော်ကြာတော့ မြင်ပါလိမ့်မယ်"ဟု ပြောဆိုကာ အောက်ထပ်သို့ဆင်းမည်ပြုမှ မောင်နိပ်က

"နေပါဦးကွ၊ သူတို့က ဘယ်တော့သွားကြမှာလဲ၊ ဒီမှာ ဘယ်လောက်ကြာမှာလဲ"

"သိပ်ပြီး ကြာမယ်မထင်ဘူး"

"ကောင်းပါလေ့ကွာ၊ မြန်မြန်ကြွကြပါစေ"

မဏိကား ဘာမျှပြန်၍ မပြောဘဲ သားရေအိတ်ထဲမှ အဝတ်အစားများကို ဆွဲထုတ်နေသော မောင်နိပ်အား အတန်ကြာကြည့်၍နေလေ၏။ မောင်နိပ်ကား ကိုယ်လုံးကိုယ်ပေါက်ထွားထွား၊ အသားညိုသော်လည်း ပင်ကိုရုပ်မခေလှ၊ မျက်လုံးမျက်ဖန် နှာတံမှစ၍ ကြည့်၍ကောင်းသူတစ်ယောက်ဖြစ်သဖြင့် မိမိသာလျော်ရလျှင် မကော်နိုင်စရာအကြောင်းမရှိဟု စဉ်းစားမိကာ ပညာရှိတို့၏ပြုံးခြင်းဖြင့်ပြုံးလိုက်ရာ ကျယ်လှသောပါးစပ်ကြီးထောင့်နှစ်ဖက်မှာ နားရွက်နှစ်ခုကို ထိလုမတတ်ဖြစ်၍သွားလေ၏။ မဏိကား ငယ်စဉ်ကပင် ထွားအားကြီးသောဦးခေါင်းကိုအစွဲပြုကာ 'မဏိ' ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကို ခံခဲ့ရသူဖြစ်ပေရာ ခေါင်းကြီးသလောက် အကြံအစည်တွေ မှိုပေါက်သလိုများရလှကား ဉာဏ်မျှကြီးမားသောခေါင်းထဲမှာပင် မထားလောက်သဖြင့် ရံဖန်ရံခါ ဘဒ္ဒေးနှင့် အေးစိန်အား မျှတပေးဝေခဲ့ရ၏။ အစေအပါးချင်းတူသော်လည်း မဏိမှာ ဘဒ္ဒေးနှင့် အေးစိန်တို့၏ ကဝိတစ်ဆူမက ဗဟုသုတ ပဒေသာပင်ကြီး ဖြစ်ပေ၏။ ဦးခေါင်းကြီးသလောက် မဏိ၏ပါးစပ် မြင်သူတကာ အံ့ဩလောက်စရာပါးစပ် ဖြစ်ပေ၏။ သဘောကျ၍ပြုံးလိုက်သောအခါ ပါးစပ်ထောင့်နှစ်ခုမှာ နားရွက်များနှင့် ထိလုမတတ်ဖြစ်၍ သွားတတ်၏။ အားရပါးရ ရယ်လိုက်သောအခါမူကား မဏိ၏မျက်နှာမှာ ထက်ခြမ်းကွဲ၍သွားမည်လောဟု စိုးရိမ်မကင်းစရာပင် ဖြစ်လေသည်။ လက်သီးဆုပ်၍ပါးစပ်တွင်းသို့ ချောင်ချောင်ချိချိသွင်းနိုင်၍ ဉာဏ်ကဲ့သို့ပြုလုပ်နိုင်သူမှာ သေနတ်နှင့်ပစ်လျှင် မီးမကူးနိုင်ဟု ပြောဖူးရာ ဘဒ္ဒေးအဖို့ကား မဏိမှာ ရောမလူစွမ်းကောင်းကြီး ဖြစ်၍ နေလေ၏။

mgyoe.com

mgyoe.com

"ကြည့်သေးတာပေါ့ အစ်ကိုကြီးရာ၊ နောင်တော့သာ . . ."ဟု စကားကို အဆုံးမသတ်ဘဲ ပြုံးလျက်အခန်းတွင်းမှ ထွက်ခွာ၍ သွားလေ၏။

မောင်နိပ်သည် ရေချိုးဆင်းစဉ် တစ်ခါ၊ အပြန်တစ်ကြိမ် အိမ်ပေါ်ထပ် ခန်းမကြီးကိုရောက်တိုင်း ဧည့်သည်များနှင့် တွေ့မည်စိုးသဖြင့် မိမိအခန်းသို့ ရောက်အောင် ခပ်မြန်မြန်လျှောက်မိလေ၏။ အဝတ်အစားများ လဲလှယ်စဉ် အပြင်မှ တံခါးကို ညင်သာစွာခေါက်လိုက်သဖြင့် ဖွင့်လိုက်ရာ မဏိကိုတွေ့ ရလေ၏။ မဏိသည် အလုပ်သွားရန် အဝတ်အစားလဲလှယ်ထားသော မောင်နိပ်အား သဘောကျသောမျက်နှာထားဖြင့် စကားမပြောဘဲ ခဏမျှကြည့် နေပြီးနောက်

"အောက်က ခေါ်နေတယ်၊ ထမင်းစားဖို့လာပါတဲ့"

"အေး . . . အေး၊ လာပြီ" ဟု ပြောလိုက်ပြီးမှ

"ဟ . . . နေဦးဟ၊ ဧည့်သည်တွေကော စားပြီးကြပလား"

"ဘယ်စားဦးမလဲ အစ်ကိုကြီးရဲ့၊ တစ်ဝိုင်းတည်းစားကြတာပဲ"

"ဒါဖြင့် မဖြစ်ဘူး၊ ငါ အလုပ်တိုက်ကျမှပဲ စားတော့မယ်၊ ခု ဘူတာရုံ က မုန့်တွေစားခဲ့လို့ ရင်ပြည့်နေတယ်လို့ ပြောလိုက်"

"မဟုတ်တာ အစ်ကိုကြီးရာ၊ နောက်တော့လည်း တစ်ဝိုင်းတည်းစားရ မှာပဲ မထူးပါဘူး၊ သူတို့ ဒီမှာရှိနေသရွေ့ ဒီလိုပဲ မစားဘူးဆိုပြီး ရှောင်နေလို့ ဖြစ်နိုင်ပါ့မလား"

မောင်နိပ် အတော်ကြာ တွေ၍နေလေ၏။ မဏိပြောသောစကားမှာ အမှန်ဖြစ်သော်လည်း တစ်ခါမှမမြင်ဖူးသော မိန်းမပျိုတစ်ယောက်ပါဝင်သော ထမင်းပွဲတွင်ဝင်၍စားရမည်မှာ အစဉ်းစားရ အတော်ခက်သော ပြဿနာတစ် ရပ်ဖြစ်၍နေသဖြင့် စိတ်ရှုပ်၍သွားကာ

"သွားကွာ၊ ပြောသာပြောလိုက်ပါ၊ နောက်မှ ငါ ကြည့်ပြီးလုပ်ပါ့မယ်" ဟု ဆိုသဖြင့် မဏိမှာ မကျေနပ်သောမျက်နှာဖြင့် ထွက်ခွာသွားလေ၏။

အတန်ငယ်ကြာမှ အောက်ထပ်သို့ဆင်းခဲ့ရာ ထမင်းစားခန်းသို့ ဝင်မည့် ဆဲဆဲလုပ်နေသော ဦးအေးနှင့် ပက်ပင်းပါတွေ့လေ၏။

"ဟော့ . . . လာ ထမင်းစားမယ်လေ"

"ကျွန်တော်တော့ မစားတော့ဘူး ဘကြီး"

mgyoe.com

mgyoe.com

"ဟ . . . ဘာဖြစ်လို့လဲ"

"ရင်နည်းနည်းပြည့်လို့ ဘကြီးရဲ့"

ဦးအေးအဖို့ကား သတင်းကောင်းတစ်ခုကိုကြားသဖြင့် ကိုယ့်နားကိုယ် မယုံနိုင်သကဲ့သို့

"ဘာပြောတယ်" ဟု ထပ်၍မေးလိုက်လေ၏။

"ရင်ပြည့်လို့ ဘကြီး"

ဦးအေး၏မျက်နှာမှာ ဝင်းထိန်၍သွားလေ၏။

"နေရာကျသကွာ၊ အဆင်သင့်လိုက်တာ၊ ကဲ . . . လာ လာ" ဟု ပြော ပြောဆိုဆို လက်ကိုအတင်းဆွဲကာ ထမင်းစားခန်းထဲသို့ ခေါ်သဖြင့် မောင်နိပ် တွင် အံ့အားသင့်သောမျက်နှာဖြင့် ပါသွားလေ၏။ ထမင်းပွဲတွင် အားလုံး အဆင်သင့်ထိုင်မိကြပြီဖြစ်သဖြင့် ဦးအေးက ဆွဲလျက်အခန်းတွင်းသို့ သွင်း လာသော မောင်နိပ်အား ဝိုင်း၍ကြည့်ကြလေ၏။ ဝင်လျှင်ဝင်ချင်း ကြော့ကြော့ ရှင်းရှင်း ကြည်ကြည်လင်လင် လှပသောမိန်းမပျို၏မျက်နှာကို မြင်လိုက်ရာ ရင်ထဲ၌ ဖိုခနဲဖြစ်၍သွားကာ မျက်နှာမထားတတ်ဖြစ်လျက် အနေရခက်နေစဉ် ဒေါ်အုံးလှက စတင်၍

"ဟောဒါပဲ မမမြင့်ရဲ့၊ ညီမရဲ့သား မောင်နိပ်ဆိုတာ၊ ကဲ . . . လာထိုင် ဟောဒီက မမမြင့်ကတောင် မေးနေသေးတယ်"

"အေးကွယ် . . . တို့က လူချင်းကွဲသွားတာကြာတော့ မင်းတို့လူငယ်တွေ ကို မသိတော့ဘူး၊ မောင့်မေမေနဲ့တော့ မနေ့က တွေ့ပါတယ်၊ သူတို့ ဒီကနေ့ ရထားနဲ့ သွားကြပြီနော်" ဟု နှုတ်ဆက်စကားပြောသော ဒေါ်မြင့်အား

"ဟုတ်ကဲ့" တစ်ခွန်းမျှ ပြောလိုက်မိလေ၏။

"ကဲ . . . ထိုင်"

"ဟော့ နေဦး နေဦး၊ ထမင်းမစားပါစေနဲ့ဦး၊ ရင်ပြည့်လို့တဲ့"

ဦးအေးက ပျာပျာသလဲ ပြောဆိုပြီးနောက်

"ဟဲ့ . . . အေးစိန်၊ သွား . . . ငါ့အခန်းထဲက ကြောင်အိမ်ကလေး အပေါ်ထပ်မှာ ဟောသလောက် ဆေးပုလင်း ပုပုဝိုင်းဝိုင်းကြီးရှိတယ်၊ အဲဒါ ယူချေခဲ့စမ်း" ဟု ပြောဆိုပြီးနောက် မောင်နိပ်ဘက်သို့လှည့်၍

"မင်း တယ်ကံကောင်းတယ်၊ ငါ့ဆေးက ဒီနေ့မနက်မှ ဖော်လို့လက်စ

mgyoe.com

mgyoe.com
သတ်တယ်၊ အဲဒါ ဘကြီးကိုယ်တိုင် သေသေချာချာ ဆေးကျမ်းကိုကြည့်ပြီး ဖော်စပ်ထားတဲ့ လေမျိုးရှစ်ဆယ်ဆေးရည်ကွဲ့၊ ရင်ပြည့်ရင်ကယ်၊ အစာမကြေ လေထ၊ အားလုံးရတယ်ကွဲ့၊ ဒီလိုရင်ပြည့်တာလော်က်တော့ကွာ တစ်ခါ သောက်ပါပဲ၊ ရင်ထဲမှာ တစ်ခါတည်း ချောင်သွားတာပေါ့၊ မင်း သောက်ကြည့် တော့ သိပါလိမ့်မယ်၊ ငါ့သာ ကျကျနနဖော်ရောင်းရရင် မင့် ဖိုဝက တို့ ဒီဆူ ဇာတို့က ဆေးတွေထက် ရောင်းရတော့မပေါ့" ဟုပြောရာမှ ခပ်ပြုံးပြုံးလုပ်၍ နေသော ဒေါ်အုံးလှဘက်သို့ လှည့်ကာ

"ဘာ မင်းက ရယ်တာလဲ၊ မင်းတို့လို ဆေးကြောက်တဲ့လူတွေဟာ ဆေး ဆိုရင် ဘယ်ဆေးမှ ကောင်းတယ်မထင်ဘူး" ဟု ပြောဆိုနေစဉ် အေးစိန်သည် ဆေးပုလင်းကြီးကိုင်ကာ ဝင်လာပြီး ဦးအေးအနီးတွင် လာ၍ချထားလေ၏။ ထမင်းပွဲတွင် လူစုံပြီဖြစ်သော်လည်း မစားကြသေးဘဲ ခပ်မည်းမည်းဆေးရည် များကို ဖန်ခွက်ထဲသို့ လောင်းထည့်နေသော ဦးအေးအား ကြည့်၍နေကြလေ ၏။ ဧည့်သည်များနှင့်အတူ ထမင်းစားမည်စိုးသဖြင့် လီဆယ်၍ပြောဆိုမိ သည်မှာ မောင်နိုပ်အဖို့ ဦးအေး၏ဆေးကို မသောက်လို့သော်လည်းမဖြစ်နိုင်၊ ကိုယ့်အတက်နှင့်ကိုယ်စူးနေပြီဖြစ်လေရာ လွတ်ပေါက်ကို ရှာမတွေ့ရကား ဦးအေးငှဲ့နေသောဆေးများကိုသာ ကြောက်ရွံ့သောမျက်နှာဖြင့် ကြည့်၍နေမိ လေ၏။ ကြက်သီးများထ၍သွားကာ

"နေပါစေတော့ ဘကြီးရယ်၊ တော်တော်ကြာ ချောင်သွားမှာပါပဲ"

"ဘယ်ဟုတ်မလဲကွ၊ ဆေးသောက်မှ ချောင်တော့မပေါ့၊ ရော့ သောက်လိုက်စမ်း" ဟု ဆိုကာ ဆေးခွက်ကို လှမ်း၍ ပေးလေ၏။

"ရင်မပြည့်ပါဘူး၊ ကျွန်တော် အလကားပြောတာပါ" ဟု ဆိုကာ ဆေး ခွက်ကိုယူကာ ပါးစပ်တွင်တော့လိုက်ရာ ခေါင်းမှာနောက်သို့ ဆတ်ခနဲလန်၍ သွားမိလေ၏။ ရှုံ့မဲ့သောမျက်နှာဖြင့်

"ဘကြီးဆေးဟာ ကစော်ပေါက်နေပြီ ထင်တယ်၊ တယ်ပြင်းပါကလား"

"ဟာ မဟုတ်တာ၊ လေဆေးဆိုတာ သည်လိုပြင်းမှ အစာလေနိုင်တာကွ၊ ဘယ်က ကစော်ပေါက်ရမှာလဲ၊ သောက်လိုက်ကွာ၊ မင့်နှယ် ယောက်ျားဖြစ် ပြီး ဒါလောက် ဆေးကြောက်ရသလား"

မောင်နိုပ်သည် ဆေးဖန်ခွက်ကို ပါးစပ်တွင်အပ်ကာ လျင်မြန်စွာတစ်ရှိန်
mgyoe.com

mgyoe.com
တည်းမော့၍ သောက်လိုက်လေ၏။ ဒေါ်မြင့်နှင့် ဒေါ်အုံးလှမှာ မောင်နိုပ်၏ မချိတရိရှုံ့မဲ့သွားသောမျက်နှာကိုကြည့်ပြီး တညီတညာတည်း ကြက်သီးထကာ တုန်လှုပ်၍သွားကြရာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မိကြလေ၏။ ချစ်ချစ်မှာ သဘောကျလှသောအမူအရာဖြင့် ပခုံးကလေးနှစ်ဖက်လှုပ်အောင် ရယ်နေရာမှ မိန်းမပျိုအား လက်ကုတ်၍ မောင်နိုပ်၏ ရှုံ့မဲ့နေသောမျက်နှာကို လက်ညှိုးထိုးကာ

"ဟိုမှာ မမ သရဲရုပ် သရဲရုပ်" ဟုဆိုကာ ခေါင်းကို လှမ်း၍ခေါက်လိုက်ချင်၏။

"ဟဲ့ ဘာလဲ ဒီလိုမပြောရဘူး၊ ကိုကို ရိုက်လိမ့်မယ်"ဟု ဒေါ်မြင့်က ငေါက်လိုက်သံနှင့် မိန်းမပျိုက

"ဟင်း . . . ဘာလဲ" ဟု ကြိမ်းမောင်းလိုက်သောအသံများကို ကြားလိုက်ရသော်လည်း ချစ်ချစ်တွင်ကား မထူးခြား၊ မောင်နိုပ်အားကြည့်ရင်း တခိခိရယ်၍နေလေ၏။

ဦးအေးက

"ဘယ်နှယ့်လဲ၊ ဝမ်းထဲမှာ ပူရှိန်းရှိန်းကလေး ဖြစ်မသွားဘူးလား" ဟု မေးသဖြင့်

"ဘယ့်နှယ်နေမှန်းတောင် မသိဘူး၊ ဘကြီးဆေးက ခါးလည်းခါး၊ ချဉ်လည်း ချဉ်"

"ဒါလောက် အဝင်မဆိုးပါဘူးကွာ၊ သက်တက်တက်၊ ချဉ်ဖြုန်းဖြုန်းပါ၊ ဟဲ့ ဘဌေး ရေနည်းနည်းပေးလိုက်"

မောင်နိုပ်အဖို့ကား ထူးထူးခြားခြား တစ်ပါးစပ်လုံး ခါး၍နေသဖြင့် ဘဌေးလက်မှ ရေခွက်ကိုယူကာ လေးငါးကျိုက်မျှသောက်၍ ချလိုက်ရလေ၏။

ထမင်းစားပွဲတစ်ဖက်တွင် ဒေါ်မြင့်နှင့် သမီးနှစ်ယောက်၊ တစ်ဖက်တွင် ဒေါ်အုံးလှနှင့်မောင်နိုပ်၊ စားပွဲထိပ်တွင် ဦးအေးက ထိုင်လျက်စားကြရာ မောင်နိုပ်မှာ မိန်းမပျိုနှင့် မျက်နှာချင်းဆိုင်၍ နေသဖြင့် မော်၍မကြည့်ဝံ့ဘဲ မိမိနှင့်နီးသော ဟင်းခွက်ကိုသာ စားရလေ၏။ စိတ်ထဲတွင်ကား စားရသည်ထက် မိမိအား သရဲရုပ်ဟုဆိုခြင်းကို အခဲမကြေ၊ ဒေါသထွက်ကာ မျက်နှာမှာ
mgyoe.com

mgyee.com


နီမြန်းလျက်ရှိလေ၏။

"မမြမူ ကြက်သားကြော်တွေ စားလေ၊ ချစ်ချစ် ပန်းကန်ထဲ ထည့်ပေးပါ၊ မမမြင့် အားမနာနဲ့နော်၊ မောင်နိုပ် စားကွယ်၊ ညှော်သည်လုပ်မနေနဲ့" ဆိုသော ဒေါ်အုံးလှ၏ စကားနှင့် ကြားဖြတ်၍ တစ်ခါတစ်ခါ

"မအုံးမြမှာ သားသမီးဆိုလို့ မောင် တစ်ယောက်ပဲနော်" စသည်ဖြင့် ဒေါ်မြင့်၏ မေးခွန်းများမှာ မောင်နိုပ်အား ရင်တွင်း၌ ဒိတ်ခနဲဖြစ်၍သွားစေလေ၏။ အမှန်အားဖြင့်ဆိုသော် ဒေါ်မြင့်ကဲ့သို့သော အဒေါ်ကြီးတစ်ယောက်နှင့် စကားပြောရခြင်းမှာ ဝန်လေးလှသောအရာ မဟုတ်သော်လည်း ဒေါ်မြင့်မှာ, သေးချင်းယှဉ်၍ထိုင်နေသော မြမူ၏မိခင်ဖြစ်သဖြင့် မောင်နိုပ်အဖို့ ကြောက်စရာလိုလို ဖြစ်၍နေလေ၏။

ဘာစကားတွေကို ပြော၍ ဘာကိုစားမိသည်မသိ၊ ပန်းကန်ထဲတွင်ရှိ ထမင်းတစ်ဝက်လောက်အကုန်တွင်

"ရင်ပြည့်နေလို့ နည်းနည်းပဲစားတော့မယ်" ဟု ဆိုကာ ထမင်းပွဲမှ ထလိုက်ရာ

"စားသာစားပါကွ၊ စားချင်သလောက်သာ စားပါ" ဟု ဦးအေးက ပြောသော်လည်း

"တော်ပါပြီ ဘကြီးရယ်၊ ဝလည်း ဝပါပြီ" ဟု ပြောပြောဆိုဆိုနှင့်ပင် ထမင်းပွဲမှ ခပ်သုတ်သုတ်ထွက်ခဲ့ရလေ၏။

* * *

(၃)

မောင်နိုပ်သည် သောက်နေသောကော်ဖီပန်းကန်မှ ကျော်ကာ ခပ်လှမ်းလှမ်း ဆိုဖာပေါ်တွင် မြမူအား မကြာခဏကြည့်မိလေ၏။ ပြောင်းရွှေ့၍ လာသည်မှာ သုံးလေးရက်မျှ ကြာပြီဖြစ်သော်လည်း မြမူအား စကားပြောဝံ့ဖို့ ဝေးစွ၊ သေသေချာချာ ပင် မျက်နှာချင်းမဆိုင်ဝံ့သေးပေ။ သို့သော် ထမင်းစား၊ လက်ဖက်ရည်သောက်သော အချိန်များတွင် တစ်စားပွဲဝင်၍ သောက်ဝံ့စားဝံ့သော သူရသတ္တိဖြင့် ပြည့်စုံ၍လာခဲ့ပြီ ဖြစ်လေ၏။ ပြတင်းပေါက်မှ ဝင်ရောက်လာသော နံနက်ခင်းနေရောင်သည် ထိုင်နေသော ဆိုဖာအပြာပေါ်သို့

mgyee.com

mgyoe.com


ကျရောက်ပြန့်၍ဟပ်ကာ မြမူ၏ ဖြူဖွေးသောပါးကလေးတစ်ခြမ်းကို အပြာရောင်သမ်း၍နေစေရာ လွန်စွာပနံ့ရသည်ဟု မောင်နိပ်စိတ်တွင် ကျိတ်၍ ပီတိဖြစ်စေလေ၏။ ချစ်ချစ်မှာ မြမူ၏ ရှေ့တွင်ထိုင်ကာ တစ်ထွာသာသာရှိသောဆံပင်ကို ဘီးစိပ်တိုက်၍ နေသည်ကို မုန့်သေတ္တာတစ်ချပ်ကို ဝါးရင်းခံနေလေ၏။ ဝါးရာမှ မကြာခဏ မောင်နိပ်အား လှမ်း၍ကြည့်လေရာ မကြာမကြာ မျက်နှာချင်းဆိုင်၍နေမိလေ၏။ ချစ်ချစ်၏ မျက်လုံးများကား စူးစိုက်၍ကြည့်လိုက်သောအခါတိုင်း မောင်နိပ်တွင် ရင်ထဲ၌ ဒိတ်ခနဲဖြစ်၍သွားကာ အသက်ရှူမှားပြီး တရားသူကြီး၏ မျက်လုံးဒဏ်ကို မခံနိုင်သော သူခိုးကဲ့သို့ တစ်ကိုယ်လုံး ရှိုးရှိုးရွရွဖြစ်မိလေ၏။

ကော်ဖီပန်းကန်ကိုချ၍ ထမည်ကဲ့သို့ရှိစဉ် ချစ်ချစ်က ကျယ်လောင်သောအသံဖြင့်

"မမမူ၊ ဟိုလူကြီးက မမကို ကြည့်နေတယ်၊ နောက်ပိုးနေတာနော် မမမူ" ဟု ပြုံးရယ်ကာ ပြောလိုက်ရာ မောင်နိပ်မှာ မျက်လုံးများပြာ၍သွားကာ

"ဟာ" ခနဲအော်ရင်း ခုန်၍ထမိလေပြီး လူမိသောကျီးကဲ့သို့ မျက်လုံးများဝိုင်း၍ ဟိုကြည့်သည်ကြည့် ဖြစ်နေလေ၏။ မကြား၍လားမသိ၊ ဦးအေးကား ပြတင်းပေါက် နားရှိ ကုလားထိုင်တွင် သတင်းစာဖတ်လျက်ပင်။ ဒေါ်မြင့်နှင့် ဒေါ်အုံးလှမှာ ခေါင်းရင်းစားပွဲနားတွင် ဆေးလိပ်တစ်လိပ်စီကိုင်ကာ စကားလက်ဆုံကျ၍နေရာမှ လှည့်၍ကြည့်ကြလေ၏။

မြမူမှာ မျက်နှာကလေး နီမြန်း၍သွားကာ

"ဘာလဲ . . . ပေါက်ပေါက်ရှာရှာ၊ ငါ ဝေါက်လိုက်ရ" ဟု ကြိမ်းမောင်းလိုက်လေ၏။ မောင်နိပ်အဖို့ကား ဘာကိုမျှမကြား၊ တစ်ကိုယ်လုံး ပူတစ်ခါ အေးတစ်လှည့် ဖြစ်၍သွားပြီး ဘယ်ပုံဘယ်နည်း အခန်းထဲမှ ထွက်ခဲ့သည်မသိ၊ မိမိအခန်းသို့ရောက် မှ

"သရဲမကလေး . . . တယ် . . . အသေသာသတ်ဖို့ကောင်းတယ်၊ ထွီ . . . ခွေးကလေး" စသည်ဖြင့် ကြိမ်းမောင်းကာ ထိုင်မလို ထမလို ဒေါသတွေ ပို၍နေလေ၏။

အိပ်ရာကို ပြင်ဆင်၍ခင်းနေသော မဏိမှာ အံ့အားသင့်သောမျက်နှာဖြင့် မောင်နိပ်အားကြည့်၍နေရာမှ

mgyoe.com

"ဘယ့်နှယ်ဟာလဲ အစ်ကိုကြီး၊ ဘာဖြစ်လာတာလဲ"

"ဟာ မပြောချင်ပါဘူးကွာ၊ ဘယ်လိုဟာနဲ့များ လာတွေ့ရတယ် မပြော တတ်ပါဘူး"

"ဘယ်သူလဲ အစ်ကိုကြီးရဲ့ . . ."

"ဟို သူငယ်မကလေးပေါ့၊ ဘယ်သူရှိဦးမလဲ"

"သြော် . . . ချစ်ချစ်လား၊ အစစ်ပဲ အစ်ကိုကြီးရာ၊ အဲဒီကောင်မလေးဟာ နေရာတကာမှာ ဝင်ဝင်ပါတယ် . . .၊ ခွလည်း တော်တော်ပြောတယ်၊ တော် တော် ချဉ်စရာကောင်းတယ်၊ အခု အစ်ကိုကြီးကို ဘယ်လို ပြောလွှတ်လိုက် သလဲ"

"မပြောချင်ပါဘူးကွာ၊ တခြားဟာပြောရင် တော်သေးရဲ့၊ ခုတော့ ငါက သူ့အစ်မကို ပိုးသလေး ဘာလေးနဲ့ လူတွေရှေ့မှာ ပြောလိုက်တာ ကောင်းသေး ရဲ့လား၊ လူကြီးများကလည်းကွာ၊ အသေဆော်ပေးဖို့ ကောင်းတယ်၊ ဒါ ကလေး စကားလား၊ ကလေးပြောရမယ့်စကားလား"

မဏိသည် မောင်နိပ်ပြောသောစကားများကို နားထောင်နေရာမှ ရုတ်တရက်တွေဝေ၍သွားလေ၏။ မျက်မှောင်ကုပ်ကာ အတန်ကြာစဉ်းစား သကဲ့သို့ တိတ်ဆိတ်နေရာမှ

"သူ့အစ်မကော ရှိသလား . . ."

"ရှေ့တင်ပြောတာပဲ . . ."

"ကြားကော ကြားရဲ့လား . . ."

"နားထိုင်းမှမဟုတ်ဘဲ၊ မကြားဘဲ နေပါ့မလား၊ အကျယ်ကြီးအော် ပြောတာ"

"ဒါဆိုလည်း အကောင်းသားပဲ"

မောင်နိပ်သည် ရုတ်တရက် နားမလည်သကဲ့သို့ တွေ၍သွားရာမှ

"ဘာ . . . ဘာဖြစ်တယ်"

"ဒီလိုဆိုရင် ကောင်းတာပေါ့ အစ်ကိုကြီးရဲ့၊ နားဖောက်ပြီးသား ဖြစ်တာပေါ့"

"တော်စမ်းပါကွာ၊ ဒါတွေ လျှောက်ပြောမနေစမ်းပါနဲ့" ဟု ဆိုကာ စိတ်လိုက်မာန်ပါ အင်္ကျီများကိုချွတ်၍ အိပ်ရာပေါ်တွင် ပစ်တင်ပြီးနေခဲ့က်

mgyoe.com

ရေချိုးရန် အောက်ထပ်သို့ ဆင်းသွားလေ၏။ ထိုနေ့အဖို့ ထမင်းစားပြီးနောက် အဝတ်အစားလဲလှယ်ကာ အလုပ်သွားရန် အောက်ထပ်သို့ ဆင်းခဲ့ရာ မြမူနှင့် တွေ့၍နေပြန်သဖြင့် ခပ်မြန်မြန် အိမ်မှ ထွက်ခဲ့လေ၏။ ခြံဝသို့ရောက်လျှင် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရင်း အိမ်ဘက်သို့ပြန်၍ကြည့်လိုက်မိရာ ညှော်ခန်းပြတင်းပေါက်တွင် ရပ်နေသော မြမူနှင့် တစ်ခါမျက်နှာချင်းဆိုင်၍ နေပြန်သဖြင့် လျှင်မြန်စွာ မျက်နှာလွှဲလျက် ထွက်သွားမည်ပြုစဉ် စာပို့သမား တစ်ယောက် ပေါ်ပေါက်လာကာ လက်ထဲသို့ စာတစ်စောင်ထည့်၍သွားလေ ၏။ စာအိတ်ပေါ်သို့ လိပ်စာကိုကြည့်လိုက်ရာ မိမိအတွက်မဟုတ်၊ ပင်စင်ရ ငွေတိုက်ဝန်ထောက်မင်း ဦးအေးက ကျေးဇူးပြု၍ မမြမူပေးရန်ဟု တွေ့ရသဖြင့်

"ဟာ ဒီခွေးကုလား၊ အိမ်ထဲကို ဝင်ပေးတာမဟုတ်ဘူး" ဟု ကြိမ်းဝါး ရေရွတ်ရင်း ခြံတွင်းသို့လှည့်၍ ကြည့်မိလေ၏။ မြမူမှာ ပြတင်းပေါက်တွင် ရှိသေးသဖြင့် စာကိုမပေးဘဲ ချ၍ထားခဲ့ရမည်မှာလည်း အခက်၊ လက်ထဲ သို့သွား၍ ထည့်ရန်မှာလည်း ရှု့တွန့်တွန့်နေသဖြင့် အတန်ကြာ တွေဝေ၍ နေမိလေ၏။ နောက်ဆုံး၌ 'သူ့စာ သူ့ကိုပေးတာ ဘာဖြစ်ရဦးမှာလဲ' ဟု ရဲဆေးတင်ကာ ပြတင်းပေါက်ဘက်သို့ ပြန်ခဲ့ပြီး

"ဒီမှာ စာ" ဟု လှမ်း၍ပေးလေ၏။ မြမူက လှမ်းယူရင်း

"ဩော် . . . ကျွန်မ စာလား" ဟု မေးသဖြင့်

"ဟုတ်ကဲ့" ဟု ပြောဆိုပြီး ပြန်၍ထွက်တော့မည်ပြုစဉ်

"ဒီမှာ . . . ခဏ . . ." ဟု မြမူက တားလိုက်ရာ မောင်နိုပ်အဖို့မှာ ပါးစပ်ဟ၍ သွားကာ လျှင်မြန်စွာလှည့်၍ ကြည့်မိလေ၏။

"ကိုမောင်နိုပ်၊ ခု အလုပ်သွားမလို့လား"

"ဟုတ်ကဲ့"

"ကျွန်မ စာအိတ်ခေါင်း တစ်ကျပ်ဖိုးလောက် မှာချင်လို့"

"ဟုတ်ကဲ့"

"အားနာစရာပဲရှင်"

"ဟုတ်ကဲ့၊ ဟင် . . . ဟုတ်ပေါင် နာစရာမရှိပါဘူး"

"ဒီမှာ ပိုက်ဆံ" ဟု ဆိုကာ သားရေအိတ်ကလေးထဲမှ ပိုက်ဆံကို ထုတ်သဖြင့်

mgyoe.com

"နေပါစေဗျာ၊ အားနာစရာ၊ အေးလေ . . . နောက်မှပေးပါ၊ ညနေကျမှပေးပါ"

မြမှုမှာ ထွက်မိထွက်ရာ ပြောလိုက်သော မောင်နိပ်အား မျိုသိပ်၍မထားနိုင်အောင် ရယ်ချင်၍လာသဖြင့် ပါးကလေးနှစ်ဖက်တွင် ခွက်ဝင်၍သွားအောင် ပြုံးလိုက်လေ၏။ မောင်နိပ်မှာလည်း ဝမ်းသာသလိုလို ဘာလိုလိုဖြစ်ပြီး အကြောင်းမရှိဘဲ

"ဟီး . . . ဟီး" ဟု ရယ်ရင်း လှည့်၍သွားမည်ပြုစဉ်

"တို့ သိပါတယ် ဟယ်၊ တို့ သိပါတယ် ဟယ် . . . ဟယ်" ဟု ကြွေးကြော်လိုက်သောအသံကို ကြားလိုက်ရာ မျက်လုံးများ ဝိုင်း၍သွားမိလေ၏။ အသံလာရာကို လှမ်း၍ကြည့်လိုက်ရာ ဝရံတာပေါ်မှ ဖျာလိပ်ကိုချိုင်းတွင်ညှပ်လျက် မိမိတို့ဘက်သို့ကြည့်နေသော ချစ်ချစ်ကို မြင်ရလေ၏ ။

"ဟာ . . . တယ်ခက်ပါကလား" ဟု ပြောပြောဆိုဆို ခြံဝသို့အရောက်ကဆုန်ပေါက်ရလေ၏။

ညနေအလုပ်မှပြန်လာသောအခါ တံခါးဝအနီးရှိ ကုလားထိုင်ပေါ်တွင် မဂ္ဂဇင်း တစ်အုပ်ကိုဖတ်နေသော မြမှုအား တွေ့သဖြင့်

"ဟောဒီမှာ စာအိတ်ခေါင်း" ဟု ပြောရင်း ကတ်ကလေးကို စားပွဲပေါ်သို့တင်၍ အပေါ်ကိုတက်မည်ပြုစဉ် မြမှုက

"ပိုက်ဆံ ယူပါဦး"

"အို နေပါစေဗျာ . . ."

"မဟုတ်တာပဲ . . . ရော့ပါ" ဟုဆိုကာ တစ်ကျပ်တန်တစ်ရွက်ကို အိတ်ထဲမှ ထုတ်၍ပေးရင်း

"ဒါနဲ့ နေ့လယ်က ကိုမောင်နိပ်ဖို့ စာတစ်စောင်လာတယ်၊ ဒီစားပွဲပေါ်မှာ ကျွန်မ တင်ထားတာ ချစ်ချစ်သွားပြီး ဖောက်လိုက်တယ်ရှင်၊ သိပ်အားနာစရာကောင်းတာပဲ" ဟု မျက်နှာကလေးညိုညိုနှင့် တောင်းပန်သလို ပြောလိုက်ရာ စာရွက်များကို ဆုတ်ဖွဲ့၍ဆော့လိပ်လိပ်နေသော ချစ်ချစ်က မျက်နှာရှစ်ခေါက်ချိုးနှင့် အောက်သိုးသိုးကြည့်နေရာမှ

"မမမှုပဲ ဖောက်တာ ချစ်ချစ် လာမပြောနဲ့"

mgyoe.com

mgyoe.com

"အဲဒါသာကြည့်တော့ ကိုမောင်နိပ်၊ သိပ်အားနာစရာကောင်းတာပဲ"

"ကိစ္စမရှိပါဘူးဗျာ"

မျက်နှာထားခပ်ဆိုးဆိုးနှင့် ပါးစပ်မှ တိုးတိုးပြောရင်း ကြည့်၍နေရာမှ ထကာ

"သူများကို လာလာပြောတယ်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့ သွားတိုင်မယ်၊ သူတို့ တစ်ယောက်နဲ့တစ်ယောက် စာပေးကြတာ သွားပြောတယ်" ဟု ဆိုကာ ဆောင့်ဆောင့်အောင့်အောင့်နှင့် သွားတော့မည်လုပ်သဖြင့် မောင်နိပ်မှာ ထိတ်ထိတ်ပျာပျာဖြစ်၍သွားလျက်

"ခက်တာပဲဗျာ၊ လုပ်ပါဦး . . . လုပ်ပါဦး" ဟု မြမူအားပြောရာမှ လျှင်မြန်စွာ အပေါ်ထပ်သို့ တက်ပြေးလေ၏။

* * *

(၄)

ထိုနေ့အဖို့ကား အထက်ကျော်ကာလ ဦးအေး အလုပ်လုပ်စဉ်က ဆရာအဖြစ် ကိုးကွယ်ခဲ့သော ဘုန်းကြီးဦးအာစရ ဘုရားဖူးကြွရောက်လာသဖြင့် ဘုန်းကြီးတည်းခိုသောကျောင်းမှ သံဃာတော်များပါ ဆွမ်းကျွေးရန်နေ့ ဖြစ်ပေ၏။ နေ့ဆွမ်းကပ်မည်ဖြစ်သဖြင့် နံနက်စောစောကပင် စတင်၍ မီးဖိုတွင်း၌ဦးအေးနှင့် မောင်နိပ်မှတစ်ပါး အားလုံး ဝင်ရောက်ချက်ပြုတ် အကြီးအကျယ်အလုပ်ရှုပ်နေကြလေ၏။

မောင်နိပ်ကား မီးဖိုခန်းနှင့် တစ်ဆက်တည်းရှိသော ရေချိုးခန်းတွင် ရေချိုးနေ၏။ ချစ်ချစ်မှာ နေရာတကာတွင် ဝင်ပါနေသဖြင့် အမေနှင့် အခံမဖြစ်သူ၏ အမာန် အမဲကို မကြာခဏ ခံနေရရာ ချက်ပြုတ်လုပ်ကိုင်နေရာမှ ထွက်ခွာ၍ ရေချိုးခန်းဆီသို့ လျှောက်ခဲ့လေ၏။ ရေချိုးခန်းတံခါးမှာ ပတ္တာအနည်းငယ်ချောင်နေသဖြင့် မပွင့်တပွင့် ဖြစ်နေ၏။ ချစ်ချစ်လည်း တံခါးကိုဆွဲ၍ ဖွင့်လိုက်သဖြင့် မောင်နိပ်မှာ ရုတ်တရက် အံ့အားသင့်သကဲ့သို့ ဖြစ်သွားပြီး ပြုံးရယ်ကာ ရပ်နေသော ချစ်ချစ်ကို မြင်သဖြင့်

"ဩော် ချစ်ချစ်ပါကလား၊ တံခါးပိတ်ထားနော်၊ လိမ်မှာတယ်၊ အပြင်ဘက်ကို ရေတွေ စိုကုန်လိမ့်မယ်" ဟု ပြောလိုက်လေ၏။ ချစ်ချစ်သည်
mgyoe.com

mgyoe.com
တံခါးကို သေသေချာချာပြန်၍ပိတ်လိုက်ပြီးနောက် များမကြာမီ ဒေါ်အုံးလှအား လှမ်း၍

"မေမေကြီး . . . မေမေကြီး . . . ကိုကို ရေချိုးတာ လုံချည်လည်း မဝတ်ဘူးနော်" ဟု မေးလိုက်သံနှင့်

"ဟဲ့ မပတ်နေပါ့မလား၊ ရေလဲပိုင်းနဲ့ ချိုးတာပေါ့" ဟု ပြောလိုက်သံ အပြင် ဝါးခနဲ ရယ်လိုက်သံများသည် ဆပ်ပြာတိုက်နေသော မောင်နိပ်ထံသို့ ဂယက်ရိုက်၍ ဝင်လာလေ၏။ မဏိ၏ ရယ်သံကား အဆိုးဝါးဆုံးဖြစ်လေ၏။ မောင်နိပ်၏ ဆပ်ပြာတိုက်နေသော လက်များမှာ ရပ်တန့်သွားကာ တစ်ကိုယ်လုံး သွက်သွက်ခါ၍ သွားလေ၏။

"အဲဒါမှ ခက်တာပဲ၊ တယ်လည်း နှိပ်စက်တဲ့ ကောင်မလေးပါကလား" ဟု ညည်းတွားပြီး ရေချိုးရသည်ကိုပင် မအေးနိုင်ဘဲ ဒေါသသွေးမွှန်လျက် တစ်ကိုယ်လုံး နွေးခနဲပူခနဲ ဖြစ်၍နေလေ၏။ ရေချိုးပြီးသော်လည်း အပြင်သို့ ရောက်လျှင် ပိုင်းရယ်ကြတော့မည်ကို ကြောက်သဖြင့် ရုတ်တရက်မထွက်ဝံ့သေးဘဲ အခန်းထဲတွင် ငုတ်တုတ်ထိုင်၍နေရလေ၏။ အတန်ကြာလျှင် ချမ်းစိမ့်စိမ့်ဖြစ်လာသဖြင့် ထွက်တော့မည်ဟု တံခါးအပြင်မှနေပြီး ကန့်လန့်ကာချသွားပြီကို ရိပ်မိသဖြင့် ပိုမိုစိတ်ရှုပ်၍သွားကာ အံကြိတ်လျက် အကြံရခက် အကြီးအကျယ် ဒေါပွနေမိလေ၏။ ရေချိုးနေသည်အထင်နှင့် မည်သူမှလာကာ တံခါးကိုဖွင့်မည်မဟုတ်၊ ရေချိုးခန်းထဲတွင် ငုတ်တုတ်ထိုင်၍နေရန်မှာလည်း အေးအားကြီးသဖြင့် ကြက်သီးတဖြန်းဖြန်းထနေပြီဖြစ်ရာ မတတ်သာတော့ဘဲ

"ဟော့ . . . မဏိ . . . မဏိ" ဟု တိုးတိုးခေါ်ရင်း တံခါးကိုခေါက်လေ၏။ ဘယ်သူမှ လာ၍မဖွင့်၊ ကြားပုံလည်းမပေါ်သဖြင့်

"ဟော့ . . . မဏိ၊ တံခါးဖွင့်စမ်းပါဟော့" ဟု အော်လည်းအော်၊ တံခါးကိုလည်း နာနာခေါက်လိုက်မှ

"ဟော့ ရေချိုးခန်းတံခါးကို ခေါက်နေတယ်၊ ဘယ်သူ ပိတ်ထားတာလဲ၊ အထဲမှာ မောင်နိပ် ရေချိုးနေတယ်မဟုတ်လား၊ မဏိ သွားပြီးဖွင့်လိုက်စမ်း" စသည်ဖြင့် ပြောသံများကိုကြားလိုက်ရပြီးနောက် တံခါးကိုလာ၍ဖွင့်မှ မောင်နိပ်မှာ ထွက်ခဲ့ရလေ၏။
mgyoe.com

"ချစ်ချစ် လက်ချက်နဲ့တူတယ်" ဟု မဏီက ပြောစဉ် ဒေါ်အုန်းလှက

"ကျုပ်တူ ရေချိုးတာ ရေလဲပိုင်းနဲ့ပါတော် ကြည့်ပါလား" ဟု ချစ်ချစ်ဘက်သို့ လှည့်၍ပြောသဖြင့် ဝိုင်းကာသောကြသော ရယ်သံများနှင့် ရောနှောပြီး မချိသွားဖြစ်ရင်း အိမ်တွင်းသို့ ခပ်မြန်မြန်ဝင်ခဲ့ရလေ၏။ အဝတ်အစားလဲလှယ်ပြီးသည့်တိုင်အောင် မောင်နိပ်၏ဒေါသကား မပြေသေး။ အသိမိတ်ဆွေအိမ်သို့ ပြောင်း၍ပြေးရမှာကလည်း

"မင်းနှယ်ကွာ ကလေးပြောတာ ဒါလောက်အရေးစိုက်ရသလား" ဟု ဝိုင်းဝန်းပြောဆိုကာ သာ၍ပင် အရယ်ခံရမည်ကို စဉ်းစားရင်း အကြံအိုက်ပြီး သက်ပြင်းရှည်ကြီးရှူ၍ ထုတ်လိုက်မိလေ၏။ နေ့ဆွမ်းကျွေးပြီးနောက် တစ်အိမ်သားလုံး တိတ်ဆိတ်လျက်ရှိကြသဖြင့် တစ်ကြောင်း၊ နေ့အားဖြစ်သဖြင့် မိခင်ဖြစ်သူထံ အမြန်ပြန်နိုင်က ပြန်ခဲ့စေချင်ကြောင်းဖြင့် စာတစ်စောင်ရေးရန် စိတ်ကူးမိရာမှ စာရေးကတ်ကိုဆွဲကာ စာတစ်စောင်ရေးလေ၏။ စာရေး၍ တစ်ဝက်လောက်ရောက်လျှင် မိမိအခန်းဝတွင် ခြေသံလိုလိုကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဗန်းကလေးတစ်ချပ်ကို ရွက်လျက် မျက်နှာထားခပ်တည်တည်ဖြင့်

"ကဲ . . . မိုးကျလက်ဖက်၊ မိုးကျလက်ဖက်၊ ဒီက ယူကြဦးမလား" ဟု သံနေသံထားဖြင့် ဟစ်လိုက်သောချစ်ချစ်ကို တွေ့ရသဖြင့် ခေါင်းကိုပြန်၍ ငုံ့လိုက်ပြီး စာကိုဆက်၍ရေးလေ၏။

"ကဲလေ . . . ကိုကို ဝယ်ဦးမလား"

မောင်နိပ်မှာ မြန်မြန်သွားပါစေဟု သဘောထားကာ

"ကဲပါလေ . . . တစ်ပဲဖိုးထည့်ပြီး အဲဟိုနေရာမှာပဲ ထားခဲ့ပါ" ဟု ပြောဆိုလိုက်ပြီး စာကိုဆက်၍ ရေးပြန်လေ၏။ ချစ်ချစ်မှာ ဗန်းကိုချကာ ကျကျနနထိုင်ပြီးနောက် လှီးချွတ်သယ်ယူလာသော သစ်ရွက်အမျိုးမျိုးကို အိုးပုတ်နှစ်လုံးတွင်ပါသော ရေအမျိုးမျိုးဖြင့် ဖက်တစ်ခုထဲတွင် လက်ဖက်သုပ်ကိုပြင်လေ၏။ ထုပ်၍ပြီးလျှင် အခန်းထောင့်ခုံးကလေးတစ်ခုပေါ်တွင် တင်ရင်း

"ကဲ . . . ပိုက်ဆံ" ဟု ပြောကာ လက်ဝါးခံ၍ တောင်းနေပြန်သဖြင့်

"ရော့ . . . ရော့" ဟု ပြောဆိုကာ အိတ်ထဲမှ ပဲစေ့တစ်စေ့ကို ထုတ်၍ပေးလိုက်လေ၏။

mgyoe.com

ချစ်ချစ်မှာ ရုတ်တရက် မိမိ၏မျက်လုံးများကိုပင် မယုံနိုင်သလို အံ့အားသင့်သွား၍ သွားမိလေ၏။ ပဲစေ့ကလေးမှာ အသစ်စက်စက် ငွေရောင်ထွက်၍နေသဖြင့်

"တို့တော့၊ ကော်တာပဲ၊ တစ်ပဲဖိုး ရောင်းရတယ်၊ ကိုကိုက သိပ်လိမ္မာတာပဲ၊ ဟိ . . . ဟိ" ဟု ဝမ်းသားလုံးဆို့ကာ ရယ်ပြုံးနေသဖြင့် ချစ်ချစ်နှင့် မိတ်ဆွေဖြစ်ရလျှင် သက်သာရာရမည်ကို ပြေး၍မြင်ယောင်လိုက်သည်နှင့် တစ်ပြိုင်နက် စာရေးရာမှ ထ၍ကာ

"ဟာ . . . ချစ်ချစ် လက်ဖက်က သိပ်ကောင်းတာပဲ၊ ကဲ . . . နောက်ထပ် တစ်မူးဖိုးပေးပါဦး"

ချစ်ချစ်သည် လက်ဖက်သုပ်ကို ယခင်တစ်ခါထက်ပို၍ ကျကျနနပြင်လိုက်ပြီးနောက် မောင်နိုပ်အား လှမ်း၍ပေး၏။ မောင်နိုပ်က ပေးလိုက်သောလေးထောင့်မူးစေ့ကို ကြည့်ရင်း

"ဟော့ ကော်တာပဲကွ၊ ပိုက်ဆံတွေ အများကြီးရတာပဲ"

"ကဲ . . . ကဲ . . . ချစ်ချစ်က လိမ္မာတယ်၊ အောက်မှာ သွားကစားချည်၊ ကိုကို စာရေးဦးမယ်"

ချစ်ချစ်သည် မိမိအား ယခုကဲ့သို့ ရက်ရက်ရောရောပေးကမ်း၍ လက်ဖက်ဝယ်ယူသော မောင်နိုပ်အား များစွာကျေးဇူးတင်ကာ အစစအရာရာ ကူညီလိုသောစိတ်များ ပေါ်ပေါက်လာပြီး

"ကိုကို စာရေးနေတာ မမမူကို ပေးဖို့လား"

မောင်နိုပ်တွင် မျက်လုံးများ ဝိုင်း၍သွားလေ၏။

"ဘယ် ဟုတ်ရမှာလဲ၊ ဒါကို ကိုယ့်မေမေဆီကို ပေးဖို့"

"မမမူကိုကော မပေးဘူးလား"

"မပေးပါဘူး၊ ကဲ . . . ကဲ . . . အောက်မှာ သွားကစားချည်နော် လိမ္မာတယ်"

"ပေးလိုက်ပါဦးလား . . . ချစ်ချစ်သွားပေးလိုက်မယ်"

"မပေးပါဘူးဗျာ၊ သွားပါ"

"ဒါဖြင့် နောက်တော့မှ ပေးနော် ကိုကို၊ ခု သွားပြီး လက်ဖက်ရောင်းရဦးမယ်၊ မအားသေးဘူး"ဟု ဆိုကာ ဗန်းကလေးကို ကောက်၍ရွက်ပြီး မိုးကျ

လက်ဖက်' ဟု အော်ရင်းထွက်သွားလေ၏။

ည ထမင်းစားချိန်တွင် မောင်နိပ်သည် လမ်းလျှောက်ရန် စောစော ထွက်၍သွားပြီး ရေမိုးချိုးနေရာ အနည်းငယ်နောက်ကျသဖြင့် ကပျာကယာ အဝတ်လဲ၍ ထမင်းစားခန်းထဲသို့ ဝင်ခဲ့လေ၏။

ဦးအေးက မျက်လုံးကို လှန်၍ကြည့်ရင်း ထမင်းထည့်ထားသော အာလုပ် သံဖြင့်

"ဟဲ . . . နိပ်ဘန်၊ ဘယ်များသွားနေသလဲ" ဟု မေးလိုက်ရာ ဒေါ်အုံး လှမှာ မျက်နှာအနည်းငယ်ပျက်၍သွားပြီး ဦးအေးအား လှမ်း၍လျှင်မြန်စွာ မျက်စောင်းထိုး လိုက်လေ၏။ ဒေါ်မြင့်ကြား အံ့သြသောမျက်နှာထားဖြင့် ဦးအေးအား လှမ်း၍ကြည့်လိုက်လေ၏။ ဦးအေးမှာ တစ်စုံတစ်ရာကို သတိရ သကဲ့သို့ မျက်နှာမှာ ပြုံးတုံ့တုံ့ဖြစ်၍သွားရာမှ

"ဟား . . . ဟား . . . ဟား၊ ကိုယ်ကလည်း တစ်ခါတစ်ခါ ဒီကောင်ရဲ့ ငယ်နာမည်ကို သွားသွားခေါ်မိတယ်၊ ဒီလို မမြင့်ရဲ့ မောင်နိပ်ရဲ့ အဖေက တော်တော်လည်း ဆန်းတဲ့လူ၊ သူတကာလုပ်သမျှထက်ကဲပြီး ပိုချင်တတ်တယ်၊ ခုကာလ ကလေးတွေမွေးရင်း ခင်မျိုးဆွေ၊ မောင်ကမ္ဘာတို့၊ ခင်ထွဋ်ခေါင် တို့ နာမည်ကို ကြီးကြီးကျယ်ကျယ်သိပ်ပြီး မှည့်ကြတော့ မောင်နိပ်ရဲ့အဖေက သူ့သားကို နိပ်ဘန်ဆိုပြီး နာမည်ပေးလိုက်တာကလား . . . သူ့ကိုမေးတော့ ဘယ်လူဘယ်လိုနာမည် မှည့်မှည့် သူ့သားရဲ့နာမည်ကိုတော့ မမီနိုင်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားတောင်မှ နိဗ္ဗာန်ကိုရဖို့ မနည်းကြိုးစားရ တယ်တဲ့၊ ဒီတော့ နိဗ္ဗာန်ထက်အဖိုးတန်တဲ့နာမည် ဘယ်မှာရှိသေးသလဲဆိုပြီး တောင်းပန်တာတောင် မရဘူး၊ ဖွတ်မှည့်တာပါပဲ၊ နောင် လူထဲသူထဲမှာခေါ်ရင် ဝိုင်းဝိုင်းပြီး ရယ်ကြလွန်းတို့ အတိုချုံးပြီး မောင်နိပ်လို့ ခေါ်ရတာကလား ဟား . . . ဟား . . . ဟား" ဟု ရယ်ရင်း မောင်နိပ်၏နာမည်ရာဇဝင်ကို ခင်းလိုက်ရာ ထမင်းစားနေသူများမှာ ပွဲကျ၍ သွားလေ၏။ မောင်နိပ်တွင် လည်း ရောရယ်လိုက်ရလေ၏။

တစ်ဖန် တိတ်ဆိတ်၍သွားပြန်သဖြင့် မောင်နိပ်မှာ တစ်ခါတစ်ခါ မြမူ အား လှမ်း၍ကြည့်လိုက်ရာ သုံးလေးခါမျှ အကြည့်ချင်းဆုံနေသဖြင့် ထမင်း ကိုသာ ငုံ့၍စားစဉ် ချစ်ချစ်မှာ တစ်စုံတစ်ရာကို သတိရသကဲ့သို့

mgyoe.com

"ကိုကို ဒီမှာ ဟိုဥစ္စာလေ . . . ဟိုဟာ ပြီးပလား . . ."

"ဘာလဲ ချစ်ချစ်ရဲ့" ဟု စဉ်းစား၍မရသော မျက်နှာထားဖြင့် ကြောင်တောင်တောင် ပြန်မေးသဖြင့်

"ဟိုဟာလေ ဟိုဟာ" ဟု စာရေးသကဲ့သို့ လက်ကိုလုပ်၍ပြရင်း မြမူဘက်သို့ မျက်စပစ်ပြလိုက်လေ၏။

ဦးအေးမှာ ငါးကြော်တစ်တစ်ကို ကိုင်ကာ ဖွဲ့ရင်း

"ဘာလဲကွ . . ."

"မသိပါဘူး ဘကြီးရယ်"

"ကိုကို မပြောနဲ့နော် . . . ဟီ . . . ဟိ"

"အို ချစ်ချစ်ကလည်း ထမင်းစားမှာ စားတာမဟုတ်ဘူး၊ စကားများလိုက်တာ လွန်ရော" ဟု ဒေါ်မြင့် ငေါက်လိုက်မှ တိတ်၍ သွားလေ၏။

အခြားလူများမှာ စကားတပြောပြောနှင့် ဆက်လက်စားသောက်နေကြသော်လည်း ဦးအေးနှင့် မြမူမှာ မကြာခဏ မောင်နိပ်အား သကာမကင်းသော မျက်လုံးများဖြင့် ကြည့်ရှုနေသည်ကို တွေ့ရလေ၏။

ထမင်းစားသောက်ပြီးနောက် လမ်းအနည်းငယ်လျှောက်လိုသဖြင့် ခြံတွင်းဆင်းခဲ့ရာ နှင်းဆီပန်းတစ်ပွင့်ကိုခူးကာ ခြံထဲရှိ ခုံတန်းလျားကလေးဘက်သို့ လျှောက်လာသော မြမူနှင့် မျက်နှာချင်းဆိုင်မိသဖြင့် တစ်ဖက်သို့လှည့်၍ ထွက်သွားမည်ပြုစဉ်

"ကိုမောင်နိပ် မနေ့ညနေက ဝတ္ထုစာအုပ်တစ်အုပ် ကိုင်သွားတာ မြင်လိုက်တယ်၊ ဝယ်လာတာလား"

"ဟုတ်ကဲ့ . . ."

"ဖတ်ပြီးရင် ကျွန်မကို ခဏငှားပါလား"

"ပြီးပါပြီ . . . ဖတ်ပြီးပါပြီ . . . ဖတ်ချင်ရင် သွားယူလိုက်မယ်လေ"

"အို နေပါစေ၊ နောက်မှ ယူပါ့မယ်"

"ဟုတ်ကဲ့" ဟု ဆိုကာ စကားဆက်ပြတ်၍သွားပြီးနောက် တောင်မြောက်လေးပါးသို့ လှည့်ကြည့်မိလေ၏။ မောင်နိပ်တွင် မြမူနှင့် တစ်လုံးစ နှစ်လုံးစ စကားပြောရသည်မှာ ရှေ့တွေ့စကနှင့်မတူ အနည်းငယ်ရဲတင်းလျက် စိတ်ထဲတွင် အမြဲပင်ဆက်၍ ပြောချင်သလိုလို၊ မြမူက မျက်နှာကိုကြည့်လိုက်လျှင်

mgyoe.com
ရင်တွင်း၌ ဖိုသလိုလိုဖြစ်မိကာ အလုပ်ကပြန်လာ၍ မြမှုကို မမြင်ရလျှင် ရင်တွင်း၌ ဟာသလိုလိုဖြစ်နေသောအခြေသို့ ဆိုက်ရောက်လာခဲ့လေ၏။ သို့သော် မြမှုနှင့် စကားပြောရသည်မှာ အရသာရှိသလောက် မထင်သော နေရာမှ ရုတ်တရက် ပေါ်ပေါက်၍လာတတ်သော ချစ်ချစ်၏ရန်ကိုလည်း ကြောက်ရလေ၏။ လှည့်၍ကြည့်လိုက်ရာတွင် မည်သူ့ကိုမျှမမြင်သဖြင့် မြမှု၏အပါးမှ ရုတ်တရက်ထွက်ခွာမသွားသေးဘဲ

"ကဲပါလေ . . . ခုယူချင်ရင် ယူထားပါ၊ သွားယူလိုက်ပါ့မယ်"

"မယူပါနဲ့ ကိုမောင်နိပ်ရဲ့၊ ခု ယူထားလို့ ဘယ့်နှယ်လုပ် ဖတ်ရမလဲ၊ အိမ်ထဲ ပြန်ရောက်တော့မှပဲ ပေးပါ"

"ဒါဖြင့်လည်း သဘောပဲ"

"ဒါနဲ့ နေပါဦး ကိုမောင်နိပ်၊ ချစ်ချစ်ကို ဟိုဟာ ဒီဟာတွေ သွားမပြောနဲ့နော်၊ ချစ်ချစ်က သိပ်ကြောက်စရာကောင်းတယ်"

မောင်နိပ်၏မျက်လုံးများမှာ ပြူးကျယ်၍သွားရာမှ

"ဘာမှ မပြောရပါဘူးဗျာ၊ ဘာပြောလို့လဲ . . ."

"ရှင် ဘာမှ မပြောဘူးလား . . ."

"မပြောရပါဘူးဗျာ၊ ဘုရားစူးရပါစေရဲ့"

"ဒါဖြင့် ထမင်းပွဲမှာတုန်းက ရှင်နဲ့ ချစ်ချစ်နဲ့ ဘာကြိတ်ပြီး မျက်စိမှိတ်၊ မျက်စပစ် လုပ်နေကြတာလဲ . . ."

"အဲဒါ ခွကျတာပဲဗျာ၊ ကျွန်တော်လည်း ဘာမှ မသိရပါဘူး၊ သူက မြမှုကို စာပေးပါလား ဘာလားနဲ့ပြောပြီး ဘယ်တွေဘယ့်နှယ်လျှောက်ပြောသလဲ မသိပါဘူးဗျာ"

"ကျွန်မကိုပြောတော့ ကိုမောင်နိပ်က စာပေးခိုင်းတယ်တဲ့၊ သူက တော်တော်ကြာမှ ပေးပေးမယ်ဆိုပြီး ပိုက်ဆံကိုသာ ယူခဲ့တယ်တဲ့၊ စာကို မယူခဲ့သေးဘူးတဲ့၊ ပိုက်ဆံသုံးပဲ ပေးလိုက်တယ်ဆိုပြီး ထုတ်ပြသေးတယ်"

"ဟယ် . . . မိုးကြိုးပစ်ရပါစေရဲ့ဗျာ . . . မဟုတ်တာ . . ."

"စာပေးပြီးရင်လည်း ထပ်ပြီးပေးဦးမယ်လို့ ကိုမောင်နိပ်က ပြောတယ်ဆိုပဲ"

"အဲဗျ . . . သောက်ကျိုးနည်း ကာလနာတိုက်ရ"
mgyoe.com

mgyoe.com


"အို . . . ကျိန်တွယ်မနေပါနဲ့ရှင် . . ."

"ဟာ . . . မဟုတ်တာဗျာ . . . ဘယ့်နှယ် ကျွန်တော်က ဒီလို တစ်ခွန်းမှ မပြောရဘဲဟာ . . . ဟောဒီ ဆေးလိပ်မီးလို . . ."

"အို . . . မကျိန်ပါနဲ့ ကိုမောင်နိပ်ရဲ့၊ ကျွန်မကလည်း ချစ်ချစ်ဓာတ်ကို မသိဘဲ နေပါ့မလား၊ ကိုမောင်နိပ်ကတော့ သူ့ဓာတ်ကို မသိတော့ ကျီစား သလိုလို ပြောများ ပြောမိသလားလို့"

"မပြောပါဘူးဗျာ၊ သူ့တော့ လန့်လွန်းလို့ ဘာမှ မပြောဝံ့ပါဘူး၊ ခင်ဗျား လည်း အသိသားပဲဗျာ၊ ကျွန်တော် ဘာ ဒီလို ပြောရဲမှာလဲ"

မြမူမှာ အသံကလေးထွက်အောင် ရယ်လိုက်မိသလောက် မောင်နိပ်တွင် မျက်နှာပျက်ပျက်နှင့် အတန်ကြာငိုင်၍နေမိရာမှ မြမူ၏မျက်နှာကို တစ်ဖန်ပြန် ၍ကြည့်လိုက်ရာ ပြုံး၍နေသေးသည်ကိုတွေ့သဖြင့် ဝင်၍ပြုံးရင်း

"အင်းဗျာ . . . ကြွပ်လိုက်တာ . . . ကျွန်တော်ဖြင့် တစ်ခါတစ်ခါ ထွက်တောင် ပြေးချင်တာပဲ" ဟု ညည်းလိုက်လေ၏။

နေဝင်စတွင် ထကြွလှုပ်ရှားတေးဆို၍ ကစားလိုက်သော လေညင်း ကလေးသည် ခုံရှည်ကလေးရှေ့တွင် ရပ်၍စကားပြောနေသူနှစ်ဦးအား မွှေ့ရမ်း ကျီစား ချမ်းစိမ့်စိမ့်ဖြစ်သွားစေလေ၏။ မြမူသည် ဒုက္ခိတတစ်ဦးအား သနား သဖြင့် ကြည့်သော မျက်နှာထားမျိုးဖြင့် မောင်နိပ်အားကြည့်ရင်း

"ကလေးပဲ ကိုမောင်နိပ်ရယ်၊ ဂရုစိုက်စရာလိုက်လို့" ဟု ပြောစဉ် အပေါ် ထပ် ဝရန်တာမှနေ၍

"ဟေ့ အေးတယ်ဟေ့၊ အထဲဝင်ကြပါတော့လား" ဟု အော်လိုက်သော ဦးအေး၏အသံကို ကြားသဖြင့် မောင်နိပ်မှာ မမြမူနှင့်အတူတူ ပြန်၍မဝင်ဘဲ တစ်ကိုယ်တည်း ခပ်သုတ်သုတ်အိမ်ထဲသို့ ဝင်ခဲ့လေ၏။

* * *

(၅)

ဖြူဖွေးပါးလွှသော ခြုံစောင်ပမာ ညင်သာစွာရစ်ထွေးလိုက်သော မြူနှင်း တိုက်အကြားမှ အားနည်းမှုန်ရီသော လဝန်း၏ရောင်ခြည်သည် တစ်ကိုယ် တည်းထိုင်ကာ စီးကရက်ကိုဖွာရင်း စိတ်ကူးယဉ်၍နေသော မောင်နိပ်၏

mgyoe.com

mgyoe.com


အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်ရောက်၍လာလေ၏။ မြမူနှင့် ရင်းရင်းနှီးနှီး စကားပြောရသောအချိန်မှစ၍ မြမူ၏ သာယာသောရယ်သံမောသံ ပြောသံဆိုသံကလေးများမှာ နားတွင်းမထွက်တော့ဘဲ အလုံးအခဲဖြစ်ကာ ဦးနှောက်အတွင်းဝယ် အမြစ်တွယ်လျက်ရှိလေတော့၏။

မြမူ၏အကြောင်းကို မတွေးဘဲမနေနိုင်၊ အလုပ်အကိုင်လုပ်ကိုင်ရာတွင်ပင် မြမူ၏ ကြည်လင်သောမျက်နှာကလေးသည် မောင်နိပ်၏စိတ်ကို တစ်ဦးတည်း ကိုယ်စားလှယ်ယူ၍ထားသကဲ့သို့ အနားမပေးဘဲ အမြဲတွေးတောကာ ငေးမောနေစေလေ၏။

"မေမေတို့ကလည်းဗျာ . . . ဒီလိုဟာကလေးမျိုးတော့ စပ်မပေးချင်ဘူး၊ ခုနေ တကယ်လို့ ပြန်လာရင် လူကြီးချင်းစေ့စပ်ပေးဖို့ နားပူပေးလိုက်ရင် ဟန်ချင်ရင်ဟန်မှာပဲ၊ ဒါပေမဲ့ ဟန်ရင်တော်ပါရဲ့၊ တကယ်လို့ မြမူက သဘောမကျလို့ မယူဘူးဆိုရင် ဒုက္ခပဲ၊ အရှက်လုံးလုံးကွဲပြီး လူထဲမှာတောင် နေဖို့မကောင်းတော့ဘူး" စသည်ဖြင့် တွေဝေကာစဉ်းစားနေစဉ် ညင်သာစွာခေါက်လိုက်သော တံခါးပေါက်မှ အသံတစ်ခုကိုကြားရသဖြင့် ထ၍

"ဘယ်သူလဲ . . . ဘဌေးလား၊ မဏိလား . . ." ဟု မေးလိုက်လေ၏။

မဏိသည် ဖွပ်လျှော်ပြီးသော စွပ်ကျယ်အင်္ကျီနှစ်ထည်ကို ကိုင်ကာ အခန်းတွင်းသို့ ဝင်လာပြီး

"အစ်ကိုကြီး မီး ဘာဖြစ်လို့ မထွန်းသေးသလဲ"

မောင်နိပ်သည် မဏိ၏အမေးကို ပြန်၍မဖြေဘဲ ဓာတ်မီးခလုတ်ကို လှမ်း၍ဖွင့်လိုက်လေ၏။

"ဒီမှာ အစ်ကိုကြီး စွပ်ကျယ်နှစ်ထည် လျှော်ပြီးပြီဗျ"

"အေး . . . အိပ်ရာပေါ်မှာ ထားလိုက်"

စွပ်ကျယ်နှစ်ထည်ကို အချိန်ကြာနိုင်သမျှ ကြာအောင် သေချာစွာခေါက်ရင်း မောင်နိပ်အား မကြာခဏ လျင်မြန်သောမျက်လုံးများဖြင့် အကဲခတ်၍နေသော်လည်း ဘာမျှမပြောဘဲ စားပွဲပေါ်တွင် တင်ပါးလွှဲထိုင်ကာ ပြတင်းပေါက်ဘက်ကိုသာ ငေး၍ နေသဖြင့် အနီးသို့ကပ်ခဲ့ပြီး

"အစ်ကိုကြီးတို့ ညနေက ဘာတွေ ပြောနေကြတာလဲ"

"ဘယ်မှာလဲ . . . ဘယ်သူနဲ့လဲ"

mgyoe.com

mgyoe.com


"ခြံထဲမှာလေ . . . ညနေက ကျွန်တော် မြင်ရပါတယ်၊ အစ်ကိုကြီးတော့ ဟန်မှာပါပဲလို့ ကျွန်တော် အစက ပြောတယ်မဟုတ်လား"

"ဘယ်က ဟန်ကမှာလဲကွာ၊ တခြားအကျိုးအကြောင်းတွေ ပြောနေတာပါ"

"အဟုတ်မဟန်တာလား အစ်ကိုကြီးရဲ့" ဟု မယုံကြည်သကဲ့သို့ ထပ်၍ မေးနေပြန်သဖြင့်

"တကယ့်ကို မဟန်တာပါကွာ၊ မင်းကို ငါက လေကုန်ခံပြီး ညာနေရဦးမှာလား"

"ဟာ အစ်ကိုကြီး တကယ်ရိုးတာကိုး၊ ဒါမျိုးမှာ ဒီလိုရိုးနေရင် ဘယ်ခရီးတွင်တော့မှာတုန်း၊ နေပါဦး၊ ကျွန်တော် မေးပါရစေ၊ ဒီလို ခပ်အေးအေးလုပ်နေတာဟာ အစ်ကိုကြီးက သဘောမကျလို့လား"

မောင်နိပ်သည် ဘာမျှပြန်မပြောဘဲ တုံဏှိဘာဝေ တိတ်ဆိတ်နေလိုက်လေ၏။

"ဒါတော့ အစ်ကိုကြီး သဘောပဲလေ၊ ကျွန်တော်ကတော့ အစ်ကိုကြီးအတွက် ပြောနေရတာ . . ." ဟု ပြောဆိုရာမှ စကားမဆုံးမီ ထွက်သွားမည်ပြုသဖြင့်

"ငါက သဘောကျပါတယ်ဆိုကော မင်း ဘာတတ်နိုင်မှာလဲကွ၊ ပြောရတာ လေကုန်ရုံပဲ ရှိတော့မပေါ့" ဟု ခပ်ဆတ်ဆတ်ပြောလိုက်မှ

"ဘာဟုတ်မလဲ အစ်ကိုကြီးရ၊ ဒီလိုဆိုတော့ ကြံရတာပေါ့"

"အံမယ် မင်းက ဘာလိုကြံချင်လို့လဲ"

"စာပေးမယ်တဲ့ အစ်ကိုကြီးရယ်"

"ပေးတော့ ပေးတဲ့စာကို ဘကြီး သွားပြ၊ ငါ့ကို တယ်မိုက်တဲ့အကောင်ဆိုပြီး အိမ်ပေါ်ကကန်ချ၊ အဲဒီတော့မှ ဟန်ကျမယ်၊ ဟင်း . . . ဟင်း . . ." ဟု မချိသော ရယ်ခြင်းဖြင့် ရယ်လိုက်ရာ မဏိမှာ မခံချိမခံသာခေါင်းကိုကုပ်ရင်း မျက်မှောင်ကုပ်ခါ ငေး၍သွားရာမှ

"ဒီလိုဆိုရင် လူကိုယ်တိုင် ဖွင့်ပြောချလိုက်တာပေါ့"

မောင်နိပ်မှာ မဏိ၏ ကြီးမားခေါင်းကိုကြည့်ရင်း သရော်သလို ပြုံးလိုက်ကာ

mgyoe.com

mgyoe.com

"မဏိ . . . မဏိ . . . မင်းခေါင်းကြီးသရွေ့ အထဲမှာ ဟိုဟာတွေ ပြည့်နေတာ ထင်ပါရဲ့ကွာ" ဟု လေရှည်ဆွဲ၍ပြောလိုက်ရာ မဏိမှ ကဝိတစ်ဆူအဖြစ် မိမိကိုယ်ကို မှတ်ယူနေရာမှ ယခုကဲ့သို့ ရှုတ်ချပြောဆိုခြင်းကို အလျှဉ်းမမျှော်လင့်ဘဲ ခံရသဖြင့် မချင့်မရဲရှိလှသော မျက်နှာထားဖြင့်

"ဖွင့်ပြောတော့ ဘာဖြစ်ရဦးမှာလဲ"

"ပြန်ပြီး လူကြီးတွေကို ပြောမှာပေါ့"

"လူကြီးတွေ ပြန်ပြောမယ်ဆိုတာ အစ်ကိုကြီးအထင်ပါ၊ သူက သဘောကျနေရင် အလကား ပြန်ပြောပါ့မလား"

"အိုကွာ . . . ဒါတော့ သူ့သဘောကို မင်းပြောနိုင်လို့လား"

"ဒါတော့ ဘယ်ပြောနိုင်မလဲ အစ်ကိုကြီးရဲ့၊ စမ်းပြီးပြောကြည့်မှ သိနိုင်တော့မပေါ့"

"အဲသည်လို စမ်းပြီးပြောလိုက်လို့မှ သူက သဘောမကျလို့ ပြန်ပြီးတိုင်ရင်ကော" ဟု စောဒကတက်လိုက်ရာ မဏိမှာ အတန်ကြာ မျက်နှာကိုရှုံ့၍ ခေါင်းငုံ့သွားပြီး ဒေါသတကြီးထကာ

"ကိုင်းဗျာ . . . တိုင်ပစေ၊ ဒင်းတိုင်လို့ကော ဘာဖြစ်ရဦးမှာလဲ၊ သက်သေမှ မရှိဘဲ၊ မပြောဘူးလို့ ငြင်းမှာပေါ့"

"အဲဒီတော့ သူနဲ့ ငါနဲ့ ခုလို စကားမပြောရတော့ဘူး"

မဏိမှာ စိတ်မရှည်သောအမူအရာဖြင့် ခေါင်းကိုခါရင်း

"အစ်ကိုကြီးဟာက တယ်ခက်တာပဲ၊ ကိုယ့်ဘက်ကလည်း သာသာထိုးထိုး တွေးဦးမှပေါ့၊ ခုတော့ ပြောလိုက်သမျှ ကိုယ့်ဘက်က ကြောက်ရမယ့်ဟာတွေချည်းပဲ" ဟု ပြောဆိုကာ စိတ်ပျက်ပျက်နှင့် အခန်းတွင်းမှ ထွက်သွားလေ၏။

နောက်တစ်နေ့ကား နေ့အားသဖြင့် နေ့လယ်လက်ဖက်ရည်သောက်ပြီးနောက် အဝတ်အစားလဲလှယ်ကာ အောက်ထပ်သို့ဆင်းလာသဖြင့် ချစ်ချစ်က

"ကိုကို ဘယ်သွားမလို့လဲ"

"မြို့ထဲ ခဏသွားမလို့"

"ချစ်ချစ်လည်း လိုက်မယ်"

"ဟယ် . . . မဟုတ်တာ . . . အလကား ကြာနေပါ့မယ်၊ ကိုမောင်နိုင်

mgyoe.com

သွား သွား" ဟု သတင်းစာဖတ်ရာမှ ရယ်မောပြောဆိုလိုက်သော မြမူ၏ အသံကိုကြားသဖြင့် လှည့်၍ကြည့်ပြီး သွားများကိုဖြီးကာ အိမ်မှ ထွက်ခဲ့လေ၏။ မိတ်ဆွေ တစ်ယောက်နှင့်တွေ့သဖြင့် သုံးနာရီခွဲပွဲ ရုပ်ရှင်ဝင်၍ကြည့်ပြီး နောက် ခြောက်နာရီလောက်မှ ခပ်သုတ်သုတ်ပြန်ခဲ့လေ၏။ ခြံဝသို့ရောက် သည်နှင့် တစ်ပြိုင်နက် အိမ် ပေါ်ထပ်ပြတင်းပေါက်မှ လက်ပြကာ အမြန်လာ ရန်ခေါ်နေသော မဏိကိုမြင်သဖြင့် ဘယ်အကြောင်းကြောင့်ဟု တွေးတောမရ နိုင်ဘဲ အခန်းထဲကိုသာ အမြန်ဝင်၍သွားရာမှ မဏိလုပ်ပုံကိုင်ပုံကို သဘော မကျသဖြင့် ဒေါသအနည်းငယ်ပွကာ

"ဟေ့ . . . ဘာလဲဟေ့၊ မင့်ဟာက အရေးတကြီး ဘာဖြစ်နေတာလဲ၊ ဒါလောက်တောင် အလန့်တကြား . . ." ဟု ကြိမ်းဝါးလိုက်သော်လည်း အရေးတကြီး ကိစ္စတစ်ခုကို မျိုသိပ်ထားရသဖြင့် ခြေလက်များပင် အငြိမ်မနေ နိုင်အောင် လှုပ်ရှားနေသော မဏိမှာ ဝင်လာသော မောင်နိပ်၏စကားအဆုံး ကိုမျှ မစောင့်နိုင်ဘဲ

"ကဲ . . . အစ်ကိုကြီးရေ . . . ချက်ကောင်းတော့ ပေါ်ပြီ၊ ဒီအခါမှ မကော်ရင်တော့ လမ်းဆုံးပဲ" ဟု ခပ်ပျာပျာပြောလိုက်လေ၏။

မောင်နိပ်၏ အောက်မေးမှာ ဆွဲထားသောကြိုး ပြတ်သကဲ့သို့ ဆတ်ခနဲ အောက်သို့ကျသဖြင့် ပါးစပ်မှာ အကျယ်ဆုံးပွင့်၍သွားလေ၏။ အတန်ငယ် ကြာအောင် အံ့အားသင့်နေမိရာမှ

"ဘာလဲကွ၊ ဘာကော်ရမှာလဲ ပြောစမ်းပါဦး"

"ဒီလို အစ်ကိုကြီးရေ၊ ညနေက မေမေကြီးရယ်၊ ကြီးကြီးမြင့်ရယ်၊ ချစ်ချစ် ရယ် အင်းစိန်က အရေးပိုင်ကတော်ဆိုလား မော်တော်ကားနဲ့ လာပြီးခေါ်သွား တယ်၊ အစ်ကိုကြီးဟာကလေးကတော့ ခေါင်းကိုက်လို့မလိုက်ဘူးဆိုပြီး နေရစ်ခဲ့တယ်၊ ဟိ . . . ဟိ"

"တော်စမ်းပါ၊ မင်းပါးစပ်ကြီး တအားကုန်ဖြီးဖြီးပြီး မရယ်စမ်းပါနဲ့၊ အဲဒါ ဘာဖြစ်သလဲ"

"ဘဘကြီးကလည်း ဒူးနာတဲ့ ရောဂါထပြီး အပေါ်ထပ်မှာ လဲနေတယ်၊ အဲသည်အခါမှာမှ အစ်ကိုကြီးမကော်ရင် ဘယ်သူကော်ဦးမှာလဲ"

မောင်နိပ်မှာ နားမလည်သကဲ့သို့ မျက်မှောင်ကုပ်၍သွားရင်း

mgyoe.com

"အင်းလေ . . . အဲဒီဥစ္စာ ဘာဖြစ်သလဲ၊ ဒါနဲ့ ဘာကြောင့်ကော်ရမှာလဲ"

"ကော်တာပေါ့ အစ်ကိုကြီးရဲ့၊ ကော့်သမှ လွန်ပါရော၊ ကိုင်း . . . အစ်ကိုကြီး သူ့ကို ကြိုက်ပါတယ်လို့ ဖွင့်မပြောဝံ့ဘူး မဟုတ်လား"

မောင်နိုပ်က ခေါင်းကိုညိတ်သဖြင့်

"အဲဒီတော့ မပြောရဘဲနဲ့ တစ်ခါတည်း ကိစ္စတုံးတဲ့နည်းကို ကျွန်တော်က စီစဉ်ပြီးပြီ၊ အစ်ကိုကြီးကသာ သဘောတူမယ်ဆိုရင် လူကြီးတွေမပြန်ခင် အပွပဲ"

"ဘာလဲကွာ၊ မင်းက ရင်တုန်စရာကောင်း လိုက်တာ"

"အို . . . အစ်ကိုကြီးက မတုန်ရဘူး၊ သူက တုန်ရမှာ"

"လုပ်စမ်းပါဦး မဏိမှာ ထောင်ကျမှာဖြင့်လည်း စောစောကြိုတင်ပြီး ထောင်ထဲ ဝင်နေရအောင်"

"နိမိတ်မရှိ နမာမရှိ အစ်ကိုကြီးက ကျွန်တော့်ကို ဒါလောက် အထင်သေးနေသေးသလား၊ ကျွန်တော် ပြောမယ်" ဟု ဆိုကာ လက်ဟန်ခြေဟန် မျက်နှာအမူအရာနှင့်တကွ ဆယ်မိနစ်သာသာမျှ ကြံစည်ထားသမျှကို ဖွင့်ဟပြောဆိုလိုက်ရာ မောင်နိုပ် မှာ အနည်းငယ်ပြုံး၍လာရင်း ခေါင်းကို ဖြည်းဖြည်းညိတ်နေရာမှ

"နေရာတော့ အကျသားပဲ၊ ဒါပေမဲ့ သူက မကြောက်ရင် ဘယ့်နှယ်လုပ်မလဲ"

"လာပြီ အစ်ကိုကြီးက ပြောလိုက်ရင် ဘယ်အခါမှ ဖြစ်တဲ့ဘက်က မတွေးဘူး၊ နေရာမကျဖို့လောက်သာ စဉ်းစားတာပဲ"

"မဟုတ်ပါဘူးကွာ၊ ငါက မတော်တဆ သူက မကြောက် . . ." ဟု စကား မဆုံးမီ မဏိက ဖြတ်၍

"လောကမှာ ဘယ်မိန်းမမှ မကြောက်တဲ့ မိန်းမ မရှိဘူး၊ သူကကော ဘာမို့လို့လဲ၊ ကဲပါ အစ်ကိုကြီးလုပ်မှာလား၊ မလုပ်ဘူးလား၊ အချိန်များများမရဘူးနော်၊ နောင်ကိုလည်း ရဖို့ အခက်သား၊ လုပ်ရင်လည်း မြန်မြန်လုပ်မှ နေရာကျမှာ" ဟု လောလိုက်ရာ မောင်နိုပ်မှာ အစဉ်းစားရခက်လျက် စိတ်ရှုပ်သောအမူအရာဖြင့် ခေါင်းကိုသာ အတွင်ကုတ်၍ နေမိလေ၏။

mgyoe.com

mgyoe.com
"ကိုင်းလေ . . . ဘယ့်နှယ့်လဲ လုပ်မှာလား၊ မလုပ်ရင်လည်း ကျုန်တော် သွားမယ်"

"နေပါဦးကွာ . . . ခဏလေး စဉ်းစားပါရစေဦး"

"ဟာ . . . ဒီလို အချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ လုပ်ရင်လည်း လုပ်မှ"

မောင်နိုပ်၏မျက်နှာမှာ ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်သကဲ့သို့ တင်းမာ၍ သွားလေ၏။ စက်သေနတ်ဖြင့် ပစ်ခတ်နေသောဘက်သို့ ဖွတ်တိုး ၍တက်တော့မည့် စစ်သားကဲ့သို့ စွန့်စားတော့မည်ဆိုသော မျက်နှာထားဖြင့် ထိုင်ရာမှထကာ

"ကဲကွာ ဘာဖြစ်ဖြစ် လုပ်မယ် . . . လာ" ဟု မာန်ညှစ်၍ထုတ်ရသော ခပ် အစ်အစ်အသံဖြင့် ပြောလိုက်လေ၏။ မဏိ၏မျက်နှာမှာ သိသိသာသာ ပြုံးရွှင်၍သွားပြီး

"ဟီး . . . ဟီး . . . အစ်ကိုကြီးကွ၊ ဒါလိုမှပေါ့" ဟု ချီးမွမ်းထောပနာ ပြုပြီးနောက်

"ကဲ . . . အစ်ကိုကြီး အောက်ကို အရင်ဆင်း၊ မမမူ ဧည့်ခန်းထဲမှာ ရှိတယ်" ဟု ကျောကို ညင်သာစွာ တွန်း၍ အခန်းတွင်းမှ ထုတ်လိုက်လေ၏။

* * *

(၆)

မြမူသည် ဝတ္ထုစာအုပ်ကို ဖတ်နေရာမှ ခြေသံလိုလိုကြားသဖြင့် မော်၍ ကြည့် လိုက်ရာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိနေသော မောင်နိုပ်ကို မြင်သဖြင့်

"ဩော် . . . ကိုမောင်နိုပ် ပြန်လာပြီလား၊ ဘဘကြီးက ထမင်းစားတုန်း က မမြင်လို့ မေးနေသေးတယ်"

"အသိတစ်ယောက်နဲ့တွေ့လို့ ဘိုင်စကုပ်ဝင်ကြည့်နေတယ်၊ ကြီးတော်တို့ ဒေါ်ဒေါ်တို့ကော ဘယ်သွားကြသလဲ"

"အင်းစိန်ကို အလည်သွားကြတယ်လေ၊ ဟိုက ကားနဲ့ လာခေါ်သွား တယ်"

"မမြမူကော ဘာလို့ လိုက်မသွားသလဲ"
mgyoe.com

mgyoe.com

"ကျွန်မ ခေါင်းနည်းနည်းကိုက်လို့"

မောင်နိပ်သည် ပြတင်းပေါက်ဘက်သို့ သွားရင်း

"ခေါင်းကိုက်နေတာ စာဖတ်ရင် သာပြီးကိုက်မှာပေါ့ဗျ"

"ကျွန်မလည်း ပျင်းပျင်းရှိလို့"

မောင်နိပ်သည် ပြတင်းပေါက်မှ ခြံတွင်းသို့ကြည့်ရာမှ တစ်ဖန် အပေါ်သို့ မျှော်၍ကြည့်လိုက်ရင်း

"အမယ် မိုးသားတွေ တယ်များပါကလား၊ နတ်တော်လကြီး မိုးများရွာဦးမှာလား"

"ရွာချင်ရင်လည်း ဒီလမှာ ရွာတတ်တာပဲ" ဟု ပြောဆိုလိုက်ပြီးနောက် အတန်ကြာတိတ်ဆိတ်၍သွားစဉ် နောက်ဖေးခန်းဘက်မှ 'ဟင်း' ဟု လေရှည်ဆွဲကာ နာတာရှည်လူမမာများ ညည်းသလို ညည်းညူလိုက်သော အသံတစ်ခုကိုကြားလိုက်ရသဖြင့် မြမူတွင်ခေါင်းထောင်၍သွားသလောက် မောင်နိပ်မှာ လျှင်မြန်စွာ ပြတင်းပေါက်မှ လှည့်၍ကြည့်မိလေ၏။ မြမူ၏ ကြည်လင်သောမျက်လုံးများမှာ အနည်းငယ်ပြူးကျယ်၍လာလေ၏။

"ဘာသံလဲ ကိုမောင်နိပ်"

"မပြောတတ်ဘူးဗျ၊ ခွေးညည်းတဲ့အသံများလား . . ."

"ဒီအိမ်မှာ ခွေးမှမရှိဘဲ"

"အင်း . . . အဟုတ်သား"

"ဘာသံများပါလိမ့်" ဟု စဉ်းစားနေရာမှ စာအုပ်ကို ပြန်၍ဖတ်မည်ပြုစဉ်

"ဟီး . . ." ဟူသော ညည်းညူသံကြီးမှာ ကြက်သီးထစရာ ပေါ်ပေါက်လာ၍လာပြန်သဖြင့်

"ဘာသံလဲ ကိုမောင်နိပ်"

"အေးဗျ . . . နောက်ဖေးခန်းဆီကပဲ၊ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

မမြမူသည် ထိုင်ရာမှ ကပျာကယာထရင်း

"ကိုမောင်နိပ်၊ နေပါဦး . . . ကျွန်မလည်း လိုက်မယ်"

"မဟုတ်တာဗျာ၊ ဒုက္ခရှာလို့ ကျွန်တော် သွားကြည့်လိုက်ပါ့မယ်"

"ဒုက္ခရှာတာ မဟုတ်ဘူးရှင့်၊ ကျွန်မ တစ်ယောက်တည်း မနေခဲ့ဝံ့ဘူး၊ ကြောက်တယ်" ဟု ရှက်ပြုံးကလေးပြုံး၍ ပြောနေသဖြင့်

mgyoe.com

mgyoe.com


"မီးတွေ လင်းနေတာပဲဗျာ"

"ဟာ . . . မီးလင်းပေမဲ့လည်း ကြောက်တာပဲ"

"ကဲဗျာ . . . ဒါဖြင့် လာ" ဟု ဆိုကာ နှစ်ယောက်သား နောက်ဖေးခန်းဘက်သို့ လာခဲ့ကြပြီး ဓာတ်မီးခလုတ်ကို ဖွင့်လိုက်လေ၏။

"အေးစိန်ရော၊ ဘဒွေးရော သူတို့ တန်းလျားကို ရောက်ကုန်ကြပါပြီ၊ မဏိလည်း အပေါ်ထပ်မှာ ဘကြီးကို နင်းပေးနေတယ် ထင်ပါရဲ့၊ ဘယ်ကလာတဲ့ အသံပါလိမ့်" ဟု အစဉ်းစားရခက်သော မျက်နှာထားဖြင့် မောင်နိုပ်က ပြောဆိုလိုက်ကာ

"ဘာမှ မရှိပါဘူးဗျာ၊ လာပါ၊ ဒီအိမ်ဟာ ဒီလိုပါပဲ" ဟု ပြောပြောဆိုဆို ဓာတ်မီးခလုတ်ကို ပိတ်လိုက်ပြီးနောက် ဧည့်ခန်းဘက်သို့ ပြန်၍ထွက်ခဲ့သဖြင့် မြမူမှာ အတူလိုက်၍လာခဲ့စဉ် မောင်နိုပ်၏ မတင်မကျပြောလိုက်သောစကား၏အဓိပ္ပာယ်ကို နားမလည်သကဲ့သို့

"ဘာဖြစ်လို့လဲ ကိုမောင်နိုပ်၊ ဒီအိမ်က ဒီလိုပဲဆိုတာက ဘာလဲ" ဟု လျင်မြန်စွာ မေးလိုက်လေ၏။ မောင်နိုပ်သည် မြမူအား ချက်ချင်းပြန်၍မဖြေသေးဘဲ ဧည့်ခန်းသို့ ပြန်၍ဝင်ခဲ့ပြီးမှ

"ဒီလို မမြမူရဲ့ . . ." ဟု စကားစလိုက်ပြီးမှ ရုတ်တရက်သတိရသကဲ့သို့

"ဟာ . . . အလကားပါ မမြမူရယ်၊ ဘာမှ မဟုတ်ပါဘူး" ဟု ပြောဆိုကာ စကားဖြတ်လိုက်လေ၏။ မြမူသည် ဆိုဖာတစ်လုံးတွင် ဝင်၍ထိုင်ရင်း မကျေနပ်သော အမူအရာဖြင့် မောင်နိုပ်အားကြည့်ရင်း

"ထိုင်ပါဦး ကိုမောင်နိုပ်ရဲ့ ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူးဗျာ၊ မိုးတောင် နည်းနည်းရွာလာပြီ"

"ဟုတ်ပါရဲ့၊ ဒါနဲ့ ခုနကပြောတာ ဆက်ပြောပါဦး"

"အိုဗျာ၊ နားမထောင်ချင်ပါနဲ့"

မြမူမှာ သာ၍ပင် မကျေမနပ်ဖြစ်သွားကာ

"ခုနကတော့ ပြောမလို့ဟာ၊ ဘာဖြစ်လို့လဲ"

"တော်တော်ကြာ ခင်ဗျားကြောက်နေမှာဗျ"

"ပြောပါ၊ ကိစ္စမရှိပါဘူး၊ ကိုမောင်နိုပ် အရှိသားပဲ"

မောင်နိုပ်တွင် မြမူ၏ အားကိုးအားထား ပြောကြားလိုက်ခြင်းကို သဘော

mgyoe.com

mgyoe.com


ကျကာ ရင်တွင်း၌ ဖိုခနဲဖြစ်၍သွားမိလေ၏။ ခပ်လှမ်းလှမ်းရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ဝင့်၍ထိုင်ရင်း

"ကဲလေ . . . ဒါလောက်သိချင်ရင်လည်း ပြောရတာပေါ့၊ နောက်တော့သာ သိပ်ပြီးကြောက်မနေနဲ့ဦး"

မြမှုက ပြုံးရင်း

"ကြောက်တော့ နည်းနည်းကြောက်တာပဲ ကိုမောင်နိုပ်ရဲ့၊ ဒါပေမဲ့ ကျွန်မက ဒါမျိုးဆိုရင် သိပ်နားထောင်ချင်တာပဲ"

"ဒီလို မမြမှုရဲ့၊ ဒီအိမ်ကြီးကို ဘကြီးတို့မဝယ်ခင်က စက်သူဌေးလင်မယား နှစ်ယောက်နေကြတယ်၊ အစေခံတွေ ဘာတွေရှိပေမဲ့ သားသမီးတော့ မရှိကြဘူးတဲ့၊ အဲဒါနဲ့ တစ်နေ့တော့ နောက်ဖေးခန်းက ညည်းသံလိုလိုကြားတယ်ဆိုပဲ၊ အစေခံတွေကလည်း လိုက်ပြီးရှာကြတာပေါ့လေ၊ ဒါပေမဲ့လည်း ဘာမှမတွေ့ဘူးတဲ့၊ ဘာမှလည်း မဖြစ်တော့ အမှုမဲ့ အမှတ်မဲ့ပဲ နေလိုက်ကြတာပေါ့လေ၊ အဲဒီလိုနဲ့ တစ်နှစ် လောက်ကြာတော့ စက်သူဌေးကတော်မိန်းမကြီးဟာ မာမာချာချာ သွားသွားလာလာနေရာက တစ်နေ့တော့ ရေချိုးခန်းထဲမှာဝင်ပြီး ရေချိုးနေလိုက်တာ နှစ်နာရီလောက် ကြာလို့ အစေခံတွေကခေါ်မရ အော်မရဖြစ်နေတာနဲ့ တံခါးကို အတင်းချိုးပြီး ဖွင့်လိုက်တော့ လားလားအထဲမှာ မျက်လုံးကြီးအကြောင်သားနဲ့ ထိုင်ရက်ကြီးသေနေဆိုပဲ" ဟုပြောကာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်လေ၏။ မြမှုသည် မောင်နိပ်နှင့်နီးသော ဆိုဖာပေါ်သို့ ပြောင်း၍ထိုင်ရင်း အပြင်ဘက်သို့ လှမ်း၍ကြည့်လိုက်လေ၏။ မိုးသံမှာ စောစောကထက် ပိုမိုပြင်းထန်၍လာကာ သဲသဲမဲမဲ ရွာလျက်ရှိလေ၏။

"အဲဒါနဲ့ ဘာဖြစ်သလဲ ဆက်ပါဦး",

"အဲဒီမိန်းမကြီးသေလို့ ဆယ်ရက်လောက်လည်းကြာရော စက်သူဌေးရော၊ အဲစေခံတွေရော တောကစက်ထဲကို တစ်ခါတည်းပြောင်းပြီး ဒီအိမ်ကြီးကိုလည်း ရောင်းရန်ဆိုပြီး ဆိုင်းဘုတ်ဆွဲထားတာပါပဲ၊ ဘကြီးကလည်း ပင်စင်ယူလို့ အိမ်ဝယ်ချင်နေတုန်း ဒီအိမ်ကိုတွေ့တော့ စက်သူဌေးနဲ့တွေ့ပြီး ဘယ်သူနဲ့မှ မတိုင်ပင်ဘဲ တစ်ခါတည်း ဝယ်လိုက်သတဲ့၊ ဝယ်ပြီးလို့ လေးငါးရက်ကြာတော့ အိမ်ကြီးကို ရေမိုးဆေးပြီး ပစ္စည်းတွေနေရာတကျထားဖို့ ဘဌေးနဲ့မဏီကို

mgyoe.com

mgyoe.com


အရင်လွှတ်လိုက်တာကိုး၊ သူတို့ နှစ်ယောက်လည်း အိမ်ကိုလှည်းကျင်းပြီး ညကျတော့ မေမေနဲ့အိပ်ကြတယ်ဆိုပဲ၊ အဲဒီလို အိပ်မောကျသွားလို့ ည နာရီပြန်တစ်ချက်လောက်လည်းကျရော မဏိကို တစ်ယောက်ယောက်က လာပြီး ဆွဲလှုပ်လိုက်သလိုဖြစ်သွားပြီး လန့်နိုးပါရောတဲ့၊ အိမ်ကြီးကလည်း ကျယ်၊ တိတ်ဆိတ်ပြီးနေလိုက်တာကလည်း အပ်တစ်ချောင်းလွှတ်ကျရင်တောင် ကြားရမတတ်ဆိုတော့ စိတ်ငယ်သလိုလို ကြောက်သလိုလို ဖြစ်ရာက ကြက်သီးတွေ တဖြန်းဖြန်းထနေတာနဲ့ ဘာများဖြစ်ပါလိမ့်မလဲလို့ စဉ်းစား နေတုန်း စောစောက ညည်းသံကြီးကို ကြားလိုက်ရတာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားတာပဲတဲ့ ဘေးကိုခေါ်တော့လည်း အိပ်မောကျနေလို့ ရုတ်တရက်မနိုး၊ ဒါနဲ့ ပါလာတဲ့ ဖယောင်းတိုင်ကို ထွန်းမလို့ မီးခြစ်ခြစ်လိုက်တော့ သူအိပ်နေတဲ့ခြေရင်းမှာ ဆံပင်ဖားလျားချပြီး ထိုင်နေတဲ့ . . ." ဟု ပြောစဉ် ခြံတွင်းရှိ အုန်းတစ်ပင်မှ အုန်းလက်တစ်လက်သည် ဆူညံနေသော မိုးသံအကြားမှ ဝုန်းခနဲပြုတ်ကျလေ၏။ မြမူသည် မောင်နိပ်ပြောဆိုနေသည်ကို မျက်တောင်မခတ်ဘဲ စူးစိုက်နားထောင်နေရာမှ

"အမေ့ . . ." ဟု အော်ကာ ခုန်၍ထလိုက်လေ၏။

"သစ်ကိုင်းကျိုးကျတာ ထင်ပါတယ်" ဟု မောင်နိပ်က ပြောသဖြင့်

"ဟုတ်ပါလိမ့်မယ်" ဟု ရယ်မောရင်း ပြန်၍ထိုင်သောအခါ မောင်နိပ်၏ အနီးသို့ ရွှေ့မှန်းမသိ ရွှေ့ထိုင်လိုက်လေ၏။ မောင်နိပ်တွင် ယခုကဲ့သို့ နီးနီး ကပ်ကပ်ဘယ်အခါမှ မထိုင်ဖူးသဖြင့် မျက်လုံးအနည်းငယ် ပြူးသွားရာ

"ကဲပါ . . . မမြမူရယ်၊ ဒါလောက် ကြောက်ရင်လည်း နားမထောင်ပါနဲ့တော့"

"အမယ် . . . ကျွန်မ ဒါလောက် မကြောက်ပါဘူး၊ ရုတ်တရက်ဆိုတော့ နည်းနည်းလန့်တာပေါ့ရှင်၊ ကဲ . . . ပြောသာပြောပါ၊ အဲဒါနဲ့ ဘာဖြစ်သလဲ၊ မဏိက လန့်ပြီး အော်ရောလား"

"ဘာ ဟုတ်လိမ့်မလဲ၊ မဏိက တော်တော်ရဲတဲ့အကောင်၊ ဒါတောင်မှပဲ သူပြောတော့ တစ်ခါတည်း သတိမေ့သလို လဲစ်ခနဲဖြစ်သွားတာပဲတဲ့၊ မိန်းမကြီးကလည်း ဖြူဖြူပိန်ပိန်ကြီးတဲ့ တစ်ကိုယ်လုံး နနွင်းလိမ်းထားသလို ဝါထိန်လို့ အင်မတန်ကြောက်စရာကောင်းနေတဲ့အထဲမှာ မဏိမျက်နှာကို သေသေ

mgyoe.com

mgyoe.com


ချာချာကြည့်ပြီး ရယ်နေတယ် ...." ဟု စကားမှမဆုံးမီ မြမူသည် ဧည့်ခန်းတံခါးဝသို့ လှမ်း၍ကြည့်လိုက်ရာမှ မျက်လုံးကလေးဝိုင်း၍သွားကာ ထိုင်နေရာမှ ခုန်၍ထပြီး မောင်နိပ်အနီးသို့ လျင်မြန်စွာ ကပ်လိုက်ရင်း

"ဟောဟိုမှာ ဘာကြီးလဲ . . . ဖြူဖြူကြီး" ဟု တုန်လှုပ်သောအသံကလေးဖြင့် ပြောလိုက်ကာ မောင်နိပ်၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက်လေ၏။ မောင်နိပ်တွင် တစ်ယောက်တည်းကွက်၍ ငလျင်လှုပ်လိုက်သကဲ့သို့ တစ်ကိုယ်လုံး သွက်သွက်ခါ၍သွားလေ၏။

"ဘယ်မှာလဲ၊ ဘာမှ မရှိပါလား" ဟု လေသံခပ်အေးအေးနှင့်ပြောရန် ကြိုးစားပါသော်လည်း မြမူ၏ပခုံးကလေးမှာ မိမိ၏ပုခုံးနှင့်ထိ၍နေသဖြင့် လေမမှန်တော့ဘဲ ရင်ထဲ၌ ကတုန်ကယင်ဖြစ်ကာ မေးဝဲသံပါ၍သွားလေ၏။

"ဖြူဖြူကြီး ကိုမောင်နိပ်ရဲ့၊ ရိပ်ခနဲဖြတ်သွားတာ မြင်လိုက်တယ်"

"ကြောင်နဲ့တူပါတယ်"

"ဘယ်ဟုတ်မလဲ အမြင့်ကြီးဟာပဲ"

"ဟုတ်မယ်မထင်ပါဘူး မြမူရယ်၊ ခင်ဗျာ့စိတ်က ထင်လို့ပါ"

"ဘယ်ဟုတ်ရမှာလဲ သေသေချာချာမြင်လိုက်တာပဲ" ဟု ပြောဆိုနေရာမှ မောင်နိပ်အား ဖွတ်ဝင်၍ဖက်လိုက်ရင်း

"ဟိုမှာ . . . ဟိုမှာ" ဟု ကြောက်အားလန့်အားနှင့် အလန့်တကြား ပြောလိုက်လေ၏။

မောင်နိပ်တွင်ကား မိုးကြိုးပစ်ခြင်းကို ကျေနပ်စွာခံရင်း ထိုင်လျက် အသက်ထွက် သွားသောသူကဲ့သို့ ပြုံးတုံ့တုံ့ဖြစ်ကာ တင်းကျပ်စွာဖက်ထားသော မြမူ၏လက်တွင်းတွင် ဘာကိုမျှမမြင် ဘာမျှမပြောဘဲ အကြောင်သား မျော၍နေမိလေ၏။

"မြင်လိုက်ရဲ့လားဟင်" ဟု မြမူက လှုပ်၍မေးမှ သတိရကာ အာလေးလေးဖြင့်

"မမြင်ပါကလားဗျ" ဟု ပြန်၍ ပြောနိုင်လေတော့၏။

မြမူသည် မောင်နိပ်အား လွှတ်လိုက်ပြီးနောက် ရှက်သွေးလွှမ်းကာ မျက်နှာကလေးနီမြန်း၍သွားသော်လည်း အနားမှ မခွာဝံ့သေးသဖြင့် ကလေးသဖွယ် မကျယ်တကျယ်ရယ်ရင်း

mgyoe.com

"အံ့သြပါရဲ့၊ ကျွန်မ သေသေချာချာမြင်လိုက်တာတောင် ရှင် မမြင်ဘူး လား"

"တကယ်မမြင်ပါဘူး"

"မေမေတို့ကလည်း လာခဲလိုက်တာနော်" ဟု လမ်းမဘက်သို့မျှော်ရင်း ညည်း လိုက်သဖြင့်

"မမြမှု အိပ်ချင်ပလား၊ သွားလေ တက်အိပ်ပါလား၊ ကျွန်တော် တံခါး စောင့်ပြီး သူတို့ပြန်လာရင် ဖွင့်ပေးပါ့မယ်"

"ဟင့်အင်း . . . မအိပ်ချင်ပါဘူး၊ သူတို့က ကြာလွန်းလို့ ပြောတာ" ဟု ပြောဆိုကာ အတန်ကြာတစ်စုံတစ်ရာကို နားစွင့်၍ မျှော်လင့်နေကြသကဲ့သို့ နှစ်ယောက်သား စကားမပြောဘဲ တိတ်ဆိတ်၍နေကြလေ၏။

မိုးကား သဲသဲမဲမဲ ရေအိုးကိုလှဲသလို တဟဲဟဲ ရွာသွန်းလျက်ရှိပေ၏။

* * *

(၇)

မဏိသည် မိမိ၏အကြံအစည် မည်မျှခရီးရောက်သည်ကို လေးဘက် ထောက်ကာ တံခါးဝမှ ပြန်၍ကြည့်လိုက်ရာ မြမှုနှင့် မောင်နိပ်မှာ တစ်ယောက် နှင့်တစ်ယောက် ပခုံးချင်းကပ်၊ ပြုံးတုံ့တုံ့မျက်နှာထားများဖြင့် မျက်နှာချင်းဟပ် မတတ် ရှိနေသဖြင့် အကျေနပ်ကြီးကျေနပ်လျက် လေးဘက်ထောက်ပြေးရင်း နောက်ဖေးခန်းသို့ ပြန်၍ ဝင်ခဲ့လေ၏။

မဏိ၏မျက်နှာကား ပြဿနာတစ်ရပ်ကို ကျေကျေနပ်နပ်ဖြေဆိုလိုက်ပြီး သော ပညာရှိတို့၏ပြုံးခြင်းဖြင့် အနည်းငယ်ပြုံးလိုက်ရာမှ ဧည့်ခန်းရှိသူနှစ်ဦး ၏အခြေအနေကို တိုး၍ခိုင်မြဲသွားစေရန်အကြံယူကာ အတန်ကြာစဉ်းစား နေပြီးနောက် အခန်းတွင်းရှိ ကြောင်အိမ်ထဲမှ ဘူးကလေးတစ်ခုနှင့် ရေအိုးစင် ပေါ်မှ ထုံးဘူးကို လျင်မြန်စွာယူလိုက်လေ၏။ အခန်းထောင့်တွင်ထားသော မှန်တစ်ချပ်ကို ဆွဲထုတ်ပြီးနောက် လက်ထဲတွင်အသင့်ကိုင်ထားသော လက်နှိပ် ဓာတ်မီးကလေး၏ အကူအညီဖြင့် မိမိ၏မျက်နှာကို ခြယ်စပြုလေ၏။ တစ်မျက်နှာလုံး နနွင်းဖြင့် ခပ်ထူထူသုတ်လိမ်းပြီး နောက် မျက်ကွင်းများကို ထုံးဖြင့် ကွင်းလိုက်လေ၏။ နှစ်ထွာနီးပါးရှိသော ဆံပင်ကို ဖြန့်၍ချလိုက်ရာ

mgyne.com

mgyoe.com
မဏိမှ မိမိ၏မျက်နှာကိုကြည့်ရင်း ကြောက်သလိုလိုဖြစ်၍သွားကာ ကြက်သီးများပင် တဖြန်းဖြန်းထ၍သွားသဖြင့် လက်နှိပ်ဓာတ်မီးကို လျှင်မြန်စွာ ပိတ်လိုက်ရလေ၏။ မိမိကိုယ်ကိုပင် တကယ့်သရဲထင်မှတ်ကာ နဂိုကပင် တစ္ဆေကြောက်တတ်သူဖြစ်သဖြင့် တခြားလူကိုမခြောက်မီ ကိုယ့်ကိုယ်ကိုယ်ပင်ပြန်၍ကြောက်သဖြင့် အတန်ကြာထိုင်နေရာမှ မထဝံ့ဘဲ မှောင်နေသောအခန်းထောင့်များကို စိုးရိမ်သောမျက်နှာထားဖြင့် လှမ်း၍ကြည့်မိလေ၏။

ဦးအေးသည် မိုးကလည်းရွာ ဒူးနာလည်းမသက်သာသဖြင့် ခုတင်ပေါ်တွင် ကွေးနေရာ၊ ဝမ်းတွင်းမှ နာသလိုလိုဖြစ်လာသဖြင့် မြည်တွန်ညည်းတွားရင်း အိပ်နေရာမှ ထလေ၏။ တိုက်စောင်ကြီးကို ဆွဲခြုံကာ အနီးရှိ မျက်နှာသုတ်ပဝါကို ခေါင်းနှင့်နားရွက်များလုံအောင် ဆွဲ၍ပတ်ပြီးနောက် ထော့နဲ့ထော့နဲ့နှင့်ပင် အောက်ထပ်သို့ ဆင်းခဲ့လေ၏။

တိုက်စောင်ကြီးကို ဖိုသီဖတ်သီခြုံကာ မျက်နှာသုတ်ပဝါကိုပတ်၍ ဧည့်ခန်းတံခါးဝကို ဖြတ်သွားသော ဦးအေးအား မြင်လိုက်သော မြမူမှာ ကပျာကယာ မောင်နိပ်၏ ရင်ခွင်ဘက်သို့ တိုးဝင်ရင်း

"ဟောဟိုမှာ . . . ဟောဟိုမှာ" ဟု အခန်းဝသို့ လက်ညှိုးညွှန်ရင်း မော်၍မကြည့်ရဲသဖြင့် မျက်နှာလွှဲကာ အော်၍ပြောမိလေ၏။ မောင်နိပ်ကား အနည်းငယ် ရဲတင်းလာပြီဖြစ်သဖြင့် မြမူ၏ပခုံးတစ်ဖက်ကို လက်တစ်ဖက်ဖြင့်မရဲတရဲ ရစ်ပတ်လိုက်ရာမှ

"ဒါလောက် မကြောက်ပါနဲ့ဗျ၊ ဒီတစ်ခါ ကျုပ် အခန်းဝကစောင့်နေမယ်၊ ဖယ်စမ်း"

"ဟာ . . . မသွားပါနဲ့ . . . ကျွန်မတစ်ယောက်တည်း"

"ကိစ္စမရှိပါဘူး၊ မမြမူ ဒီမှာ အသာကလေး မျက်နှာလွှဲပြီးထိုင်နေ၊ ကျုပ်သိချင်လို့ပါ . . . ဘာကောင်လဲဆိုတာ" ဟု ပြောဆိုကာ လက်မောင်းကိုဆွဲထားသော မြမူ၏လက်ကလေးများကို မရဲတရဲကိုင်၍ ဖယ်လိုက်ပြီးနောက်တံခါးပေါက်ဆီသို့ ကပ်ကာ တစ်စုံတစ်ရာကို နားစွင့်စောင့်စားသည့်အလားငြိမ်သက်စွာရပ်၍နေလေ၏။ မြမူကား ဆိုဖာပေါ်တွင် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ထားကာ ခေါင်းငုံ့နေ၏။ မောင်နိပ်သည် မြမူအား ကြင်နာသောမျက်နှာထားဖြင့် ကြည့်မိလေ၏။
mgyoe.com

ဦးအေးမှာ နောက်ဖေးခန်းသို့ ဝင်မိရာ မီးခလုတ်ကို ရုတ်တရက်ရှာမတွေ့သဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းကာ လျှောက်လာလေရာ နောက်ဖေးခန်းသို့ ဝင်သောလမ်းတွင် ထွန်းထားသောမီးရောင်တွင် မထင်မရှား ကားယားကားယားဖြစ်၍နေရကား ဧည့်ခန်းတွင်းရှိသူများအား နောက်တစ်လီခြောက်လှန့်ရန် အကြံယူနေသော မဏိမှာ အသက်ရှူမှားရှ်သွားကာ အတန်ကြာကြက်သေသေ၍ နေမိလေ၏။ မထင်ရှားသော မီးရောင်တွင် သက္ကလပ်စောင်အနက်ကို မမြင်၊ မျက်နှာတွင် ပတ်ထားသော မျက်နှာသုတ်ပဝါကြီးဖြူဖြူနှင့် လက်နှစ်ဖက်ကိုသာ မြင်ရသဖြင့် မျက်နှာတွင် ရောင်စုံခြယ်ကာ ဆံပင်ကို ဖားလျားချ၍ ငုတ်တုတ်ထိုင်နေရာမှ ခုန်၍ထရင်း

"အေး . . . ဟေး . . . ဟေး . . ." ဟု ယောင်ရမ်း၍ အော်မိလေ၏။ မဏိတွင် တုန်လှုပ်ခြောက်ခြားသွားသလောက် ဦးအေးတွင် လန့်ဖျပ်သွားကာ

"ဟေး . . . ဟေး . . . ဟေး" ဟု အသံအစ်ကြီးနှင့် အော်မိရင်း မိမိရှေ့တွင် ခုန်၍ထလာသော မဏိအား တအားစွပ်၍ထိုးလိုက်လေ၏။

"ဟန်မယ်လေးဗျ" ဟု အော်ကာ ဗိုက်ကိုလက်ဖြင့်နှိပ်ရင်း ဖင်ထိုင်လျက်ကျသွားရာမှ ကပျာကယာထ၍ အိမ်ရှေ့ခန်းသို့ ဒရောသောပါးပြေးထွက်၍သွားလေ၏။ ဦးအေးမှာ ဝမ်းနာနေသည်ကိုပင် သတိမရနိုင်တော့ဘဲ နောက်ဖေးခန်းမှ ပြေးထွက်၍လာလေ၏။

စောင်ဖားလျားနှင့် ထွက်လာသော ဦးအေးအား ခြောက်လှန့်ရန်ထွက်လာသော မဏိဟု ထင်မှတ်ကာ မောင်နိပ်သည် တံခါးဝတွင် စောင့်နေရာမှ ရှေ့သို့တိုးရင်း တအားကုန်ထိုးတော့မည့်ဟန်ဖြင့် ချိန်ရွယ်လိုက်ပြီးမှ နားသယ်ကို လက်ညှိုးဖြင့် တွန်းလိုက်ရင်း

"ဟော့ကောင် တော်တော့ ဟန်ကျပြီ" ဟု ပြောလိုက်လေ၏။ တွန်းလိုက်သော ဒဏ်ဖြင့် ဘေးသို့ ခပ်ယိုင်ယိုင်လန်သွားသော ဦးအေးမှာ အံ့ဩသောမျက်နှာဖြင့်

"ဟဲ့ . . . ခွေးမသား . . . ဘာ တော်တော့လဲ၊ ဘာ ဟန်တာလဲ" ဟု ဒေါသဖြင့် ကြိမ်းဝါးလိုက်မှ ဦးအေးမှန်းသိသဖြင့် "ဟာ" ခနဲ ယောင်ယမ်းအော်ဟစ်ရင်း နောက်သို့ ခုန်ဆုတ်မိလေ၏။

မြမူသည် ဦးအေးကို မြင်လိုက်ရာ ဆိုဖာပေါ်မှ လျင်မြန်စွာထလာရင်း

mgyee.com

"ဘာဘကြီး . . . ဘာဘကြီး . . . ဘာဖြစ်လို့လဲ" ဟု ဝင်၍မေးလေ၏။ ဦးအေးမှာ ရှုပ်ယှက်ခတ်ဖြစ်နေသော စောင်နှင့် မျက်နှာသုတ်ပဝါကို ပြင်၍ပတ်ရင်း

"မသိပါဘူး၊ နို့ . . . မင်းတို့ကကော ဘာလုပ်နေကြတာလဲ၊ ခုန ဆံပင်ဖားလျားနဲ့အကောင်တစ်ကောင် ဒီက ပြေးထွက်သွားတာ မမြင်လိုက်ကြဘူးလား" ဟု အူယားဖားယားမေးကာ အိမ်ရှေ့ခန်းဘက်သို့ လျင်မြန်စွာ ထွက်ခဲ့ရာမှ

"အမယ်လေးဗျာ . . . ဒူးကလည်း နာလိုက်တာ" ဟု စုတ်သပ်ရင်း ဒူးကို ကုန်း၍ဖိနှိပ်ပြီး တံခါးဝတွင် မျက်လုံးအကြောင်သားနှင့် ငေးငိုင်၍နေသော မောင်နိပ်အား လှမ်း၍

"ဟေ့ မောင်နိပ် . . . အိမ်ရှေ့ခန်းတွေထဲ လိုက်ကြည့်စမ်း၊ မဏိကော . . . မဏိ၊ ခေါ်စမ်း ခေါ်စမ်း . . ." ဟု ပြောဆိုလိုက်လေ၏။

"ဟေ့ . . . မဏိ . . . ဘဖွေး . . . မဏိ" ဟု ဦးအေးက ဟစ်လိုက်သဖြင့်

"ဘဖွေးနှင့် မဏိ သူတို့တန်းလျားမှာ ထင်တယ်" ဟု ပြောလိုက်စဉ် မဏိမှာ လုံးလုံးလျားလျား ဘာမှမသိသောမျက်နှာထားဖြင့် အပေါ်ထပ်မှ ပြေးဆင်း၍လာလေ၏။ ခြံထဲမှာလည်း ဆူဆူညံညံ ဟွန်းပေးလိုက်သော ကားသံကို ကြားရသဖြင့် မဏိက အိမ်ရှေ့တံခါးကို လျင်မြန်စွာသွား၍ဖွင့်လိုက်ရာ ဒေါ်အုံးလှ၊ ဒေါ်မြင့်နှင့် ချစ်ချစ်တို့ ဝင်၍လာကြလေ၏။

"မေမေတို့ကလည်း ကြာလိုက်ကြတာ၊ ဒီမှာ သရဲခြောက်လို့" ဟု မြမူက ပြောလိုက်ရာ ဒေါ်ဒေါ်မြင့်မှာ အံ့အားသင့်သွားသော်လည်း ဒေါ်အုံးလှက

"ကြဲကြဲဖန်ဖန်ကွယ်၊ ဘယ်က သရဲခြောက်ရမှာလဲ၊ မကြားစဘူး"

"ဘာဘကြီး မေးကြည့်ပါလား . . . တကယ် ကြီးကြီးရဲ့"

"ဟုတ်တယ်ကွဲ့၊ သရဲလား၊ သူခိုးလားပဲ"

"မဟုတ်တာတော်၊ သူခိုးဖြင့်လည်း စောလှချည်ကလား"

"နို့ နေပါဦး ဟိုအကောင်က ဘာလဲ၊ တော်တော့လေး . . . ဟန်ပြီလေးနဲ့ ပြောပြီး ငါ့ကို တွန်းပစ်တာ" ဟု မောင်နိပ်ဘက်သို့ လှည့်၍မေးလိုက်ရာ မောင်နိပ်မှာ မျက်နှာပျက်၍သွားရင်း

"ဟိုဒင်း ဘကြီးရဲ့၊ ဟို . . . ကျွန်တော့်" ဟု ဘယ်ပုံဘယ်နည်း ကြံဖန်

mgyoe.com

mgyoe.com


ပြောဆိုရမည်ကို မတွေးနိုင်ဘဲရှိစဉ် ဒေါ်အုံးလှက တစ်စုံတစ်ရာကို ရိပ်မိသဖြင့် ရုတ်တရက် ရယ်မောလိုက်ကာ

"ကဲဗါ နေကြပါဦး ... လူတွေလည်းမိုးတွေစိုလို့၊ ဒီလို ရပ်နေရင် အအေးမိကုန်မယ်၊ ဘယ်မလဲ ... ဘဋ္ဌေးတို့၊ အေးစိန်တို့ကော၊ တကတဲတော် ... စောစောစီးစီး အိပ်ကုန်ကြပလား၊ ကော်ဖီကလေးများလုပ်ကြပါ၊ ကဲ ... ကိုအေးရှင့်ကို အရေးပိုင်မင်းက လိုက်မလာကောင်းလားဆိုပြီး အပြစ် တင်နေသေးတယ်၊ သူမှာလိုက်တာ ပြောရဦးမယ်" ဟု ဝင်၍စကားအမျှင်မပြတ်အောင် ပြောလိုက်လေ၏။ ဦးအေးမှာ မကျေနပ်သော အမူအရာဖြင့် မျက်မှောင်ကုတ်ကာ

"နေစမ်းပါဦး မအုံးလှရာ . . . အိမ်ထဲကိုဝင်ပြီး ကပ်ချင်ရင်ကပ်နေမှာ၊ ကျုပ် သေသေချာချာ မြင်လိုက်ရတာ၊ မြင်ရုံတောင်မကဘူး၊ ကျုပ်ထိုးလိုက်တာ ဖုန်းခနဲတောင် ထိုင်လျက်ကျသွားတာပဲ"

"ကျွန်မတို့ မြင်ရတာက ဖြူဖြူကြီး ဘဘကြီးရဲ့၊ သရဲပဲထင်တာပဲ"ဟု မြမူက ဝင်၍ပြောသဖြင့်

"ကျွန်တော်တော့ မမြင်ပါဘူး၊ မမြမူကတော့ မြင် ပိုက်ရတာ ပြောတာပဲ၊ ဒါနဲ့ ကျွန်တော်က မဏိထင်လို့ ထွက်ပြီးပြောတာ"

အားလုံးကို မဏိကို ဝိုင်း၍ကြည့်ကြလေ၏။ မဏိကား အံ့သြသော မျက်နှာထားဖြင့်

"ကျွန်တော်လည်း မသိရပါကလား၊ အိမ်ပေါ် ဘုရားခန်းမှာ သောက်တော်ရေလဲနေတုန်း ဘဘကြီးခေါ်လို့ ကမန်းကတန်းပြေးဆင်းလာတာပဲ" ဟု ပြောဆိုလိုက်ပြီး ကြာကြာနေလျှင် တစ်စတစ်စပေါ်တော့မလိုလို ဖြစ်၍လာသဖြင့် လူစုခွဲရန်အကြံရကာ

"ဒါဖြင့် ရှာဦးမှ ထင်တယ် . . . အိမ်ထဲမှာ ကပ်နေမှာစိုးရတယ်" ဟု ပြောဆိုလိုက်လေ၏။

ဦးအေးက ခေါင်းဆောင်၍ မောင်နိုပ်၊ မဏိ၊ ဘဋ္ဌေးနှင့် အေးစိန်ပါမကျန် တစ် အိမ်လုံးလိုက်လံရှာဖွေကြသော်လည်း ဘာမျှမတွေ့သဖြင့် လက်လျှော့လိုက်ကြရလေ၏။

မဏိသည် အခွင့်အရေးရသည်နှင့် တစ်ပြိုင်နက် မောင်နိုပ်အနီးသို့

mgyoe.com

mgyoe.com

ကပ်ကာ လျှင်မြန်စွာ တိုးတိုးပြောလိုက်သဖြင့် မောင်နိုပ်မှာ မြမူအား အရေး တကြီးလိုက်၍ ရှာလေ၏။ အဝတ်အစားလဲလှယ်နေသူများမှာ အပေါ်ထပ်မှ ဆင်းမလာကြသေးသဖြင့် အေးစိန်အား ကော်ဖီဖျော်ရာတွင် ကူညီနေသော မြမူကို အသင့်တွေ့သဖြင့်

"မမြမူ . . . ခဏ" ဟု အခန်းဝမှ ခေါ်လိုက်လေ၏။ မြမူမှာ လှမ်း၍ ကြည့်ရင်း

"ဘာလဲ ကိုမောင်နိုပ်"

"ဟိုဒင်း မမြမူရဲ့၊ မမြမူက ဘကြီးရှေ့မှာ သရဲခြောက်တာတွေ ဘာတွေကို သွားမပြောနဲ့၊ သူက သူ့အိမ်မှာ သရဲခြောက်တယ်ဆိုရင် နည်းနည်းမှ မကြိုက်ဘူး၊ သိပ်စိတ်ဆိုးတယ် မမြမူရဲ့၊ ဒါကြောင့် ဘာမှ မပြောနဲ့"

"ဟုတ်လား . . . ကျွန်မလည်း မသိလို့ ပြောမိတာပါ၊ သိရင် ဘာပြောမလဲ"

"အဲဒါပါပဲ၊ ကျွန်တော်က မမြမူကို သတိနည်းနည်းပေးထားချင်လို့" ဟု ပြောဆိုကာ အပေါ်ထပ်သို့ တက်သွားလေ၏။

* * *

(၈)

မြူနှင်းကင်းစင်သော လရောင်သည် မှန်ပြတင်းမှနေ၍ မှောင်ကျ၍နေသော မောင်နိုပ်၏အခန်းတွင်းသို့ ငွေရည်ဖြင့် ပက်သွင်း၍နေလေ၏။ ခပ်ပြင်းပြင်းတိုက်ခတ်နေသော ခြံကြီးအတွင်းရှိ ပန်းရုံများအား တေ့ယမ်းလှုပ်ရှားကာ ညည်းတွားစေလေ၏။ တစ်အိမ်သားလုံး အိပ်မောကျ၍နေကြပြီဖြစ်သော်လည်း မောင်နိုပ်အဖို့ကား အိပ်၍မရ၊ လွန့်ကာလူးကာ တစ်နာရီကူး၊ တစ်နာရီကျူးလျက် တိုင်ကပ်နာရီမှ သာသာယာယာ နှစ်ချက်တီးလိုက်သည့်တိုင်အောင် မျက်စိကြောင်လျက်ရှိလေ၏။ အလန့်တကြား တင်းကြပ်စွာဖက်ထားသော မြမူ၏လက်ကလေးများ ထိမိသည့်နေရာများသို့ လက်တစ်ဖက်ဖြင့် ပွတ်သပ်ရင်း မြမူ၏ပခုံးကလေးကို ပြန်၍မထိတထိ ပွေ့လိုက်ရသော အတွေ့ထူးကို ကြည်နူးလျက် တစ်ဦးတည်း ပြုံးမိလေ၏။ နှစ်ဦးသား အစဉ်မပြတ် ယခုလို ပူးပူးကပ်ကပ်နေနိုင်ရန် မည်သို့ကြံရမည်ကို စဉ်းစားရင်း မျက်တောင်များစင်း

mgyoe.com

mgyoe.com

၍လာကာ အိပ်ပျော်ခြင်းသို့ ရောက်ရှာလေတော့၏။

အိပ်ပျက်သဖြင့် အိပ်မောကျလျက်ရှိခဲ့ရာ နံနက် ခုနစ်နာရီသာသာလောက်တွင် အခန်းတံခါးကို ဆင့်ကာဆင့်ကာခေါက်၍နေသံကို ကြားသဖြင့် အိပ်ရာမှထ၍တံခါးကို ဖွင့်လိုက်လေ၏။ မဏိသည် ပြုံးပြုံးကြီးလုပ်ကာ မောင်နိပ်အား တစ်ခဏမျှ ကြည့်နေရာမှ

"အစ်ကိုကြီးအိပ်လှချည်ကလား၊ ကျွန်တော် တံခါးကိုခေါက်နေတာကြာလှပြီ"

"အေးကွာ . . . မနေ့ညက ကောင်းကောင်းအိပ်လို့ မပျော်လို့"

"ကျွန်တော် သိသားပဲ၊ ဟဲ . . . ဟဲ . . . ဘယ့်နှယ်လဲ၊ တစ်ခါတည်းနေရာကျပြီ မဟုတ်လား"

မောင်နိပ်သည် မရယ်မပြုံး တွေဝေနေရာမှ မျက်နှာသုတ်ပဝါကို လှမ်း၍ဆွဲသဖြင့်

"ဘယ့်နှယ်လဲ အစ်ကိုကြီးရဲ့၊ ဟန်ပြီမဟုတ်လား"

"ဘယ်လို ဟန်တာကို ပြောတာလဲ"

"ဘယ်လိုဟန်ရမှာလဲ အစ်ကိုကြီးရဲ့၊ ချစ်တဲ့အကြောင်းပြောပြပြီး သမီးရည်းစား ဖြစ်နေကြတာကို ပြောတာပေါ့"

"ဘယ် . . . ဒီလိုတော့ ဟုတ်ဦးမှာလဲ"

"ဗျာ . . ."

မဏိတွင် ပါးစပ်ဟကာ မိမိ၏နားကို မယုံသကဲ့သို့ ဖြစ်သွားလေ၏။

"အဟုတ်ပြောတာလား အစ်ကိုကြီး"

"တကယ်ပြောတာပါကွ"

"ဟာ . . ." ဟု တစ်ခွန်းသာ ပြောဆိုနိုင်လျက် မောင်နိပ်၏မျက်နှာကို အံ့ဩသောအမူအရာဖြင့် အတန်ကြာကြည့်၍နေသဖြင့်

"မဟာနဲ့လေ၊ သရဲခြောက်သလိုလို လုပ်နေတဲ့အထဲမှာ ချစ်ပါတယ်၊ ကြိုက်ပါတယ်နဲ့ ဘယ်လိုပြောရမှာလဲ"

မဏိ၏မျက်နှာမှာ သိသိသာသာ စိတ်ပျက်လှသောအမူအရာဖြင့် ငိုင်၍သွားလေ၏။

"ကျွန်တော်တော့ သေသာ သေလိုက်ချင်တာပါပဲဗျာ၊ လူမှာလည်း

mgyoe.com

ဘဘကြီးက ထိုးလိုက်တာ နံရိုးကျိုးရောအောက်မေ့တာပဲ၊ မိရင်လည်း ဒုက္ခများဦးမှာ၊ ဒါနဲ့ တောင် မစွံတာများ သေဖို့သာ ကောင်းတော့တာပဲ"

"သေချင်လည်း သေကွာ၊ ပြောဖို့ဟာ တော်တော်အခက်သား"

"ဟာ . . . ဒါတော့ အစ်ကိုကြီး မဟန်လို့ပါ၊ ဘာခက်တာလိုက်လို့"

"ဘယ့်နှယ့်မခက်ရမှာလဲ၊ မင်းပဲ ထွက်ကြည့်စမ်း"

"ဘာတွက်ဖို့လိုသလဲ အစ်ကိုကြီးရာ . . . ကျွန်တော့်လိုသာဆိုရင် သူက ဖက်တယ်ဆိုရင် ကိုယ်က ပိုပြီး ပိုက်လိုက်မှာပေါ့၊ ပြီးတော့မှ ဒါလောက် မကြောက်ပါ နဲ့၊ ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်၊ မင့်အတွက်ဆိုရင် အသက်နဲ့ ကာကွယ်ပါ့မယ်၊ တကယ်ပြောတာပါ၊ ကျုပ်မျက်နှာကို မြင်ကတည်းက အကဲခတ်မိလောက်ပါပြီ၊ ကျုပ် မင့်ကို စပြီးတွေ့ရတဲ့နေ့က ဘယ်လိုဘယ်ညာဆိုပြီး တသီတတန်းကြီး လျှောက်ပြောပစ်လိုက်မှာပေါ့၊ ခုတော့ အစ်ကိုကြီးဟာက မိန်းမကပဲစပြီး ရှင့်ကို ကျွန်မက ကြိုက်ပါတယ်၊ 'ရှင်မကြိုက်ရင် ကျွန်မမှာ ဒုက္ခပဲဆိုပြီး စပြောရမလိုဖြစ်နေတော့ ခက်တာပေါ့ အစ်ကိုကြီးရ" ဟု ညည်းလုံးထုတ်လိုက်လေ၏။ မောင်နိပ်မှာ မဏိအား နားထောင်နေရာမှ

"အရေးထဲကျတော့ ရုတ်တရက် တွေးလို့ကို မရဘူးကွ၊ မင်း ခုပြောသလို တစ်ခါတည်းပြောလိုက်ရရင် အကောင်းသား" ဟု နှောင်တတရားရသောမျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ခက်ပါတယ် အစ်ကိုကြီးရယ် . . . ကျွန်တော်တော့ မကြံတတ်အောင်ဖြစ်နေတော့တာပဲ၊ သူတို့လည်း ပြန်တော့မလိုလိုကြားတယ်၊အဲဒီတော့ . . ."

မောင်နိပ်သည် မဏိ ဆက်လက်၍ပြောသောစကားများကို မကြား၊ ရင်ထဲ၌ ဟာသလိုလိုဖြစ်၍သွားရာမှ မျက်နှာပျက်ပျက်နှင့်

"ဘာ . . . ပြန်ကြတော့မယ် ဟုတ်လား၊ ဘယ်တော့လဲ" ဟု ပျာပျာသလဲ မေးလိုက်သဖြင့်

"ပြောသံတော့ ကြားတာပဲ၊ ဘယ်တော့လဲဆိုတာ သေသေချာချာ မသိဘူး"

"ဟာ ဒီလိုဆိုရင် ခက်တာပဲ၊ ငါလည်း မပြောရဲဘူး၊ သူ ပြန်သွားရင်တော့ ဒုက္ခပဲ"

"ခုမှတော့ ပြောမနေနဲ့တော့၊ သေချာပေါက် ရဖို့ဟာတောင် အစ်ကိုကြီး

mgyoe.com

mgyoe.com


မရဲတာ နဲ့ လွဲရပြီမဟုတ်လား"

"အေးကွာ ပြောလည်း ပြောချင်စရာပဲ၊ ငါ့ကိုက ချာပါတယ်"ဟု မြမူနှင့် ခွဲခွာရတော့မည့်အရေးမှာ တွေးလေတွေးလေ ဦးနှောက်ထဲတွင် ဆူဝေ၍လာ ကာ ဘာတွေကို ပြောမိသည်မသိ

"သူ မရှိရင် ဘာနေရာကျတော့မှာလဲကွာ၊ ငါ ဖွင့်ပြောရမှာ ရှက်လို့ သူ့မျက်နှာကို မြင်တဲ့နေ့ကစပြီး စိတ်ထဲမှာစွဲနေတာ တစ်နာရီမှ သူ့အကြောင်း ကို မတွေးဘဲ မနေနိုင်ဘူး၊ ပြောရမှာကလည်း မရဲ၊ အခုမှ ခက်တော့တာပဲ၊ သူ ပြန်သွားရင်တော့ ဧကန်မုချ ငါ ဒုက္ခဖြစ်မှာပဲ"ဟု လူရိုးကြီး၏နှလုံးသားမှာ တုန်ရီသောအသံဖြင့် လျှံထွက်၍လာသောစကားများမှာ မဏိအား ကြင်နာ သနားသောမျက်နှာထားဖြင့် အတန်ကြာငေး၍ နေစေလေ၏။

"ခု ပြောတဲ့အတိုင်းများ သူ့ကို အစ်ကိုကြီးပြောလိုက်ရင် သေသေချာချာ နေရာကျတာပေါ့ အစ်ကိုကြီးရာ၊ တကယ်ဆိုတော့ ဘာကြောက်စရာ၊ ရှက်စရာ ရှိလို့လဲ၊ ကိုယ်ကယောက်ျား၊ သူက မိန်းမ၊ ရှက်ချင်းရှက်ရင် သူကသာ ရှက်ရတော့မပေါ့၊ အဲဒီတော့ ခုနေ မလွန်ခင် ခုနတ အစ်ကိုကြီးပြောတာတွေကို သွန်ပြီးကြဲလိုက်စမ်းပါ"ဟု အားတက်သရော ပြောလိုက်သော်လည်း မောင်နိုပ် မှာ အတန်ကြာတိတ်ဆိတ်၍နေသဖြင့်

"လုပ်သာလုပ် အစ်ကိုကြီး၊ ဒီဘဝကျမှာတော့ မထူးတော့ဘူး၊ ကဲ မျက်နှာသစ်ပေတော့၊ ကော်ဖီသောက်လို့ ပြီးကုန်ကြပလားမသိဘူး၊ အောက် ဆင်းကြည့်ဦးမှ"ဟု ပြောဆိုကာ အခန်းတွင်းမှ ထွက်သွားလေ၏။ မျက်နှာသစ် ပြီးနောက် လေးလံသောခြေလှမ်းများဖြင့် အောက်ထပ်သို့ ဆင်းခဲ့လေ၏။ ကော်ဖီစားပွဲတွင်လည်း မိမိအတွက်ဖယ်ထားသော ကော်ဖီပန်းကန်နှင့် ပေါင်မုန့်ထောပတ်သုတ်နှစ်ချပ်ကိုသာ တွေ့ရသဖြင့် ဝင်၍ထိုင်ကာ ကော်ဖီကို သာ တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်ပြီးနောက် မြမူကို တွေ့ရနိုးနှင့် ဟိုဟို ဒီဒီကြည့်ရှုပါသော်လည်း မတွေ့ရသဖြင့် ထိုင်ရာမှ ထကာ အပေါ်ထပ်သို့ ပြန်၍တက်ခဲ့လေ၏။

ထမင်းစားချိန်တွင် မောင်နိုပ်မှာ ထူးထူးခြားခြား တိတ်ဆိတ်၍နေသည် သာမက မကြာခဏတွေဝေ၍နေသည်ကို မြင်ရသဖြင့် မြမူတွင် အံ့အားသင့် ကာ မကြာမကြာ မောင်နိုပ်အား လှမ်း၍ကြည့်မိလေ၏။ မောင်နိုပ်၏ ကြည့်ပုံ

mgyoe.com

mgyoe.com

ရှုပုံများမှာ မိမိအပေါ်တွင် မည်သို့သဘောထားသည်ကို သိနှင့်ပြီးဖြစ်ခဲ့ရာ ထမင်းစား၊ လက်ဖက်ရည် သောက်ရာတွင်ပင် မရိုးသားသောကြည့်ခြင်းမျိုးဖြင့် ခိုးကြောင်ခိုးဝှက်ကြည့် တစ်ချက်တစ်ချက် ကြည့်တတ်သည်ဖြစ်ရကား ယနေ့မှာ ထူးခြားလှစွာ မျက်နှာကိုမျှမမော်ဘဲ ထမင်းကိုသာ စိတ်မပါ့တပါစား၍ ထသွားသဖြင့် ပိုမို၍ပင် အံ့အားသင့်မိလေ၏။ မိမိအား ယခင်အခါများက လာရောက်စပ်ဟပ်ကြသူများမှာ များစွာလည်ပတ်၊ လူပါး လူနပ်များဖြစ်သဖြင့်လည်းကောင်း၊ အိမ်တိုင်ရာရောက် လာ၍လည်ပတ်ကြသူများမှာလည်း မိမိအား များစွာအရေးပေးလျက် အမျိုးမျိုးမြှောက်ပင့်ကာ နေရာတကာတွင် အလိုလိုက်တတ်သဖြင့်လည်းကောင်း ယောကျ်ားဆိုလျှင် အတော်အထင်သေးခဲ့မိလေ၏။ မောင်နိုပ်မှုကား အခြားယောကျ်ားများနှင့်မတူ လူအေးလူရိုး တစ်ယောက်ဖြစ်သဖြင့် ပထမတွင် ဆန်းသလိုလိုရှိခဲ့ရာမှ တစ်စတစ်စ ခင်မင်သလိုလိုရှိခဲ့လေ၏။ မောင်နိုပ်၏သဘောထားကို သိသဖြင့်လည်း ယုံကြည်စိတ်ချစွာ ရံဖန်ရံခါနှစ်ဦးတည်း စကားတပြောပြောနှင့် နေတတ်လေ၏။ ထိုအခါများတွင်ပင် မောင်နိုပ်က ဘယ်အခါမှ စတင်၍ ပြောဆိုလေ့မရှိ၊ မိမိ ကသာ စ၍ပြောမှ ပြောဖော်ရ၏။ သို့သော် စကားပြောမိသည်နှင့်တစ်ပြိုင်နက် များစွာကျေနပ်သော မျက်နှာမျိုးဖြင့် မြို့တွင်းသို့ထွက်၍ လည်ပတ်ရန်ပင် သတိမရဘဲရှိတတ်သဖြင့် မောင်နိုပ်သည် မိမိအပေါ်တွင် ဖွင့်၍မပြောသော်လည်း ဘယ်ပုံဘယ်နည်း သဘောထားသည်ကို သိသဖြင့် စိတ်တွင်း၌ကျေနပ်သလိုလို ဖြစ်မိလေ၏။ ယနေ့မှုကား မောင်နိုပ်၏အမူအရာမှာ ထူးခြားလှသဖြင့် စဉ်းစားရင်း ထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် မောင်နိုပ်ကို တွေ့လိုတွေ့ငြား ခြံတွင်းသို့ ဆင်းခဲ့လေ၏။

ခုံတန်းလျားကလေးပေါ်တွင်ထိုင်ကာ အနီးရှိ စံပယ်ရုံကလေးမှ ဖြူဖွေးသော အပွင့်ကလေးတစ်ပွင့်ကိုခူးကာ သေချာစွာကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစား၍နေလေ၏။ အတန်ငယ်ကြာမှ ခြေသံကြားသဖြင့် မော်၍ကြည့်လိုက်ရာ မောင်နိုပ်မှာ ခေါင်းငိုက်စိုက်ချလျက် လျှောက်လာသည်ကို မြင်သဖြင့်

"ဒီမှာ ကိုမောင်နိုပ်" ဟု ပြုံးရွှင်စွာ လှမ်း၍ခေါ်လိုက်လေ၏။ နောက်မှနေ၍ ကြိုးနဲ့တုပ်၍ဆွဲလိုက်သကဲ့သို့ ရုတ်တရက်ရပ်တန့်သွားရာမှ လှည့်၍ကြည့်လိုက်ရာ

mgyoe.com

mgyoe.com

"ခဏလာပါဦး၊ ခု အလုပ်သွားမလို့မဟုတ်လား၊ ကျွန်မ မှာစရာတစ်ခု ရှိလို့"

မောင်နိပ်သည် တစ်စုံတစ်ရာမျှမပြောဘဲ မြမူထိုင်နေသော ခုံတန်းလျား အနီးသို့ ကပ်ခဲ့ပြီး

"ဘာမှာချင်လို့လဲ"

"ပိုက်ဆံကို အရင်ယူမှ မှာမယ်" ဟု ပြုံး၍ပြောနေသဖြင့်

"ဘာဖြစ်လို့လဲဗျာ"

"ဟာ . . . နို့မို့ရင် ကိုမောင်နိပ်က ပိုက်ဆံမယူဘဲ ဝယ်ခဲ့မယ်ဆိုပြီး ထွက်ထွက်သွားတော့ သိပ်အားနာစရာကောင်းတယ်"

"ကဲဗျာ . . . ဒါဖြင့်လည်း ပေးပါ၊ ဘာမှာချင်လို့လဲ"

မြမူသည် ငွေတစ်ကျပ်ကို မောင်နိပ်အား အရင်ပေးပြီးမှ

"ကျွန်မ နာရီကလေး ပိုးကြိုးကလေး ပြတ်သွားလို့ တစ်ခုလောက် ဝယ်ခဲ့စမ်းပါ"

"ဟုတ်ကဲ့" ဟု ပြောဆိုကာ လှည့်၍ထွက်သွားမည်ပြုသဖြင့် မြမူက

"ဒါနဲ့ ကိုမောင်နိပ် ဒီနေ့မနက် ထမင်းလည်း သိပ်မစားနိုင်ပါလား၊ ရင်ပြည့်ပြန်ပြီထင်တယ်၊ ရင်ပြည့်ရင် ဘဘကြီးဆီက ဆေးတောင်းပြီး သောက်ပါဦးလား" ဟု နောက်သလိုလို ပြုံး၍ပြောလိုက်သဖြင့်

"တော်ပါဗျာ၊ သူ့ဆေးကတော့ တစ်ခွက်နဲ့ပဲ လန့်ပါပြီ" ဟု ပြုံးရယ်ကာ ပြောဆိုလိုက်ပြီးနောက် တစ်စုံတစ်ရာကို ပြောတော့မည်ကဲ့သို့ ပါးစပ်ဟလိုက်ရာမှ မပြောဝံ့သကဲ့သို့ တွေ၍နေသဖြင့် မြမူက လက်ထဲတွင်ရှိသော စံပယ်ပန်းကလေးကို ပန်လိုက်ရင်း

"ဘာလဲ ကိုမောင်နိပ်" ဟု ရေလာမြောင်းပေး မေးလိုက်ရာ

"ဟိုဗျာ . . . ဟိုဒင်း . . . မဏိက ပြောလို့ မမြမူတို့ ပြန်ကြတော့မလို့ဆို"

"မေမေ ပြောတာပဲ . . . ဘယ်တော့လဲတော့ မပြောတတ်ဘူး"

"အေးဗျာ . . . အင်း . . . ကောင်းပါတယ်"

မြမူက မျက်လုံးကလေးများချီတာ

"ဩော် . . . ကိုမောင်နိပ်က ကျွန်မတို့ကို ပြန်စေချင်လှမကိုး၊ ကျွန်မတို့ရှိတော့ အိမ်မှာ ရှုက်လို့ထင်ပါရဲ့"

mgyoe.com

"ဟာ . . . မဟုတ်တာဗျာ၊ ဘယ်ဟုတ်ရမှာလဲ"

"ဒါနဲ့ . . . ပြန်တာကောင်းတယ်ဆို . . ."

"မဟုတ်ပါဘူးဗျာ၊ ဘယ်ကောင်းရမှာလဲ၊ မကောင်းပါဘူး" ဟု မျက်နှာခပ်ပျက်ပျက်နှင့် ပြောသဖြင့်

"ဘာဖြစ်လို့ မကောင်းတာလဲ" ဟု ရယ်၍မေးလိုက်ရာ

"သြော်ဗျာ . . . မကောင်းဆို . . . ဟို . . . ဟို . . . ဟာ . . . မမြမှု မေးတာကလည်း ရှုပ်လိုက်တာ" ဟု စိတ်ရှုပ်၍သွားသော မျက်နှာထားဖြင့် ပြောဆိုရာမှ

"သွားတော့မယ်ဗျာ" ဟုပြောပြောဆိုဆို ကတိုက်ကရိုက်ထွက်သွားသည်ကို ပခုံးကလေးများလှုပ်၍သွားအောင် ကျိတ်၍ရယ်ရင်း ကြည့်၍နေမိလေ၏။

* * *

(၉)

ဒေါ်မြင့်နှင့် ဒေါ်အုံးလှသည် ခေါင်းချင်းဆိုင်ကာ တစ်နာရီမျှ တိုးတိုးတစ်မျိုး၊ ရယ်မောချေတစ်ခါ စကားပြော၍နေရာမှ နှစ်ဦးသား အားရပါးရရယ်လိုက်ကြပြန်သဖြင့် ခပ်လှမ်းလှမ်းတွင် သတင်းစာဖတ်ရင်း စီးကရက်တစ်လိပ်ကို ဖွာနေသော မောင်နိပ်မှာ ခေါင်းထောင်၍ထကာ လှမ်း၍ကြည့်မိလေ၏။

"စိတ်ချပါ မမမြင့်ရယ်၊ မလာလို့ ဘယ်ဖြစ်ပါ့မလဲ၊ တကတဲ ဒီလိုကိစ္စမှ မလာရင် ဘယ်ဟုတ်နိုင်ပါ့မလဲ" ဟု ပြောဆိုကာ ဒေါ်အုံးလှသည် ထိုင်ရာမှ ထ၍ အောက်ထပ်သို့ဆင်းမည်ပြုသဖြင့် ဒေါ်မြင့်လည်း အခန်းတွင်းသို့ဝင်၍ သွားလေ၏။

"နောက်လကျရင် မောင်နိပ်လည်း ခွင့်ယူပြီးလိုက်ခဲ့တော့၊ တို့တစ်တွေ ပျော်ပျော်ပါးပါး သွားကြရအောင်" ဟု အရင်းမရှိ အဖျားမရှိသော ဒေါ်အုံးလှ၏စကားကို ကြားသဖြင့်

"ဘယ်ကိုလဲ ကြီးတော်၊ ဘာကိစ္စလဲ"

"မမမြင့်က သူ့သမီးကို နေရာချမလို့တဲ့"

မောင်နိပ်တွင် မျက်လုံးအကြောင်သားဖြင့် ကြက်သေသေကာ တွေ့ဝေ၍ သွားလေ၏။

mgyoe.com

"ဟုတ်လား. . . ."

"အေး . . ." ဟု အဖြေပေးကာ အောက်ထပ်သို့ဆင်းသွားသော ဒေါ်အုံးလှအား မြူနှင်းအကြားတွင် မြင်ရသကဲ့သို့ ဝိုးတိုးဝါးဟားသာ မြင်လိုက်ရပြီးနောက် ငြိမ်သက်နေခဲ့ရာ သတင်းစာလွတ်ကျသည်ကိုလည်း မသိ၊ လက်ချောင်းနှစ်ခုကြားရှိ စီးကရက်တိုမှ တငွေ့ငွေ့လောင်ရာမှ လက်တွင် ပူခနဲရှိသဖြင့် သတိရကာ လွှတ်၍ချရင်းသက်ပြင်းကြီးမှုတ်၍ ထုတ်လိုက်မိလေ၏။ မြမှုအား လင်ပေးစားတော့မည်ဆိုသောစကားမှာ နားဝတွင် အထပ်ထပ်အဖန်ဖန်ကြားယောင်ကာ အခြားဟာကိုပင် စဉ်းစား၍မရသဖြင့် ထိုင်နေရာမှ လျင်မြန်စွာထလိုက်မိလေ၏။ နေ့စဉ်နှင့်အမျှ တိတ် တိတ်ပုန်းတိုး၍လာခဲ့သော မောင်နိပ်၏ မေတ္တာသည် သန်မာမြဲမြံသောအမြစ်များဖြင့် နှလုံးသားကို ရစ်ပတ်ခဲ့သည်မှာ များစွာမကြာသေးသော်လည်း ဖြေ၍မရအောင် စွဲမြဲခဲ့ပြီဖြစ်ရကား လျစ်လျူရှုကား မသိလိုက်မသိဘာသာနေရန်မှာ မဖြစ်နိုင်တော့ပေ။ မြမှုမှာ များမကြာမီ မင်္ဂလာဆောင်ရန် ကိုယ်တိုင်သိပြီးဖြစ်၍သာ မိမိအား လိုက်လိုက်လျောလျော ပြောဆိုဆက်ဆံခဲ့သည် ဖြစ်ပေမည်။ မိမိကသာ ဘာမျှအကြောင်းမသိသဖြင့် အမျှော်လင့်ကြီးမျှော်လင့်ကာ မြမှုအား အစွဲကြီးစွဲလျက်တစ်ဖက်သတ်ကျေနပ်နေမိသဖြင့် ဒုက္ခမများသင့်ဘဲ များရလေပြီဟု တွေးတောကာ လေးလံသောခြေလှမ်းများဖြင့် အခန်းတွင်းသို့ ဝင်သွားလေ၏။ ခုတင်ပေါ်တွင် အတော်ကြာတွေဝေနေပြီးနောက် မိမိကိုယ်ကိုမိမိပင် လှည့်စားကာ မြမှုကို အကြောင်းပြု၍ ထင်ရာမြင်ရာ စိတ်ဆောင်တိုင်းအတွေးဖြင့် သာယာကြည်နူးတစ်ကိုယ်တည်းရူးခဲ့ရပုံများကို စဉ်းစားမိသဖြင့် မချိသောပြုံးခြင်းဖြင့် ခပ်ပြုံးပြုံးဖြစ်၍သွားကာ အိပ်ရာပေါ်သို့ လှိမ့်ချလိုက်မိလေ၏။ ထွေရာလေးပါး လွင့်ပါးနေသောစိတ်ကိုအားပေးကာ မည်မျှကြာကြာစဉ်းစားနေမိသည်မသိ။ အခန်းတွင်းသို့ဝင်လာသော မဏိက စိုးရိမ်မကင်းသောမျက်နှာဖြင့်

"အစ်ကိုကြီး ဘာဖြစ်လို့လဲ၊ ရေမချိုးသေးဘူးလား၊ တော်တော်ကြာရင် ထမင်းစားကြတော့မယ်" ဟု ပြောလိုက်မှ အိပ်ရာမှ မထသေးဘဲ

"ထမင်းမစားတော့ဘူးကွာ . . . ငါ ဒီကနေ့ နည်းနည်းနေမကောင်းဘူး" မဏိသည် မောင်နိပ်အား တစ်ခဏမျှကြည့်နေရာမှ

"ဒါဖြင့် ဆေးကလေး ဝါးကလေး သောက်လိုက်ကလား အစ်ကိုကြီး၊

အိမ်မှာ ငန်းဆေးတို့ အဖျားပြတ်ဆေးတို့ ရှိသားပဲ"

"မသောက်ဘူးကွာ နေပစေ၊ တော်တော်ကြာ နေကောင်းသွားမှာပဲ" ဟု ပြောရင်း တစ်ဖက်သို့မျက်နှာလွှဲ၍သွားသဖြင့် အနားသို့ တိုးရင်း

"ဒါနဲ့ . . . ဟိုဒင်းကော ဘယ့်နှယ့်လဲ၊ နေရာကျပလား"

မောင်နိပ်သည် မဏီအား မျက်မှောင်ကုပ်ကာ လျှင်မြန်စွာ လှည့်၍ကြည့် လိုက်လေ၏။

"ဘာဟိုဒင်းလဲ၊ တော် . . . နောက်ကို ဒီစကား ထပ်မပြောနဲ့" ဟု ခပ်ငေါက်ငေါက် ပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့" ဟု အံ့အားသင့်၍သွားရာမှ မရဲတရဲမေး လိုက် လေ၏

"မင်း တယ်ရှည်တဲ့အကောင်ပါကလား"

"ဒါတော့ အစ်ကိုကြီး သဘောပေါ့ . . . ကျွန်တော်ကတော့ အစ်ကိုကြီး အတွက် ပြောနေတာပါ" ဟု အခန်းထဲမှ ထွက်မည်ပြုပြီးမှ မထွက်သေးဘဲ ရပ်၍နေသဖြင့်

"မင်းကို ပြောလို့လည်း အလကားပဲ၊ ဘာမှ တတ်နိုင်မှာမဟုတ်တော့ အပိုပေါ့"

"ဘယ့်နှယ် ပိုရမှာလဲ၊ ကျွန်တော် . . ."

"ဩော် . . . တယ်ကြပ်တဲ့အကောင်ပါကလား၊ သူ့မှာ စပ်ပြီးသား၊ ခု ဒီက ပြန်သွားရင် မင်္ဂလာဆောင်တော့မယ်တဲ့၊ ကဲ . . . သိပလား" ဟုပြောကာ ထိုင်လိုက်လေ၏။

မဏီမှာ အတုန်ကြာငိုင်၍သွားရာမှ ကြီးမားသော မိမိ၏ခေါင်းကို အသာအယာ ကုပ်၍ အတွင်းရှိအကြံဉာဏ်များကို ပွတ်သပ်၍ထုတ်နေရာမှ နောက်ဆုံးတွင် လက်လျှော့သောမျက်နှာဖြင့် ဘာတစ်ခွန်းမျှထပ်၍မပြော တော့ဘဲ အခန်းထဲမှ ထွက်သွားလေ၏။

မောင်နိပ်သည် ထမင်းစားချင်စိတ် မရှိလှသော်လည်း နေထိုင်မကောင်း ဟုပြောလိုက်ပါက ဦးအေး၏ဆေးဝါးများကို သောက်ရတော့မည်ကို ကြိုတင် စဉ်းစားမိရကား အဝတ်အစားများမလဲသေးမီ ထမင်းစားခန်းသို့ ဝင်ခဲ့လေ၏။ မြမူ၏မျက်နှာကို ရုတ်တရက်လှမ်းကြည့်မိရာ များစွာမကြည်သာလှဘဲ စိတ်ထဲ

mgyoe.com

mgyoe.com


တွင် တစ်စုံတစ်ရာအနှောင့်အယှက်ရှိနေသော အမူအရာကို မြင်ရသဖြင့် အနည်းငယ်အံ့အားသင့်၍ သွားမိလေ၏။ အားလုံးထိုင်မိကြပြီဖြစ်သော်လည်း ထမင်းပန်းကန်များထဲသို့ မဏိက ထမင်းထည့်၍နေသဖြင့် ဦးအေး၊ ဒေါ်အုံးလှနှင့် ဒေါ်မြတို့မှာ တနင်္ဂနွေနေ့တွင် ပျော်ပွဲစား ပျော်ပျော်ပါးပါးသွားကြရန် ရယ်မောတိုင်ပင်နေကြလေ၏။ ချစ်ချစ်လည်း ငါးကြော်ပန်းကန်ကို မျက်စောင်းထိုး၍နေရာမှ

"ဟဲ့ . . . အောက်က ဘယ်သူလဲ"ဟု ပြောဆိုကာ စားပွဲခင်းကို လှန်၍ ငုံ့ကြည့်ပြီး

"ကိုကိုက မမမူကို ခြေထောက်နဲ့ကန်သလား" ဟု မောင်နိပ်အား ခပ်ပြုံးပြုံး မေးလိုက်သဖြင့်

"ဟယ် . . . ချစ်ချစ်ကလည်း မဟုတ်တာ" ဟု မြမူက ငေါက်လိုက်သော်လည်း ချစ်ချစ်က ဆက်လက်၍

"ဒါပဲနော် . . . ကန်ရင် ချစ်ချစ်က ဒီဘက်ကနေပြီး ကိုကို့ခြေထောက်ကို သံချောင်းနဲ့ ထိုးလိုက်မယ်" ဟု ဆိုကာ ဘယ်ကကောက်ခဲ့သည်မသိ၊ သံချေးတက် လျက်ရှိသော သံချောင်းကြီးတစ်ခုကို ထောင်၍ပြသဖြင့်

"ဟဲ့ . . . သမီး . . . ပေး . . . ပေး၊ ဒီလို ပေပေရေရေတွေကို မကိုင်ရဘူး" ဟု ဒေါ်မြင့်က ယူ၍သိမ်းလိုက်လေ၏။ မောင်နိပ်မှာကား အနည်းငယ်ဝင်၍ ပြုံးလိုက်ရုံမှတစ်ပါး စကားမပြောဘဲ ထမင်းကို ခပ်သုတ်သုတ်စားကာ ထသွားလေ၏။ မဏိသည် ထမင်းဟင်း ဖြည့်စွက်ပေးနေရာမှ မကြာခဏ မြမူကိုလည်းကောင်း၊ ချစ်ချစ်ကိုလည်းကောင်း ကြည့်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် အကြံထုတ်နေသကဲ့သို့ တစ်ခါတစ်ခါ မျက်မှောင်ကုပ်သွားလေ၏။ ထိုနေ့အဖို့တွင် မဏိမှာ အလုပ်မတွင်ဘဲ အမေ့မေ့အလျော့လျော့ဖြစ်ကာ ဒေါ်အုံးလှ၏ မြည်တွန်ခြင်းကို ခံရသော်လည်း နေ့လယ်လောက်တွင် မဏိသည် အိမ်နောက်ဖေးခြံကြီးထဲတွင် သစ်ပင်ရိပ်တစ်ခုအောက်၌ စူးဆောက်အစုံနှင့် တစ်စုံတစ်ရာကို စိတ်ပါလက်ပါလုပ်လျက်ရှိလေ၏။ အနီးတွင် ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ကာ ဝမ်းသာရွှင်လန်းသောမျက်နှာဖြင့် ကြည့်နေသော ချစ်ချစ်အား ရယ်ကာမောကာ စကားပြောလျက်ရှိ၏။ ချစ်ချစ်မှာလည်း ခေါင်းတညိတ်ညိတ်ဖြင့် အပါးမှမခွာဘဲ ကြည့်ရှုနေရာ နှစ်နာရီလောက်အကြာတွင်

mgyoe.com

ရွက်များကြိုးများ တပ်ဆင်ပြီးသော လေ့ငယ်ကလေးတစ်စင်းကို မြှောက်ပြလိုက်လေ၏။ ချစ်ချစ်မှာလည်း ခုန်ဆွခုန်ဆွဖြင့် အားပါးတရ လက်ခုပ်လက်ဝါးတီးကာ ဝမ်းအသာကြီး သာ၍နေလေ၏။ လှေကလေးကို ချစ်ချစ်၏လက်သို့ တိုးတိုးတိတ်တိတ် ပြောဆိုမှာထားရင်း ပေးအပ်လိုက်ပြီးနောက် နောက်ဖေးခန်းသို့ ဝင်ခဲ့လေသည်။ ထိုနေ့ကား စနေနေ့ဖြစ်သဖြင့် မောင်နိပ်သည် နေ့တစ်ဝက်တွင် အလုပ်မှဆင်းခဲ့ပြီးနောက် အိမ်ကိုမပြန် စိတ်ထင်ရာသို့ လျှောက်မည်ဟု ထွက်လာခဲ့သော်လည်း မြမူအား မကြာခဏ သတိရကာ မြမူ၏ မျက်နှာကလေးကိုသာ မြင်ယောင်၍နေသဖြင့်

"သူလည်း မကြာခင် ပြန်တော့မှာပဲ၊ မပြန်ခင် အခြေမပျက်နေရင် ကောင်းမယ် မဟုတ်လို့ ငါ့အကြောင်းကို သူရော လူကြီးတွေပါ ရိပ်မိလို့ရှိရင် သာပြီးရှက်စရာ ကောင်းတော့မယ်၊ ခုပဲ နည်းနည်းပါးပါး သိကုန်ကြပလားမပြောတတ်ဘူး၊ ဟယ် ဘာဖြစ်ဖြစ် မထူးပါဘူး" ဟု တစ်ကိုယ်တည်း ညည်းညူကာ အိမ်ဘက်သို့တက်ခဲ့ရာ အပေါ်ထပ်မှ ဆင်းလာသောမြမူနှင့် ရင်ဆိုင်တွေ့သဖြင့်

"ကိုမောင်နိပ် ပြန်လာပလား" ဟု မပြုံးမရယ် မျက်နှာထားဖြင့် မေးသဖြင့်

"ဟုတ်ကဲ့၊ ဘယ်သွားကုန်ကြသလဲ"

မေမေနဲ့ ကြီးကြီးတို့ မနက်ဖြန် ပျော်ပွဲစားထွက်ဖို့ ဈေးသွားဝယ်ကြတယ်"

"ဘကြီးကော"

"ဘဘကြီးလည်း ခပ်စောစောက ထွက်သွားတာပဲ" ဟု ပြောဆိုကာ ဆင်းသွားသဖြင့် ကိုမောင်နိပ်လည်း အခန်းထဲသို့ဝင်၍ အဝတ်အစားလဲလှယ်ပြီးနောက် ပြတင်းပေါက်တွင်ရပ်လျက် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိကာ အတန်ကြာငေး၍နေလေ၏။ မထာသည် ဧည့်ခန်းတွင် စာဖတ်နေသော မြမူကို စောင်းငဲ့၍ကြည့်လိုက်ပြီးနောက် လှေကားဘက်သို့ လျှောက်ခဲ့ရာ မောင်နိပ်၏ ဖိနပ်ကိုမြင်သဖြင့် ခြေဖျားထောက်ကာ အပေါ်ထပ်သို့တက်သွားပြီး ချောင်း၍ ကြည့်လိုက်လျှင် ပြတင်းပေါက်တွင် မေးထောက်နေသော မောင်နိပ်ကို မြင်တွေ့ရလေ၏။ အသံမကြားအောင် သတိထားကာ ပြုံးရွှင်သောမျက်နှာဖြင့် အောက်ထပ်သို့ ပြန်၍ဆင်းခဲ့လေ၏။

မောင်နိပ်သည် စီးကရက်ကိုဖွာနေရာမှ ခြေပွ၍ပစ်လိုက်ပြီးနောက် ခုတင်

mgyoe.com

mgyoe.com


ပေါ်တွင် တင်ပါးလွှဲဝင်၍ ထိုင်လိုက်လေ၏။ နေရထိုင်ရသည်မှာ လွန်ခဲ့သော နေ့ရက်များကဲ့သို့မဟုတ်။ လှုပ်ရှားလျက်ရှိသောစိတ်မှာ တစ်နေရာတည်းတွင် မနေနိုင်၊ ထိုင်မရ နေမထိ၊ မြမူအကြောင်းကို တွေးမိတိုင်း ဟာစ်၍ပင် ငိုချင်သလောက် စိတ်နောက်၍ သွားမတတ်ဖြစ်မိလေ၏။ မိခင်ဖြစ်သူ ပြန်လာလျှင်လည်း မြန်မြန်ပြန်၍ပြောင်းရလျှင် တော်သေး၏ဟူ၍လည်း စိတ်ကူးမိ၏။ ထိုင်နေရာမှ အိပ်ရာပေါ်သို့ ဖြည်းညင်းစွာ လှဲရင်း အတော်ကြာ မျက်လုံးများမှိတ်လျက် ငြိမ်သက်၍နေစဉ် တစ်စုံတစ်ယောက် ဝင်လာသံကို ကြားသဖြင့် မျက်လုံးများကို ဖွင့်၍ကြည့်လိုက်ရာ မှန်ကုပ်ကုပ်မျက်နှာအနီးတွင် ရပ်နေသောချစ်ချစ်ကို တွေ့ရလေ၏။ လှဲနေရာမှ ထ၍ထိုင်ရင်း

"ဩော် . . . ချစ်ချစ် ပါကလား၊ ဘာလုပ်မလို့လဲ"

ချစ်ချစ်သည် ရုတ်တရက် ဘာမှမပြောသေးဘဲ တစ်စုံတစ်ရာကို ပြန်လည် စဉ်းစားသကဲ့သို့ နေလိုက်ပြီးမှ

"မမမူက ပြောတယ်၊ ကိုကိုက သူ့ကို မခေါ်ဘူးတဲ့၊ သူ့ကို မေးချင်တာရှိရင် မေးပါတဲ့၊ သူ့စိတ်မကောင်းအောင် မလုပ်ပါနဲ့တဲ့၊ ခု လာပါဦးတဲ့" ဟုပြောဆိုကာ အခန်းတွင်းမှ လျင်မြန်စွာ လှည့်ထွက်၍သွားလေ၏။ မဏိသည် အခန်းတွင်းမှ ထွက်လာသောချစ်ချစ်နှင့် တံခါးဝတွင် ဆုံနေသဖြင့် လှေကားမှ ဆင်းသွားသည်ကို ကြည့်နေပြီး အခန်းတွင်းသို့ ဝင်ရင်း

"အစ်ကိုကြီး ကလေးက ဘာပြုလို့ စိတ်ဆိုးသွားတာလဲ"

"စိတ်ဆိုးတာ မဟုတ်ပါဘူးကွာ၊ မမြမူက သူ့ကို ငါက အရင်လို ပျော်ပျော်ပါးပါးစကားမပြောတာ စိတ်မကောင်းဘူးတဲ့၊ ဘာဖြစ်လို့လဲ သူ့မှာတော့ အပြစ်မရှိပါဘူး၊ မေးချင်တာမေးပါတဲ့၊ ဟုတ်မှဟုတ်ရဲ့လားလည်း မသိဘူး၊ ဒီကောင်မလေးက အခက်သားကွ၊ ငါလည်း သူ့ကို မေးစရာ ဘာမှ မရှိပါဘူး"

"ဒီလိုဆိုရင် နေရာကျတာပေါ့ အစ်ကိုကြီးရဲ့၊ သူ မင်္ဂလာဆောင်မယ်ဆိုတာ အဟုတ်လား၊ မဟုတ်ရင်လည်း မဟုတ်တဲ့အကြောင်း ကိုယ့်ကိုယူဖို့အကြောင်း၊ ဟိုနေ့က အစ်ကိုကြီးပြောသလို ဆက်ပြီးပြောရုံပေါ့၊ တန်တော့ ကျွန်တော်ထင်တာဖြင့် သူ့စကား လာပုံထောက်တော့ အစ်ကိုကြီးအပေါ်မှာ သူ တော်တော်မေတ္တာရှိနေပုံရတယ်၊ ဒါကြောင့်မို့သာ ခုလို အရေးတယူ လာပြီး မေးလှည့်ပါလေး၊ ဘာလေးနဲ့ ပြောဖော်ရတာပေါ့"

mgyoe.com

mgyoe.com

မောင်နိပ်၏မျက်နှာမှာ သွေးအားတိုး၍လာသော လူနာကဲ့သို့ သိသိသာသာ ရွှင်လန်း၍လာလေ၏။ တွေဝေ၍ နားထောင်နေရာမှ

"ဒါပေမဲ့ ချစ်ချစ်စကားကို ယုံရပါ့မလားကွာ"

"ဟာ . . . ဒီလို သေသေချာချာ ဘယ်နည်းနဲ့မှ ကြံဖန်ပြီးပြောမှာ မဟုတ်ပါဘူး၊ ပြောလည်းပြောတတ်မှာ မဟုတ်ပါဘူး"

"အောင်မာ . . . သူက အာဂဟာကလေးကွ"

"အစ်ကိုကြီးက တမှိုင်မှိုင်တတွေတွေနဲ့ စကားမပြောဘဲနေတာကို သူ သိသလား"

"အေး . . . ဒါလည်း အဟုတ်သား၊ မမြမူက မပြောဘဲတော့ ဒီစကားကို ဘယ်နည်းနဲ့မှ သူ ပြောမှာမဟုတ်ဘူး"

"အဲသည်တော့ အစ်ကိုကြီးလည်း စဉ်းစားလေ၊ မိန်းကလေးတစ်ယောက်စပြီး ခုလို အောင့်အည်းမထားနိုင်ဘဲ ပြောရှာတာဟာ အစ်ကိုကြီးကို ဘယ်လောက်အရေးထားတယ်ဆိုတာသာ ကြည့်ပေတော့ . . . အဲသည်လို သူက ပြောလို့မှ အစ်ကိုကြီး က မမေးမမြန်းဘဲ ခပ်တန်းတန်းနေလိုက်မယ်ဆိုရင် အစ်ကိုကြီး ဘယ်ကောင်းနိုင်တော့မှာလဲ၊ သူ့ခမျာမှာလည်း သူက ဂရုတစိုက် ပြောပါလျက်နဲ့ ခပ်တည်တည်လုပ်တယ်ဆိုပြီး စိတ်လည်းနာ၊ ရှက်လည်းရှက်" ဟု စကားမဆုံးမီ မောင်နိပ်သည် ထိုင်ရာမှထ၍

"ဟော့ ... တော် ... ဟော် ... ရှေ့လျှောက်မဆက်နဲ့တော့ ... ငါ သွားမေးမယ်" ဟု ပြောဆိုကာ အောက်ထပ်သို့ ခပ်ဖြည်းဖြည်း ဆင်းသွားလေ၏။

ဧည့်ခန်းတွင်းရှိသော စားပွဲပေါ်တွင် တင်ထားသောပန်းအိုးမှ ပန်းများကို နေရာ တကျပြင်၍ထိုးနေသော မြမူမှာ ခြေဟန်လက်ဟန်ပါပါနှင့် ပြောဆိုနေသော ချစ်ချစ်၏စကားကို နားထောင်နေရာမှ မျက်နှာကလေး နီမြန်း၍သွားရင်း

"ဟင် . . . မဟုတ်တာ . . . သူ့စာကို ငါက ဘာလုပ်ယူထားရမှာလဲ"

"မသိဘူးလေ . . . ကိုမဏိကလည်း ယူမယ်မထင်ပါဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ ကိုကိုက မမမူကို မေးချင်တယ်တဲ့၊ မေမေကြီးကလည်း ပြောတယ်တဲ့၊ မသိဘူး"

"အို . . . ရှုပ်ရှုပ်ယှက်ယှက် မေးချင်လာမေးပေစေ" ဟု တိုတိုတောင်းတောင်း ပြောဆိုလိုက်ရာ ချစ်ချစ်မှာ အခန်းတွင်းမှ ထွက်၍သွားလေ၏။

mgyoe.com

mgyoe.com


ပန်းများကို ပြင်ဆင်၍ထိုးပြီးနောက် မျက်နှာကလေးခပ်ထားထားနှင့် ဆိုဖာပေါ်တွင် ထိုင်နေစဉ် အခန်းဝတွင် မဝင့်ဝံ့သလို ခပ်ဆိုင်းဆိုင်းရပ်နေသော မောင်နိပ်အား မြင်လိုက်ရာ

"ကိုမောင်နိပ် လာပါဦး" ဟု လှမ်း၍ခေါ်ငင်လိုက်မှ ဝင်၍လာသဖြင့်

"ကိုင်း . . . ဘာများမေးစရာ ရှိသလဲရှင် မေးပါ"

"ဒီလိုပါ မမြမူရယ်၊ ကျုပ်က နည်းနည်းအားနာနေလို့ မေးရမှာ" ဟု စကားမဆုံးမီ

"အို . . . ဘာ အားနာရမှာလဲ၊ ကျွန်မ စိတ်မဆိုးတတ်ပါဘူး၊ အချင်းချင်းတွေဟာ မေးစရာရှိ မေးရော့ပေါ့"

"ဒီလိုဆိုရင် ကျွန်တော် သိပ်ဝမ်းသာပါတယ်၊ မေးရမှာကလည်း ကျုပ်အဖို့ သေရေးရှင်ရေးလောက် အရေးကြီးနေတော့"

"အမလေး ကိုမောင်နိပ်ရယ်၊ တကယ်လို့ ဒါလောက်အရေးကြီးရင် စောစောစီးစီး ဖွင့်မေးပါတော့"

"မမြမူ ဒီလိုသဘောထားတာ ကျုပ်ဖြင့် သိပ်ကျေးဇူးတင်တာပဲ၊ စိတ်လည်း မဆိုးနဲ့နော်၊ ကျုပ်က သွယ်သွယ်ဝိုက်ဝိုက်ပြောမနေချင်ဘူး"

"ကျွန်မကလည်း ဖြောင့်မေးမှ ကြိုက်တယ်၊ မမေးဘဲနဲ့ ကိုယ့်အထင်နဲ့ကိုယ် နေတာကို မကြိုက်ပါဘူး"

"ကဲဗျာ . . . ကျုပ် အခု နှစ်ရက်သုံးရက်အတွင်းမှာ မမြမူအတွက်နဲ့ လူ့ကို သွက်သွက်လည်သွားတာပါပဲ၊ ခုတော့ မမြမူက ပွင့်ပွင့်လင်းလင်း မေးဖို့ ခွင့်ပြုတယ်ဆိုတော့ သိသိသာသာဖြစ်တော့မှာပေါ့လေ၊ မမြမူကို ဒီက ပြန်သွားရင် နေရာချထားဖို့စီမံတာဟာ မမြမူက သဘောတူလို့လား၊ သို့မဟုတ်ဘဲ လူကြီးများက သဘောနဲ့ စီစဉ်တာလား၊ တကယ်လို့ မမြမူသဘောကျလို့ စီမံတယ်ဆိုရင်တော့ ကျုပ်ကပေါ့၊ သဘောမကျဘဲ လူကြီးတွေသဘောကို လိုက်ရမယ်ဆိုရင်တော့ သူတို့အလိုကိုမလိုက်ခင် နည်းနည်းစဉ်းစားဖို့ ပြောချင်တာပါပဲ" ဟု အဆက်မပြတ်ပြောလိုက်ရာ ထင်တာတလွဲ၊ မေးတာတစ်မျိုးဖြစ်၍နေသဖြင့် အံ့အားသင့်ကာ မျက်လုံးကလေးများဝိုင်းလျက် နားထောင်နေရာမှ အားရပါးရ ရယ်ချင်လှသဖြင့် မျက်နှာပြောင်တိုက်ကာ ရယ်လိုက်ပါက မောင်နိပ်မှာ ရှက်ရှက်နှင့် ထွက်၍ပြေးတော့မည်ကို တွေးလျက် မျက်နှာ

mgyoe.com

ကို လက်ကလေးနှစ်ဘက်ဖြင့် အုပ်ရင်း ဆိုဖာပေါ်သို့ငုံ့၍ ပခုံးကလေးများ သွက်သွက်ခါ၍သွားအောင် ကြိတ်၍ရယ်မိလေ၏။

မောင်နိပ်မှာ စိုးရိမ်ခြင်းပြင်းပြသောမျက်နှာဖြင့် လျင်မြန်စွာ မြမှုအနီးသို့ ကပ်ရင်း

"အို မငိုပါနဲ့ မမြမှုရယ်၊ မငိုပါနဲ့၊ ကျုပ်လည်း မျိုသိပ်ပြီးမထားနိုင်လို့ မေးရတာပါ၊ မမြမှု ဝမ်းနည်းတယ်ဆိုတာ ကျုပ်ထက်တော့ မပိုနိုင်ပါဘူး" ဟု ပြောရင်းပြောရင်း နှလုံးသားများ ကြေမွပြိုကျသကဲ့သို့ ရင်တွင်း၌ နာ၍သွား သဖြင့် အသံမှာ တုန်တုန်ရီရီဖြစ်၍ သွားလေ၏။ မြမှု၏ ပခုံးကလေးများမှာ ယခင်ကထက် ပိုမိုလှုပ်ရှား၍သွားလေ၏။ မောင်နိပ်တွင်ကား ခေါင်းကလေး ပေါ်သို့ လက်တင်တော့မလို၊ ဟိုလိုလို ဒီလိုလိုဖြစ်နေရာမှ

"ကျုပ် မမြမှုကို ဘယ်လောက်ချစ်တယ်ဆိုတာ သိမှာပါပဲ၊ မပြောရဲလို့ သာ မပြောဘဲနေရတာပါ၊ ကျုပ်အကြောင်းကိုလည်း ဒီလောက်အတူတူနေမိ တော့ သိမှာပေါ့၊ ကျုပ် မိန်းမဆိုရင် ဘယ်တော့မှ ရောရောဝင်ဝင်မနေခဲ့ဖူးပါ ဘူး၊ စကားလည်း များများမပြောဖူးဘူး၊ သွယ်သွယ်ဝိုက်ဝိုက်လည်း မပြော တတ်ဘူး မမြမှု၊ လူကြီးတွေ ပြောတဲ့စကားကို နားထောင်သင့်မှ နားထောင်ရ တာပါ၊ ကျုပ်ကိုကြည့်လေ၊ ဒီအရွယ်ထိအောင် ဘယ်လိုပြောလို့မှ မိန်းမ မယူဘူး၊ တစ်သက်လုံး ကိုယ်နဲ့သာပေါင်းရမှာ သူတို့နဲ့ ပေါင်းရမှာမှ မဟုတ်ဘဲ၊ ကိုယ့်သဘောကျတွေ့မှ ယူနိုင်တော့မပေါ့၊ ကဲပါ မမြမှုရယ် ငိုနေလို့မပြီးသေး ဘူး၊ ကျုပ်ပြောတာ ဘယ်လို သဘောရသလဲ" ဟု မေးမှ မြမှုမှာ မျက်နှာကို မနည်းဣန္ဒြေဆည်ကာ ငုံ့နေရာမှ ထလိုက်လေ၏။ မောင်နိပ်၏ ငိုမလို မျက်နှာထားကို မြင်ရပြန်သောအခါ ရယ်ချင်လာပြန်သဖြင့် ကြိုးစား၍ မျိုသိပ် ပါသော်လည်း မရတော့ဘဲ

"ခိ . . . ခိ . . . ခိ . . . ခစ် . . . ခစ်" ဟု ဖြစ်၍သွားလေ၏။

မောင်နိပ်မှာ "ဟာ" ခနဲ ပါးစပ်မှ ထွက်သွားရင်း မျက်လုံးများပြူးလျက် မမြမှုအားကြည့်နေရာမှ တစ်စတစ်စ တိုး၍သာရယ်နေသဖြင့်

"မမြမှု မမြမှု သတိထားလေ"

"နေစမ်းပါဦး၊ ကျွန်မ ရယ်ချင်လွန်းလို့ပါ"

"ဘာ . . . ဘာဖြစ်လို့လဲ"

mgyoe.com

"နေပါဦး၊ ရှင့်ကို ကျွန်မ လင်ယူတော့မယ်လို့ ဘယ်သူပြောသလဲ"

"မနေ့က ကြီးတော်ပြောတာပဲ"

မြမူမှာ မယုံသင်္ကာဖြစ်သောမျက်နှာဖြင့် မောင်နိုပ်အား အတန်ကြာကြည့်နေပြီး မှ

"ဘယ်ဟုတ်ရမှာလဲ၊ အလကားပြောတာ၊ ရှင် နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်"

"တကယ်ပါဗျာ၊ ပြောတာမှ သေသေချာချာ ပြောတာပါ"

"ဒါဖြင့်လည်း မပြောတတ်ဘူးလေ၊ သူတို့ ဘာပြောပြော ကျွန်မကတော့ ကျွန်မ သဘောပဲ"

"ဟင် ဒါဖြင့်ရင်လည်း မထူးတော့ဘူးဗျာ၊ မမြမူသဘောက ဘယ်လိုလဲ"

"ဟာ ဘယ်လိုလဲ"

"မသိချင်ဟန်ဆောင်မနေပါနဲ့ မမြမူရယ်၊ ကျုပ် ခုနပြောတာ ဘယ်လိုသဘောရသလဲ"

"ကိုမောင်နိုပ် ထင်သလိုပေါ့"

"ဟာ ကျုပ်က ဘယ်လိုထင်တတ်မလဲ၊ မမြမူပြောတာက တယ်မရှင်းတာပဲ၊ ပြောစမ်းပါ မမြမူရယ်၊ သဘောမကျဘူးဆိုရင်လည်း ကျုပ်ကို နောက်ဆုံးတွေ့ခြင်းပါပဲ၊ နောင်ကို ဘယ်တော့မှ မနှောင့်ယှက်ပါဘူး"ဟု ဝမ်းနည်းသံကြီးနှင့် ပြောဆိုကာ ဆိုဖာအနီးတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်လိုက်ရာ တုတ်တံကို ဘယ်အချိန်က ဘယ်သူဖြုတ်ထားသည်မသိ 'ဖြုန်း' ခနဲပြုတ်၍ကျသဖြင့် မောင်နိုပ်မှာ ခြေနှစ်ချောင်း မိုးမျှော်လျက် လွှမ်းခန်းတွင် အရုက်ကွဲရပြန်လေ၏။

ချစ်ချစ်သည် အိမ်ရှေ့ခန်း ဗီရိုလေးနောက်မှ အားရပါးရရယ်မောရင်း

"မမမူ၊ တုတ်ဒီမှာ၊ ချစ်ချစ် ဖြုတ်ထားတာ၊ ဟား . . . ဟား . . . ဟား . . . ကိုကို လိမ့်ကျပြီဟေ့" ဟု တုတ်ကို ဝှေ့ရမ်းကာ ထွက်လာသဖြင့် ရုတ်တရက်လန့်၍ အော်မိရာမှ

"မိချစ်ချစ်၊ ကြည့်စမ်း၊ နင်တော့ လုပ်ဦးမယ်"ဟု ကြုံးဝါးနေစဉ် မောင်နိုပ်အား ကုလားထိုင်ကြားမှ ဆွဲ၍ထုတ်ရလေ၏။ မောင်နိုပ်မှာ ရှက်ရှက်နှင့်ပြုံးကာ ခြေသလုံးကို ကုန်း၍ပွတ်လိုက်ရာ ဝတ်ထားသော ပိုးလုံချည်အဝါနုတွင် အနီ

mgyme.com

ရောင် ကွက်၍သွားလေ၏။

"အို ကြည့်စမ်းပါဦး၊ ခိုက်မိသွားပြီထင်တယ်၊ သွေးတွေနဲ့" ဟု စိုးရိမ်မကင်း ပြောလိုက်သော မြမူကိုကြည့်ရင်း

"အို ကိစ္စမရှိပါဘူး၊ ကျုပ်မေးတာဟာ ပြောစမ်းပါဦး"

"ပြောပါ့မယ်၊ ကြည့်စမ်းပါဦး၊ သိပ်များသွားသလား"

"နေပါဦးဗျာ၊ မေးတာ ပြောပါဦး"

"နောက်ပြီးတော့ ပြောပါ့မယ် ရှင်"

"ပြောပြီးတော့ ကြည့်တာပေါ့"

"သြော် . . . ခက်လိုက်ပါဘိတော့ နော်၊ ကိုမောင်နိပ် ကျွန်မအပေါ်မှာ ဘယ်လို သဘောထားသလဲ"

"ကျုပ်ကလား၊ ကျုပ်ကတော့ မမြမူကို မြင်တဲ့နေ့ကစပြီး . . . . ."

"ကျွန်မကလည်း အဲသည်ပါပဲတဲ့ရှင်၊ ကဲ ဘယ်မလဲ ကြည့်စမ်းပါဦး" ဟု ခပ်ပြုံးပြုံးပြောလိုက်သဖြင့်

"တကယ်နော်" ဟု ထပ်၍တွန့်နေလိုက်ပြန်ရာ ပါးစပ်က မပြောဘဲ ခေါင်းကလေးကိုသာ ညိတ်၍ပြလေ၏။

မောင်နိပ်မှာ လေထဲတွင် ပျံဝဲနေရသကဲ့သို့ ရင်ထဲတွင် အေးတစ်ခါနွေးတစ်လှည့် ဖြစ်၍သွားရာမှ ဝမ်းသာလုံးဆို့ကာ တဟီးဟီးရယ်လျက် ပွဲသွားသောဒူးကိုကြည့်ရင်း

"နည်းနည်းလေးပါ၊ ဟီး ... ဟီး ... ဒူးပြဲလို့ မသေနိုင်ပါဘူး၊ ဟူး ... ဟူး ... ဟီး ... ဟီး" ဟု အဓိပ္ပာယ်မရှိသော ရယ်ခြင်းဖြင့် ဆက်၍ရယ်နေသဖြင့်

"အို ကိုမောင်နိပ်ကလည်း ဘယ့်နှယ့်ဟာလဲ၊ အလကားပဲ ရယ်နေတယ်"

"ကျုပ် ဝမ်းသာလွန်းလို့ မမြမူရဲ့"

"ဒါနဲ့ နေပါဦး၊ ရှင် ကျွန်မကို မေးစရာရှိတယ်ဆို"

"ဟုတ်တယ်လေ၊ မေးပြီးပါပကော၊ အဲဒါပေါ့"

"မဟုတ်သေးပါဘူး၊ ရှင် စာ ဆိုတာလေ"

"ဘာစာလဲ၊ ဘယ်ကလဲ" ဟု နားမလည်သောမျက်နှာဖြင့် မေးပြန်သဖြင့်

"ရှင်က ရှင့်စာကို ကျွန်မ ယူထားတယ်လို့ ပြောတယ်ဆို"

mgyoe.com

mgyoe.com

"အို . . . မဟုတ်မဟတ် ဘယ်ကစာလဲ၊ မသိရပါကလား"

"ချစ်ချစ်က ပြောလို့၊ ဒါနဲ့ ကျွန်မကလည်း ငါ မယူဘူး၊ လာမေးချင် မေးပစေလို့ ပြောလိုက်"

"ဟောဗျာ၊ ကျုပ် ပြောတော့ မမြမှုက ကျုပ် တမှိုင်မှိုင်နေတာကို မကျေနပ်ဘူး၊ အပြစ်လည်း မရှိဘဲနဲ့ မခေါ်မပြောနေတာ မကောင်းပါဘူး၊ မေးချင်တာ ရှိရင် လာမေးပါလို့ အခေါ်ခိုင်းတယ်ဆို"

"အလို မဟုတ်ရပါကလား . . . ကြည့်စမ်း၊ ဒီကောင်မလေး" ဟု စကားမဆုံးမီ မောင်နိပ်က

"ကလေးပဲ မမြမှုရယ် . . ."

"အမယ် . . . ကိုမောင်နိပ်က ချစ်ချစ်ရဲ့လူဖြစ်နေပလား"

"ဒါတော့ ကျေးဇူးရှင်ကိုး . . . သူ မဟုတ်တာပြောထုတ်ဖော်ရလို့ ကိုယ်ကော်တာကိုး" ဟု ရယ်မောပြောဆိုနေရာမှ တစ်စုံတစ်ရာကို သတိရသကဲ့သို့၊

"အမယ် အခုမှ သတိရတယ်၊ ဟိုတလောက မမြမှုမှာတဲ့ လက်ပတ်နာရီကြိုး ကလေးဟာ"

"ဟုတ်ပါရဲ့၊ ရှင့်မှာ ခုမှပဲ သတိရတော့တယ်"

"စောစောကတော့ ဗျာများပြီး ဘာမှ သတိမရဘူး မမြမှု" ဟု ပြောဆိုကာ ဒူးပြဲနေသည်ကို သတိမရဘဲ အပေါ်ထပ်သို့ ပြေးတက်သွားပြီးနောက် အောက်ထပ်သို့ လျင်မြန်စွာပြန်၍ဆင်းခဲ့လေ၏။

"မမြမှုမှာတဲ့ကြိုးက မမြမှုလို လှတဲ့လူနဲ့ဆိုတော့ ရိုးအားကြီးလို့ ပီအောက ဟောဒီကြိုးကလေးကို ဝယ်ခဲ့တယ်" ဟု ပလက်တီနံ လက်ပတ်ကြိုးကလေးကို လှုပ်၍ပြလိုက်လေ၏။

မြမှု၏ မျက်နှာကလေးမှာ ဝင်းထိန်၍သွားကာ ဝမ်းသာအားရ လက်လှမ်းရင်း

"အမယ်လေးဟယ် လှလိုက်တာ ပြစမ်း ပြစမ်း"

"ဘာရမလဲကွာ၊ ကိုယ်တိုင် ပတ်ပေးရမှ ပေးမှ"

"ကြည့်စမ်းပါလား ဈေးကိုင်သွားလိုက်တာ"

"ကိုင်တာပေါ့၊ ပေး နာရီ ကိုယ်တပ်ပေးမယ်"

mgyoe.com

mgyoe.com

"ဒီမှာ မရှိပါဘူး၊ အိမ်ပေါ်မှာပါ၊ ပေးစမ်းပါ၊ ဒါ တစ်ကျပ်နဲ့တော့ ရမှာမဟုတ်ဘူး၊ မှန်မှန်ပြော ဘယ်လောက်ပေးရသလဲ" ဟု ပိုင်စိုးပိုင်နင်းပြော လိုက်သည်ကို သဘောအကျကြီးကျကာ

"ဟီး . . . ဟီး . . . ဟီး" နှင့် သွားဖြီး၍ ရယ်ရာမှ

"ဘယ်လောက် ပေးရ ပေးရ" ဟု ပြောလိုက်ပြီးနောက်

"မှန်းစမ်းပါ၊ မမြမှုလက်နဲ့ဆိုရင် ချောင်များနေမလား" ဟု ပြောလိုက်ကာ လက်လှမ်းလိုက်လေ၏။

"အမယ် ရိုးတယ် ရိုးတယ်နဲ့ သူလည်း လူလည်ကြီးပဲ"

"ဒါလောက်တော့လည်း ဘုန်းကြီးကျောင်း သွားနေရင်တောင် တတ်ပါ တယ်" ဟု ပြောလိုက်ရင်း မမြမှုလက်ကလေးကို ကိုင်ဆွဲကာ ကြိုးကလေးဖြင့် ပတ်ရင်း နှစ်ယောက်သား အကြည်ဆိုက်နေရာမှ မြမှုက

"ဟောတော့ ကြီးကြီးနဲ့ မေမေ နောက်ဖေးခန်း ဝင်သွားကြပြီ၊ မြင်များ သွား ပလားမသိဘူး" ဟု စိုးရိမ်မကင်းသော မျက်နှာဖြင့် ပြောလိုက်လေ၏။

"မြင်ပစေလေ . . . မထူးပါဘူး၊ တော်တော်ကြာရင် သူတို့ကို ဖွင့်ပြော ရမှာပဲ၊ မထူးပါဘူး" ဟု ပြောဆိုကာ မြမှု၏ မေးစေ့ကို လက်ညှိုးဖြင့် ရုတ်တရက်တို့လိုက်ပြီး ကတိုက်ကရိုက် ထွက်ပြေးသွားလေ၏။

* * *

(၁၀)

"ကြီးတော် ကျွန်တော် တစ်ခုပြောစရာရှိလို့" ဟု မောင်နိပ်မှာ မရဲတရဲ သြောင် ရေအိုးပန်းလဲနေသော ဒေါ်အုံးလှအံနီးသို့ကပ်ရင်း ပြောလိုက်လေ၏။

"ပြောမနေပါနဲ့တော့ မောင်ရေ၊ ကျုပ်တို့ သိပြီးပါပြီ"

မောင်နိပ်တွင် အံ့အားသင့်သွားရာမှ

"ဘာ သိတာလဲ ကြီးတော်ရဲ့"

"မင်းနဲ့ ဟို မမြမှုအကြောင်းလေ"

"ဟင် . . ."

"ဟင်မနေနဲ့ ဟိုသူငယ်မကလည်း မင့်လို အစားထဲကပဲ၊ လူကြီးတွေက နေရာချဖို့ပြောရင် စိန်စားသေမလေဘာလေးနဲ့ ခုတော့ ယောကျ်ားမယူချင်ဘာ

mgyoe.com

mgyoe.com


နဲ့၊ မိန်းမ မယူချင်တဲ့ဟာ တွေ့ကြပြီမဟုတ်လား၊ ဒါပေမဲ့ နေရာမကျဘူး ငါ့တူ၊ သူ့မှာလည်း ယူရမယ့်လူနဲ့အဆင်သင့်၊ မင့်မှာလည်း မင်းအမေသွားတာ မင့်ဖို့ကိစ္စအတွက်" ဟု စကားမဆုံးမီ

"ဟာ . . . ဘာဖြစ်မလဲ၊ ဝေးလိုက်တာ၊ သူကလွဲရင် အဝေးကြီး မယုံရင် ကြီးတော်တို့ ကြည့် . . ." ဟု မျက်နှာထိ မျက်နှာထားဖြင့် ပြောလိုက်ရာ ဒေါ်အုံးလှမှာ ဟက်ဟက်ပက်ပက်ရယ်ရာမှ

"အမယ်လေးဟဲ့ . . . ငါ့တူ၊ မင်း မိန်းမ ဒီတစ်သက်မှာ မယူဘူးဆို"

"ဒါကတော့ ဒီလိုကိုး ကြီးတော်ရဲ့၊ မမြမူလို မိန်းမဆိုရင်တော့ ယူမှာပေါ့"

"အင်း . . . အင်း . . . တော်လည်း တော်ပါရဲ့၊ ကဲ . . . ကဲ . . . ငါ ရယ်စရာပြောတာ အဟုတ်ထင်မနေနဲ့၊ မင်းတို့ လူငယ်နှစ်ယောက်စလုံး ခေါင်းမာလွန်းလို့ တို့ တမင်အတူတူထားကြတာ၊ ကြားပလား၊ မင်းတို့အချင်းချင်း နေရာကျတဲ့အကြောင်းကို မင်း အမေဆီကိုတောင် စာရေးပြီးပါပြီ၊ တစ်ရက်နှစ်ရက်ကြာရင် ပြန်လာ လိမ့်မယ်၊ အဲသည်တော့မှ ကြည့်ပြီး စီမံကြတာပေါ့" ဟု ပြောလိုက်သဖြင့် မောင်နိုပ်တွင် အံ့သြကာ နားထောင်နေရာမှ

"လတ်စသတ်တော့ ဒါကိုး" ဟု ပြုံးပြုံးကြီးလုပ်ကာ ပြောရင်း အောက်ထပ်သို့ ဆင်းခဲ့လေ၏။

လှေကားထိပ်တွင် ချစ်ချစ်နှင့်တွေ့သဖြင့်

"ကိုကို မမမူက ပြောတယ် . . ."

"တော် . . . တော် . . . ဘာမှလာပြီး ခလောက်ဆန်မနေနဲ့၊ ရော့ . . . မုန့် သွားဝယ်စားချေ၊ ချစ်ချစ်ရဲ့ မမမူ ဘယ်မှာလဲ" ဟု ပြောဆိုကာ လက်ထဲသို့ ဒင်္ဂါးအသစ်တစ်ပြားကို ထည့်လိုက်လေ၏။ နောက်မှ ဝင်လာသော မဏိကပြုံးလျက်

"ခြံထဲမှာ အစ်ကိုကြီး" ဟု ပြောလိုက်သဖြင့် လှည့်၍ကြည့်ရင်း

"မင်းတော့လေ ငါ လခထုတ်ရင် ဆုတော်ငွေ နှစ်ဆယ်၊ မဟုတ်သေးဘူး၊ ဝယ်ချင်တာဝယ် . . . သုံးဆယ် ပေးမယ်" ဟု ပြောလိုက်သဖြင့် မဏိမှာ

"ကိစ္စမရှိပါဘူး အစ်ကိုကြီးရာ" ဟု ဝမ်းသာအားရပြုံးလိုက်ရာ မဏိ၏ ပါးစပ်မှာ ပါဝါကုန်ကျယ်၍သွားသဖြင့်

"ဟော့ကောင် သတိထား၊ သိပ်ပြီးရယ်မနေနဲ့၊ မင့်မျက်နှာ ထက်ခြမ်းပဲ့

mgyoe.com